www.burmeseclassic.com

# ဒိုဟာဆင် ၏

# ထွန်းညှိလေသော လမ်းအိမ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အိုမာဆမ်

## ထွန်းညှိလေသောလမ်းအိမ်


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၆၀၀၆၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၄၀၀၆၀၆

၂၀၀၆ ခုနှစ်၊ ဩဂုတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၀၈၀၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



# အိုမာဆယ်




# ထွန်းညိုလေသော လမီးအိမ်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

ချစ်တာနဲ့ ကြိုက်တာ မတူသလို
အနားမှာ ရှိစေချင်တာနဲ့ လိုချင်တာ
မတူဘူး ဆိုတာ
သိလိုက်ရတဲ့ အချိန်ကျတော့...။

* ✣ *

www.burmeseclassic.com

www.burmeseclassic.com



သူ့ချစ်သူနဲ့ ချိန်းထားတဲ့ အချိန်ထက် နာရီဝက်လောက် စောရောက်နေသဖြင့် ပျင်းရိစွာ ဖြတ်သန်းရမဲ့ အချိန်တွေကို တွေးပြီး စိတ်ပျက်နေစဉ် စိတ်ဝင်စားစရာကောင်းတဲ့ မြင်ကွင်းတစ်ခုဆီ အကြည့်ရောက်သွားသည်။

တမင် ရောက်သွားခြင်းမျိုးလည်း မဟုတ်။

သူ့နဲ့ သူ့ချစ်သူ ထိုင်နေကျ အပြင်ဘက်ကို ရှင်းရှင်းလင်းလင်း မြင်နိုင်တဲ့ တစ်ခုတည်းသော နေရာလေးကို ကြည့်စဉ် တွေ့ရခြင်းဖြစ်သည်။

လူမရှိရင် ထိုနေရာလေးကိုပဲ ရွေးနေကျဖြစ်ပြီး လူရှိနေ၍ တခြားနေရာကိုသာ ရွေးလိုက်ရသည်။





အချိန်ကိုက်ပြီး ထွက်လာခြင်း ဖြစ်သော်လည်း ကြားမှာ ဝင်စရာရှိသည့်ကိစ္စက ပျက်သွား၍ အချိန်စောသွားခြင်း ဖြစ်သည်။

ဒီတော့လည်း ပျင်းပျင်းရှိတာနဲ့ သူ့မြင်ကွင်းထဲ ရောက်နေတာလေးကိုသာ ကြည့်ပြီး အချိန်ဖြုန်းလိုက်သည်။

အမျိုးသမီးတွေက တစ်ယောက်ဘည်း ထိုင်လေ့ထိုင်ထမရှိတာမို့ ဒီမြင်ကွင်းက ထူးဆန်းနေတာလား ...

ဒါမှမဟုတ် ထူးခြားလွန်းစွာ လှုပနေခြင်းကြောင့်လား ...

သေချာတာက ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ တစ်ယောက်တည်း ကော်ဖီသောက်နေခြင်းပင်။

တစ်ယောက်ယောက်ကို စောင့်နေတယ်လို့ ပြောရအောင်လည်း သူမ ပုံစံက စောင့်မျှော်နေတဲ့ပုံစံ မပေါက်။

ကော်ဖီ ငုံ့သောက်လိုက်၊ စားပွဲပေါ် ဖြန့်တင်ထားတဲ့ စာအုပ်တစ်အုပ်ကို ဖတ်လိုက်နဲ့ အင်း ... ကြည့်လို့တော့ ဆော်တော်ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



နဖူးရှင်းရှင်းနဲ့ ဆံထုံးလှလှလေး ထုံးထားပေမဲ့ ရိုးစင်းသိမ်မွေ့နေတဲ့ပုံ မပေါ်၊ ထက်မြက်ခေတ်မီနေတဲ့ပုံ ပေါ်နေသည်။

သူ့ချစ်သူကို နှုတ်ခမ်းနီအရောင် အရွေးတော်သူ အဖြစ် အမြီးရှိုးကျူးရလောက်အောင် လိုက်ဖက်သော နှုတ်ခမ်းနီ ရွေးတတ်သော အရည်အချင်းမျိုး ထိုအမျိုးသမီးမှာလည်း ရှိနေသည်ထင်။

အသားဖြူဖြူမှာ နီညိုရင့်ရောင် နှုတ်ခမ်းနီက ရူးရဲထင်လင်းစွာ။

အင်း … သူ့ချစ်သူနဲ့ဆိုရင်တော့ ဒီနှုတ်ခမ်းနီရောင်မျိုးနဲ့ပဲ လိုက်တာ၊ သူ့ချစ်သူက ချစ်စရာကောင်းသော ရိုးရိုးစင်းစင်း အလှမျိုးသာ ရှိသူဖြစ်သည်။

ပြီးတော့ ထိုအမျိုးသမီး ဝတ်ထားတာကြည့်ဦး …

ပါတိတ်ထင်တာပဲ … အဆင် ခပ်ရှုပ်ရှုပ်နဲ့ နီညိုရောင်များတဲ့ အရောင်စပ်အဆင်ကို အထက်အောက် ဝမ်းဆက် ချုပ်ဝတ်ထားသည်။





ပုံစံ သိပ်ဆန်းဆန်းကြီး မဟုတ်သလို သိပ်ရိုးရိုးကြီးလည်းမဟုတ်၊ ဒါပေမဲ့ ကိုယ်ခန္ဓာ အချိုးအစားကို တိတိပပနဲ့ ပေါ်လွင်သောပုံစံမျိုးဖြစ်သည်။

သူ ကြည့်နေစဉ် ထိုအမျိုးသမီးက ဖျတ်ခနဲ လှမ်းကြည့်လိုက်၍ ကမန်းကတန်း အကြည့်လွှဲလိုက်ရသည်။

ဒါပေမဲ့ သိနေပါတယ်ဆိုတဲ့ လျှောင်ပြုံးက တစ်ခဏလေးမှာပင် ဖြတ်ပြေးသွားကြောင်း တွေ့လိုက်ရသည်။

နာရီကြည့်လိုက်စဉ် ဆယ်မိနစ်လောက်သာ လိုတော့တာမို့ အမြဲတမ်း စောစောရောက်နေကျ သူ့ချစ်သူလာတော့မယ်ဆိုတာ သိလိုက်သည်။

ဒါဆို သူ့ချစ်သူ ကြိုက်တဲ့ ပီဇာနဲ့ ကော်ဖီတစ်ခွက်ကို ကြိုမှာထားလိုက်တော့မည်။

သူ့ချစ်သူက ကော်ဖီကို အေးစက်နေမှ သောက်တတ်သူဖြစ်ပြီး Ice Coffee ကိုကျတော့ လုံးဝ ကြိုက်သူ မဟုတ်ပေ။

သူ ကော်ဖီမှာနေစဉ် ထိုအမျိုးသမီး ထပြန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နေရာလေး လွတ်သွား၍ နေရာရွှေ့ထိုင်လိုက်ရှိုင် ...

ခုံပေါ်မှာ ကျန်ခဲ့ဟန်တူသော ပစ္စည်းတစ်ခု လက်သည်းညှပ်သေးသေးလေးဖြစ်ပြီး ပိုက်ဆံအိတ်ထဲက လျှောထွက်ခဲ့ဟန်တူသည်။

ဟော ... ဟိုမှာ အိပ်မက် လာနေပြီပဲ။

သူ ထိုင်ရာ နေရာလေးဆီသို့ နူးညံ့ချိုသာတဲ့ အပြုံးနဲ့ လျှောက်လာနေတဲ့ သူ့ချစ်သူ ...

လက်သည်းညှပ်လေးကို ဘောင်းဘီဘေးအိတ်ထဲ ထည့်ထားလိုက်သည်။

* ✢ *



"မောင် ... ရောက်နေတာ ကြာပြီလား"

အိပ်မက်က သူ့ကို တွေ့သည်နှင့် အားနာသော အပြုံးနဲ့ မေးရှာသည်။

ဒီကလေးမက ကြံဖန်အားနာတတ်သူလေးဖြစ်ပြီး သူကလည်း ထိုအားနာမှုလေးအပေါ် ချစ်စနိုးနဲ့ အနိုင်ယူတတ်သူဖြစ်သည်။

"ကြာပြီပေါ့၊ နာရီဝက်တောင် ရှိနေပြီ၊ အိပ်မက်က ကြာလိုက်တာ"

"ဆောရီး မောင်ရယ်၊ မေမေပေါ့ ထွက်လာခါနီးမှ တစ်ခုပြီးတစ်ခု ခိုင်းနေတာနဲ့"

www.burmeseclassic.com

www.burmeseclassic.com



နောက်ကျေပါဘဲနဲ့ တောင်းပန်ဖို့ ကြိုးစားနေတဲ့ ချစ်သူလေးကို ကြာကြာအနိုင်မယူရက်၊ ဒါပေမဲ့ ဆက်နောက်ချင်နေသေးတာမို့ ...

"ရပါတယ်၊ စောင့်လို့ စောင့်နေရမှန်းတောင် မသိပါဘူး၊ ဘိပ်လှတဲ့ အမျိုးသမီးတစ်ယောက်ကို ကြည့်နေမိတာနဲ့"

သူ့လက်ခုံပေါ် ဆိတ်ဆွဲဖို့ ကြိုးစားတော့မှာမို့ လက်နှစ်ဖက်ကို နောက်မှ ဖွက်ထားရင်း စလိုက်သည်။

"မောင်နော် ... အဲဒီနောက်ကို လိုက်မသွားဘဲ ဘာဖြစ်လို့ စောင့်နေသေးလဲ"

ငိုမလိုမျက်နှာနဲ့ မကျေမနပ် ပြောနေသည်။

"လိုက်သွားမလို့ပဲ၊ လိုက်မလို့လုပ်နေတုန်း အိပ်မက် ရောက်လာတာနဲ့"

ဒီတစ်ခါတော့ အိပ်မက်က သူ့လက်ကို မရှာတော့၊ ခုံအောက်ကနေပြီး သူ့ဗိုက်ကို လိမ်ဆွဲလိုက်လေသည်။ လိမ်ထားရင်းနှင့်ပင် ...

"ပြောဦးလေ၊ လိုက်ချင်သေးလား"

မနာပါဘဲနဲ့ နာချင်ဟန် ရှုံ့မဲ့နေလိုက်ပြီး ...





"အား ... လိုက်ခိုင်းရင်း လိုက်မှာပေါ့"

မလျှော့သေးဘဲ ဆက်ပြောလိုက်စဉ် အိပ်မက် မျက်နှာထားက သိသိသာသာ ညိုလာတာမို့ ...

"လိုက်ပါ့မလားကွာ၊ မောင့်မှာ ဒီလောက် ချစ်စရာကောင်းတဲ့ ချစ်သူ ရှိနေတာကိုး"

ဗိုက်မှာ လိမ်ဆွဲထားတဲ့ လက်လေး ပြေလျော့သွားသည်။

"မောင်က အိပ်မက်အတွက် ကော်ဖီတောင် ကြိုမှာထားပေးတယ်၊ အိပ်မက်အကြိုက် အေးအေးလေး သောက်ရအောင်"

"ကျေးဇူးပဲ မောင်"

အဲဒီလို အိပ်မက်က စိတ်ကောက်လွယ် စိတ်ပြေလွယ် ချစ်သူလေးဖြစ်သည်။

ပြီးတော့ သူ့အပေါ်မှာ မာနမကျန်အောင် အလျှော့ပေးတတ်လွန်းသူဖြစ်၍ သူ ဆိုးသမျှကို သည်းခံခွင့်လွှတ်တတ်သူလည်းဖြစ်ရာ ...



www.burmeseclassic.com

www.burmeseclassic.com



ထဲ _ ဒီလို ချစ်သူမျိုးကို သူ ဘယ်မှာ သွားရှာ ရှိရှာပါလဲ _

ဘာပဲဖြစ်ဖြစ် သူ တကယ်နောက်နေတာပဲလို့ အိပ်မက်က ယုံသွားခဲ့လေသည်။

* ✣ *





အိပ်မက် လက်ဆောင်ရလာသည့် Stage Show လက်မှတ်နှစ်စောင်က ရှေ့ဆုံးတန်းမှာ ဖြစ်နေ၍ ကြည့်ရတာ မလွတ်လပ်။

သူ့သဘောအတိုင်းဆိုလျှင် StageShowကို နောက်ဘက်ကျကျ နေရာမှာ ကြည့်ပြီး လိုက်အော် လိုက်က,လိုက်ချင်သည်။

ဒါပေမဲ့ အိပ်မက်က ဒါမျိုးကို ရှက်သည်ဝဲ့။

အဲဒါ ကလေးတွေ လုပ်တာတဲ့ ...

အသက်အစိတ်အရွယ်ကို လေးဆယ်အရွယ်လောက် စိတ်မျိုး မွေးထား၍ တစ်ခါတစ်လေ သူ စိတ်ညစ်သည်။

အခု ရှေ့ဆုံးတန်းဆိုတော့ ပိုဆိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ ... အဘွားကြီး ပေါက်စလေးနဲ့ လာကြည့်ရတာကိုး။

သူ သိပ်အားရသည့် အဆိုတော် အလှည့်မျိုးတွင် အားရပါးရ လက်ခြောက်၍ လက်ခုပ်တီး အော်ဟစ်လိုက်စဉ် အိပ်မက်က သူ့ပေါင်ကို ဖိပြီး သတိပေးလေတော့သည်။

ယောက်ျားတန်မဲ့ အိပ်မွက်ဘက် လှည့်၍ နီးပြီး မျက်စောင်းထိုးလိုက်သည်။

စိတ်ပျက်ပျက်နဲ့ အောင့်အည်းငြိမ်သက်ပြီး ကြည့်နေစဉ် စင်ပေါ်သို့ တက်၍ အဆိုတော်ကို ပဝါစည်းပေးနေသော အမျိုးသမီးတစ်ယောက်ကို သေသေချာချာ ကြည့်လိုက်မိသည်။


နဖူးရှင်းရှင်းနဲ့ နှုတ်ခမ်းနီရောင်ကို ကောင်းစွာ မှတ်မိနေသလို အချိုးအဆစ်ကျကျနဲ့ ပေါ်လွင်နေသည့် သူမအလှကြောင့် ပိုသေချာသွားသည်။

ကော်ဖီဆိုင်မှာ တွေ့ခဲ့သော အမျိုးသမီး ...

တည်တည်ငြိမ်ငြိမ်နှင့်ပင် စင်ပေါ်က ပြန်ဆင်းလာသည်။ အောက်က အော်ဟစ်သံတွေကို မကြားသည့်အလား ...

"လှတယ်နော်"






www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ဆီက ချိုးမွှမ်းသံ ကြားလိုက်စဉ် ယောင်ယမ်း ဦး သူ ခေါင်းညိတ်လိုက်သည်။

"တော်တော်လည်း ရဲတယ်နော်"

အိပ်မက်ဆီက ကောက်ချက်ချသံ ကြားရပြန်သည်။

သူမကတော့ အကြည့်အားလုံးကို ဂရုမစိုက်ဘဲ နေရာမှာ ပြန်ထိုင်နေသည်။

သူတို့နဲ့ စားလွှယ်ခုတ် နောက်နားမှာ ထိုင်နေခြင်း ဖြစ်သည်။

မသိမသာ လှည့်ကြည့်စဉ် အကြည့်ချင်း သွားဆုံ မိန်သည်။

သူမ ပြုံးလိုက်လေသလား မသိ။

အိပ်မက် ပြောသလို စူးစူးရဲရဲ ပုံစံမျိုးနဲ့ ကြည့်နေ ခြင်းဖြစ်၍ ရှက်ချင်းလိုလိုပင် သူ့အကြည့်တွေ ပြန်လွှဲလိုက်ရ သည်။

"အိပ်မက် အဲဒီလို တက်မေးရင်ရော"

အိပ်မက်က သူ့နားကပ်ပြီး တိုးတိုးလေး မေးသည်။

"အံမယ် ... လုပ်ရဲလို့လား"



www.burmeseclassic.com

www.burmeseclassic.com



နေရာတကာ တွန့်ဆုတ်ရှက်ရွံ့တတ်သူဖြစ်၍ ပြန်မေးလိုက်စဉ် ...

"အင်းနော် ... မလုပ်ရဲပါဘူး"

အဲဒီလို တွေဝေ တွန့်ဆုတ်တတ်တဲ့ အိပ်မက်ကို တစ်ခါတလေ အားမရပေမဲ့ တစ်ခါတလေ အဲဒါတွေကြောင့် သူချစ်နေတာလည်း ဖြစ်ပေလိမ့်မည်။

* ⁘ *



သူ ကားမောင်းသည့် သက်တမ်း တစ်လျှောက်လုံး တစ်ဖက်ကားမောင်းသမားများနဲ့ သူအော် ကိုယ်အော် အဆင်မပြေတာမျိုး ကြုံတတ်ပေမဲ့ ထိုအထဲမှာ အမျိုးသမီးများမပါ။

အမျိုးသမီးများမောင်းသည့် ကားကို ဘယ်လောက်စိတ်တိုတို သူ မအော်ခဲ့ဖူးသလို သူ ဘယ်လောက်မှားမှား အမျိုးသမီးကားမောင်းသူများကလည်း မအော်ခဲ့ဖူး။

ဒီနေ့တော့ ကွေ့မှာ နည်းနည်းချိန်ဆနေစဉ် နောက်ကားက သူ့ကားကို ကျော်ကွေ့သွားပြီ။

"ကြောက်နေရင် ကားမမောင်းနဲ့"

ဟု အော်သွားလေသည်။ အော်သွားသူက အမျိုးသမီးဖြစ်နေ၍ ပိုခံရခက်သွားပြီး ၊ မှတ်ဉာဏ်အရဆိုလျှင် ထိုအမျိုးသမီးသည် ခပ်ချောချော သူမပင်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ကားကို မိအောင် လိုက်မောင်းပြီး ဘေးချင်းယှဉ်ကြည့်စဉ် ...

သေချာသွားသည်။

သူမမှ သူမ ...

စိတ်ထဲက ဘာလိုလို ဖြစ်လာတာနဲ့ သူမ ကားနောက်မှာ ကပ်မောင်းနေလိုက်သည်။

သူမ ကားက Yankin Centre ထဲ ဝင်သွားစဉ် သူပါ လိုက်ဝင်လိုက်သည်။

သူ့ကား ကပ်ပါလာတာကို သူမ သိပုံမရ။

အင်းလေ ... သိရက်နဲ့ မသိချင်ဟန်ဆောင်တာလည်း ဖြစ်နိုင်တာပဲ။

City Mark ထဲ သူမ ဝင်သွားစဉ် သူပါ လိုက်ဝင်လိုက်သည်။

အတော်ပဲ ... သူ အိပ်မက်အတွက် အိပ်မက် နေကျ ခေါင်းလျှော်ရည် ဝယ်ပေးစရာရှိနေ၍ တစ်ခါတည်း ဝယ်လိုက်သည်။

သူမကတော့ အလှကုန်ကောင်တာတစ်ခုရှေ့မှာ ...





လှတဲ့သူ ဆိုတော့လည်း အလှကြိုက်မှာပေါ့။

ဝယ်စရာရှိတာ ဝယ်ပြီး ဆိုင်ရှေ့က အခွေဆိုင်မှာ အခွေဝယ်ရင်း စောင့်နေလိုက်သည်။

တော်တော်ကြာမှ သူမ ထွက်လာပြီး Feel ထဲကို ဝင်သွားသည်။

သူမ ကော်ဖီသောက်မှယ် ထင်တယ် ...

တစ်ယောက်တည်း ထိုင်တတ်တာကို ကြုံဖူးထားတာမို့ သိပ်မအံ့သြတော့ ...

သူမနဲ့ အနီးဆုံးနေရာမှာ ထိုင်မိရုံရှိသေး ...

"တောက်လျှောက်လိုက်လာပြီးမှ ဘာဖြစ်လို့ ခွဲထိုင်နေတာလဲ"

သူမဆီက လှမ်းပြောလိုက်သံကြောင့် အံ့သြသွားသလို ကြက်သီးပါထသွားသည်။

သူမအသွင်က သူ့ကို အပြစ်ပေးတော့မည့် ပုံစံမျိုး။

သွားမထိုင်ဘဲနေလျှင် ကြောက်သည်ထင်မှာ စိုး၍ သူမနဲ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

သူမက သူ့ကို မထိတထိ ကြည့်နေပြီ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆုံဖူးတယ် ထင်တယ်"

သူမ မှတ်မိသေးဆဲ ...

သူ ခေါင်းညိတ်လိုက်သည်။

"ဆိုစမ်းပါဦး ဘာကိစ္စ လိုက်လာတာလဲ"

အမေးအမြန်းထူသော ဆရာတစ်ယောက်လို သူမ ပုံရုံက အဖြေတစ်ခုခုကို မျှော်လင့်နေသည်။

"ကားမောင်းကြမ်းတဲ့ အမျိုးသမီးကို တွေ့ဖူးချင်ရုံ သက်သက်ပါ"

မှန်မမှန်ထက် ဖြေလို့ကောင်းသည့် အဖြေကိုသာ ရွေးဖြေလိုက်သည်။

"တို့တော့ ဒီလို မထင်ဘူး"

အတော်မလွယ်တဲ့ အမျိုးသမီးဟု စိတ်ထဲမှ ကောက်ချက်ချလိုက်မိသည်။

သူမက အေးအေးဆေးဆေးပင် ကော်ဖီ သောက်နေသည်။ ပြီးမှ ...

"ယူ့ နာမည်"

အင်း ... ရုတ်တရက်ဖြစ်၍ သူ ကြောင်သွားသည်။



"ဩော် ... ယူ့နာမည်ကို မေးတာလား"

သူမက ရယ်ဟဟမို့ ထပ်မေးသည်။

ဒီအမျိုးသမီး ပြုံးလိုက်ရင် တော်တော်လှတာပဲ ...

စွဲမက်ဖွယ်အပြုံးမျိုးထင်ရဲ့ ...

သူ ငေးခနဲ ဖြစ်သွားမိတာတော့ အမှန် ...

"ညိုမင်းသွင်ပါ"

"အိုကေ ... အိုင့်နာမည်ကို သိချင်လား"

ယောင်ယမ်းပြီး ခေါင်းညိတ်လိုက်မိသည်။

မညိတ်ရှင်လည်း အားနာစရာကောင်းသွားမှာပေါ့။

"ကြာနုတ်နွယ်တဲ့"

စိတ်ထဲက ရေရွတ်ခေါ်လိုက်မိသည်။

လူနဲ့ လိုက်ဖက်တဲ့ နာမည်ပဲ ဟုသာ စိတ်ထဲက တွေးလိုက်မိသည်။

"အိုကေ ... အိုင် ခရီးဆက်စရာ ရှိသေးတယ်၊ လိုက်ချင်လိုက် မလိုက်ချင်နေ၊ ယူ့သဘောပဲ၊ အခု ခေါ်ပြောတာက အိုင် သိနေတယ်ဆိုတာ ပြောချင်လို့"

ပြောချင်တာပြော၍ အနိုင်ပိုင်းပြီး ထထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချုကြောင်ကြောင် ကျန်ခဲ့သည့် သူ့အဖြစ်ကို သူ ရှုပ်ထွေးစိတ်ညစ်စွာ အိပ်မက်ကို သွားသတိရလိုက်သည်။

အိပ်မက်သာ သိရင် ...။

* ✣ *



"နောက်တစ်နာရီခွဲလောက် ကြာမှ ပြန်လာကြို" ဆိုတဲ့ အိပ်မက်ရဲ့ စကားအတိုင်း ကြားချိန် တစ်နာရီခွဲကို အချိန်ဖြုန်းဖို့ နေရာရှာရပြန်သည်။

အမျိုးသမီးသီးသန့် ဆံပင်ညှပ်ဆိုင်မှာ အမျိုးသား ဝင်ထိုင်ရခြင်းလောက် ကြောင်တောင်တောင်နိုင်တဲ့ ကိစ္စမျိုး မရှိလောက်။

နောက်အကြိမ်တွေ မလိုက်တော့ရန်ပါ ဆုံးဖြတ်ပြီး ဖြစ်သွားသည်။

အိပ်မက်ကတော့ ဘယ်သွားသွား သူ မပါရင် မသွားတတ်တော့လောက်အောင်ပင် သူ့ကို အနားရှိစေချင်သူ ပင်။

www.burmeseclassic.com

www.burmeseclassic.com



[illegible]လာတယ်လောက်ရှိသည့် ဆံပင်ကို ပုံစံအမျိုးမျိုး [illegible] အိမ်စက် အကျင့်ကို သိထားသူပီပီဖြစ်၍ [illegible] စတားလို။

ဘယ်လို ပုံစံပဲညှပ်ညှပ် အိပ်မက်နဲ့ လိုက်ဖက်လှပနေလို့လည်း မတားမြစ်တာ ဖြစ်ပေလိမ့်မည်။

ကားကို လှည်းတန်းဘက် မောင်းလာမိသည်ဖြစ်၍ လှည်းတန်းမှာ ဆေးဆိုင်ဖွင့်ထားသော သူငယ်ချင်းဆီ ဝင်ရန် စိတ်ကူးလိုက်သည်။

စိတ်ကူးအတိုင်း ကားကို လှည်းတန်းဈေးဘက် အခြမ်းတွင် ရပ်လိုက်ပြီး တစ်ဖက်လမ်းကူးရန် လှည့်အထွက် ...

ပန်း တစ်ပွေ့တစ်ပိုက်နဲ့ သူမကို တွေ့လိုက်သည်။

သူမသာ သူ့ကို မတွေ့လျှင် သူ့ စနှုတ်ဆက်မိလိမ့်မည် မဟုတ်။ သို့သော် သူမက သူ့ကို တွေ့သွားပြီး ...

"ညိုမင်းသွင်"

ဖော်ရွေရင်းနှီးစွာ နှုတ်ဆက်လာတော့လည်း နှုတ်မဆက်ရန် စိတ်ကူးမိသည်ကို ကိုယ့်ဘာသာကိုယ် ရှက်သွားမိသည်။





သူမတင်မက သူမ နောက်မှာလည်း ပန်းတွေ သယ်လာသော ကလေးလေးတစ်ယောက်ကိုပါ တွေ့လိုက်ရသည်။

"ပန်း လာဝယ်တာလား"

ကားသံများ ကြားမှာဖြစ်၍ အသံမြှင့်ပြီး ပြောနေရသည်။

သူမ မျက်လုံးများကလည်း ကားများဆီသို့ အလောတကြီး ကြည့်နေပုံရသဖြင့် ...

"ကားပါလား"

သူမက ခေါင်းခါပြပြီး ...

"ဒီနေ့မှ ဘာမှ အဆင်မပြေဘူး ဖြစ်နေတယ်၊ ပန်းပို့နေကျလူလည်း မလာ၊ ကားကလည်း ပျက်နေတာနဲ့ ကိုယ်တိုင် ကားငှားပြီး ပန်းထွက်ဝယ်နေရတယ်"

သူ ကူညီရတော့မပေါ့။

"ဒါဆို ကျွန်တော် လိုက်ပို့ပေးမယ်လေ၊ ကျွန်တော့် ကားက ဒီနားတင် ရပ်ထားတယ်"

သူမအသွင်က အားနာနာနှင့်ပင် လက်ခံရတော့မည့်ပုံမျိုးဖြစ်နေ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ကျွန်တော် ဝိုင်းသယ်ပေးမယ်"

သူမ လက်ထဲက နှင်းဆီပန်းစည်းကြီးကို ဝိုင်းသယ်ပေးပြီး ကားထဲ ထည့်လိုက်သည်။

"ကျေးဇူးပဲကွာ"

သူမက ကားထဲဝင်ရင်း ပြောသည်။

သူ့ကားလေးလည်း ပန်းကားလေးအဖြစ် သူမ အလိုရှိရာ နေရာလေးဆီသို့ ...။

* ⁜ *





"မပြန်နဲ့ဦး၊ ကော်ဖီ သောက်သွားဦး"

သူမက Flaral Serviceဖွင့်ထားခြင်းဖြစ်ပြီး သူမရဲ့ သီးသန့်ရုံးခန်းလေးထဲမှာ သူ့ကို ကော်ဖီနဲ့ ဧည့်ခံလေသည်။

"ကျေးဇူးပဲ၊ ဒီနေ့ ညနေ ဧည့်ခံပွဲတစ်ခုမှာ ပန်းပြင်ပေးရ ရမှာ၊ မှာထားတဲ့ ပန်းသမားက လာမပို့ဘူးလေ၊ အရေးထဲ ကားကလည်း ပျက်နေတယ်"

သူမက သူ့ကို ရင်းရင်းနှီးနှီး ရှင်းပြနေသည်။

တွေ့နေကျ နပူးအပြောင်သိမ်းတတ်သည့် ဆံပင်က ဒီနေ့တော့ ဘေးခွဲ ကပိုကရို သိမ်းတင်ထားသည့် ပုံစံမျိုးဖြစ်သည်။

စကတ်ဖားဖားရှည်ရှည်နဲ့ စပို့ရှပ်မွမွကို ဝတ်ထားပြီး နုငယ်နေသယောင် ...



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီပူတုန်း သောက်လိုက်ဦး၊ အချိန်မရလို့ ဆိုင်မှာ လိုက်မတိုက်ဖြစ်တာ ခွင့်လွှတ်နော်၊ ဘာပဲဖြစ်ဖြစ် ယူ့ကို တော်တော်ကျေးဇူးတင်တယ်"

တပင်တပန်း မလုပ်ပေးလိုက်ရဘဲ ကျေးဇူးတင်ခံနေရ၍ နေရတောင်ခက်လာသည်။

"ဒါနဲ့ ယူရော လည်းတန်းဈေး ဘာလာလုပ်တာလဲ"

"အင်း ... ဈေးလာဝယ်တာပဲ ဆိုပါတော့"

သူ ဘာဖြစ်လို့ လွယ်လွယ်နဲ့ လိမ်လိုက်ရတာလဲ။

"အိုင့်ကို ပို့ပေးလိုက်ရတော့ ဈေးမဝယ်ဖြစ်လိုက်ဘူးပေါ့"

"ရပါတယ်၊ နောက်မှ ကြုံတဲ့နေ့ ရာဝယ်လည်း ရပါတယ်၊ ကားထဲသုံးတဲ့ Tissues ဘူး ကုန်သွားလို့ ဝင်ဝယ်တာ"

သူက သဘောကျစွာ ပြုံးလိုက်ပြီး ...

"ဒါဆို ဆိုင်မှာ အပိုတွေ ရှိတယ်၊ ယူသွားချည်"

သူမ ပုံစံက သူ့ရဲ့ အစ်မကြီး တစ်ယောက်လို ပိုင်ပိုင်နိုင်နိုင် ရှိလွန်းသည့်ပုံ ပေါက်နေသည်။

သူကရော သူ့စကားတိုင်းကို စကားနားထောင်တတ်သည့် မောင်ငယ်တစ်ယောက်လို နာခံနေမိတာ ဘာကြောင့်လဲ ...။





"ပြန်တော့မယ်"

အိပ်မက်နဲ့ ချိန်းထားတဲ့အချိန် ရောက်တော့မည်ဖြစ်၍ ပြန်ရန် ပြင်လိုက်စဉ် ...

"ရော ... ကျေးဇူးတင်တဲ့ အမှတ်တရပေါ့"

သူမက အဖြူရောင် နှင်းဆီပန်းလေး တစ်ပွင့်ကို လှပသေသပ်စွာ ထုပ်ပိုးပြီး ကမ်းပေးသည်။

ယောကျ်ားလေးနဲ့ ပန်းက တခြားဆီ ဖြစ်နေ၍ ယူရန် တွန့်ဆုတ်နေမိသည်။

"ရတယ် ... ယူပါ၊ ဘယ်သူ့ကိုပေးပေး ရတယ်"

သူမက ရယ်ဟဟနဲ့ မထီတထိ ပြုံးပြီး ကမ်းပေးနေတာမို့ သူ ယူလိုက်သည်။

"ကျေးဇူးပဲ"

ခပ်တိုးတိုးပြောပြီး ဆိုင်ထဲမှ ထွက်လာစဉ် သူ နောက်ကျောမလုံသလို ခံစားလိုက်မိသည်။

သေချာသည်။ သူမ အကြည့်စူးစူးတစ်စုံ သူ့နောက်မှာ ကပ်ပါလာသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ပေးလိုက်သော ပန်းလေးကို အိပ်မက်က တွေ့လိုက်သည်နှင့် စုမင်နှစ်သက်စွာနဲ့ သိမ်းယူလိုက်လေသည်။ ပြီးတော့ ...

"ကျေးဇူးပဲ မောင်" ... တဲ့။

လူ ... ရှူးကြောင်ကြောင် ဖြစ်သွားလိုက်ချင်သည်။

* ✣ *





တစ်ဖက်ခြံမှာ ညနေ Dinner ရှိသဖြင့် နေ့လယ်ခင်းကတည်းက လူစင်လှူထွက်ရှုပ်ရှုပ်နဲ့ ပြင်ဆင်နေကြသည်။

သတို့သမီးက ခုနဲ့ ငယ်သူငယ်ချင်းလည်းဖြစ်၊ ခြံနီးချင်းလည်းဖြစ်၍ သူကတော့ မဖြစ်မနေ သွားရပေလိမ့်မည်။

သူ့အလုပ်က ပုံနှိပ်လုပ်ငန်းဖြစ်၍ မီးပျက်သဖြင့် အလုပ်မဖြစ်။ စာဝန်ခံကို ထားခဲ့လိုက်ပြီး အိမ်ပြန်လာခဲ့ခြင်းဖြစ်ရာ တစ်ဖက်ခြံထဲမှာ ပြင်ဆင်နေတာကို မြင်နေရသည်။

သူ့အခန်းက အပေါ်ထပ်။ တစ်ဖက်ခြံနဲ့ ကပ်ရက်ဖြစ်၍ တစ်ဖက်ခြံကို ရှင်းလင်းစွာ မြင်နေရသည်။

ပျင်းပျင်းလည်းရှိတာမို့ သူ့အခန်း ဝရန်တာမှ ထွက်ပြီး တစ်ဖက်ခြံကို ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းများပေါ်တွင် ခုံများ ခင်းနေသူကခင်း၊ ပန်းအလှတွေ ပြင်ဆင်သူက ပြင်ဆင်နှင့်။

ကာယက်ရှင်တွေ ကိုယ်စား သူပင် မောလာသည်။

ကြည့်ရင်းနှင့် ပန်း Standလေးတွေ လုပ်နေသည်ကို အကြည့်ရောက်သွားသည်။

ပန်းဆင့်လေးတွေက အမျိုးမျိုး ...

တချို့က တစ်ဆင့်တည်း ...

တချို့က နှစ်ဆင့်၊ သုံးဆင့်။

ဘာပန်းတွေလဲတော့ မသိ။ အဖြူရောင်ပန်းများ ဖြစ်သည်ကိုသာ မြင်နေရသည်။

ကြည့်ရင်း ... ကြည့်ရင်းနဲ့ ပန်းအပြာနုရောင်တွေ ကြားက ပန်းအလှပြင်နေသူထံ အကြည့် ဆက်ရောက်သွားသည်။

ဘောင်းဘီရှည် အနက်ရောင်နှင့် အနက်ရောင် Bodyfit အင်္ကျီ လက်ပြတ်ကို ဝတ်ထားသော အမျိုးသမီးတစ်ယောက်။

ခေါင်းငုံ့ ကိုယ်ကိုင်းပြီး ပန်းပြင်နေ၍ မျက်နှာကို ရှင်းလင်းစွာ မမြင်ရ။





ခေါင်းပေါ်က ဆံညှပ်ခပ်ကြီးကြီးကိုသာ မြင်နေရသည်။

မြင်နေရသလောက်ကပင် အတော်ကြည့်ကောင်းသည်ဟု တွေးနေစိုက် ...

ခေါင်းကလေးက ဆတ်ခနဲ မော့သွားသည်။

လည်တိုင်ညောင်း၍ ငုံ့ချိုးနေပုံလေး ...

ဒီနဖူး ရှင်းရှင်းပြေပြေနဲ့ ဖူးဖူးလေးက ...

ကြာနတ်နွယ် ...

နှုတ်မှပင် အံ့သြစွာ အသံထွက်နေရှတ်လိုက်မိသည်။

သူမကတော့ လည်တိုင်လေးကို ငုံ့ချိုးပြီး အလုပ်ဆက်လုပ်နေသည်။

အင်း ... အမျိုးသမီးတစ်ယောက်ကို ဒီလို ပြောင်ပြောင် ငေးကြည့်ခွင့်ရတာ ဘယ်လောက်ကောင်းလိုက်သလဲ။

ဘယ်လောက်ကြာကြာ ရပ်ကြည့်နေမိသည်မသိ။

သူမ Hand Phoneလေး အသံမြည်လာပြီး ဖုန်းပြောနေချိန် သူမအကြည့်က မရည်ရွယ်ဘဲ သူရှိရာ ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်စေးလွန်းတဲ့ အကျွာအစေး မဟုတ်တာမို့ [illegible]ကိုလည်း သူမ မြင်သွားပြီး မှတ်မိစွာ ပြုံးသည်။

သူ ပြန်ပြုံးပြပြီး လက်မြှောက်နှုတ်ဆက်လိုက်သည်[illegible]

ထိုစဉ် သူမက ဖုန်းထောင်ပြပြီး လက်နဲ့ နံပါ[illegible]တွေ ထောင်ပြနေသည်။

သူမကို ဖုန်းခေါ်ခိုင်းတာပဲ ဖြစ်ပေလိမ့်မည်။

သူ့ဖုန်းခလုတ်တွေပေါ်မှာ သူမ ထောင်ပြ[illegible]အရေအတွက် ဂဏန်းလေးများကို လိုက်နှိပ်နေမိသည်။

"ဟဲလို ... ညိုမင်းသွင်"

သူမ ဖုန်းဆီ ခေါ်လိုက်သည်နှင့် သူမက သွက်လ[illegible]စွာ ပြန်ဖြေသည်။

"ကြာနတ်နွယ်ကို တွေ့လို့ အံ့သြပြီး ကြည့်နေတာ"

သူမဆီက ရယ်သံလွင်လွင် ကြားနေရပြီ။

"အိုင်လည်း ယူ့ကို တွေ့ပြီး အံ့သြနေတာ၊ စိတ်ကူးရ[illegible]နဲ့ ဖုန်းခေါ်ခိုင်းလိုက်တာ"

သူမက သူ ရှိရာကို မော့ကြည့်ပြီး ပြောနေခြင်း[illegible]သည်။



"ပန်းတွေ ပြင်ပေးတာ ပြီးပြီလား"

သူမက ပန်းဆင့်လေးများကို လက်ဖြင့် ပေ့ပုက်ပြ ပြောနေခြင်းဖြစ်သည်။

"တစ်ခုပဲ ကျန်တော့တယ်၊ အတော်ပဲ အိုင် ပင်ပန်းလို့ ကော်ဖီသွားသောက်မလားလို့၊ ယူ လိုက်ခဲ့ပါလား"

ငြင်းလိုက်ရင် အားနာစရာကောင်းသလို၊ သူ ကိုယ်[illegible]လည်း သွားချင်သဖြင့် ...

"သွားလေ ... နောက် ဘယ်လောက်ကြာမလဲ"

သူမက နာရီ ငုံ့ကြည့်ပြီး ...

"အများဆုံး လေးဆယ့်ငါးမိနစ်ပဲ"

"အိုကေ ... နောက်လေးဆယ့်ငါးမိနစ်ကြာရင် အိုင် လာခေါ်မယ်"

သူပါ ရောယောင်ပြီး သူမလို လိုက်ပြောစဉ် [illegible]နှံသုံး၍ကောင်းသော ကြားခံနာမ်စားလေးဖြစ်ကြောင်း တွေ့[illegible]ည်။

"ဒါဆို အိုင် အလုပ်ပြန်စလိုက်တော့မယ်"

သူမ ဖုန်းချပြီး သူ့ကို လက်ပြနှုတ်ဆက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လှမ်းသွားပြီမို့ သူ ဆက်ရပ်နေ၍လည်း မဖြစ်တော့

အခန်းထဲ ပြန်ဝင်လိုက်ရတော့သည်။

ရေချိုးရန် အဝတ်ချွတ်လိုက်စဉ် စားပွဲက အိပ်မက်

ဓာတ်ပုံလေးကို လိပ်ပြာမလုံစွာ မြင်လိုက်ရသည်။

မောင် ရိုးသားပါတယ် အိပ်မက်ရယ် ...

စိတ်ထဲက တောင်းပန်လိုက်ပေမဲ့ သိပ်အားမပါလှ

သူ မှားနေသလား ...။

* ✣ *



သူမ မျက်နှာပေါ်မှာ ဘာမှခြယ်သထားခြင်း မရှိဘဲ

ချွေးဖြင့် စိုလက်နေသည်ကို မြင်နေရသည်။

ပြောင်ရှင်း နုဖတ်နေသော မျက်နှာကို သတိထား

ကြည့်မိရင်း စိတ်ထဲက ...

"တော်တော် ကုသိုလ်ကောင်းတဲ့ အမျိုးသမီးပဲ"ဟု

ကောက်ချက်ချလိုက်မိသည်။

အိပ်မက်လည်း ဒီလို မျက်နှာနုဖတ်ဖတ်လေးပင်။

ဒါပေမဲ့ နှာခေါင်းထိပ်မှာ မှဲ့ခြောက်စက်လေးတွေ

ရှိနေ၍ မိတ်ကပ်မပါဘဲ အပြင်မထွက်။

မိတ်ကပ်မလိမ်းထားသည့် အိမ်နေရင်းပုံစံကို သူ

အိမ်သွားလည်ရင် တွေ့တိုင်း အိပ်မက်ကို ကမန်းကတန်း သနပ်

ခါးလူး၍ ဖုံးထားလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်လည်း တတ်နိုင်တဲ့ အိပ်မက်။

အတွေးထဲ စီးမျောရင်း ပြုံးလိုက်မိတာမို့ ...

"ဘာတွေးပြီး ပြုံးနေတာလဲ"

သူမက သူ့ကို ပြုံးစစနဲ့ကြည့်ပြီး မေးနေသည်။

"ဘာရယ် မဟုတ်ပါဘူး၊ ရယ်စရာ တွေးမိလို့ပါ"

သူမက သူ့ရှေ့ရှိ ကော်ဖီခွက်ကို ဆွဲယူပြီး သေသေသပ်သပ် ကော်ဖီဖျော်ပေးနေသည်။

Cream နဲ့ သကြားကို နည်းနည်းသာထည့်ပြီး နို့ကရားလေးထဲက နွားနို့နဲ့ ကော်ဖီနှစ်ကို အချိုးကျကျ ထည့်ပေးနေသည်။

အားလုံးပြီးတော့မှ ...

"သောက်ကြည့်ပါဦး၊ ဘာလိုလဲလို့"

ဒီဆိုင်ကို သူ မရောက်ဖူး။

သူကတော့ အကြိမ်ကြိမ် ရောက်ဖူးသည်ထင်၊ ဆိုင်လေးအပေါ် ရင်းနှီးနွေးထွေးလွန်းနေသည်။

သူမ ဖျော်ပေးသော ကော်ဖီကို တစ်ငုံယူသောက်လိုက်စဉ် ...





လျှာပေါ်က ခါးစိမ့်စိမ့် အရသာလေးက လည်ချောင်းတစ်လျှောက် နွေးထွေးရှတစွာ ကူးစက်သွားသည်။

ထူးကဲတဲ့ အရသာနဲ့ အနံ့က ကော်ဖီ မကြိုက်သော သူ့ကိုပင် ဖြားယောင်းသွားနိုင်သည်။

"သောက်ဖူးသမျှထဲမှာ အကောင်းဆုံးပဲ"

သူမက သဘောကျစွာ ပခုံးလေးတွန့်ပြီး ရယ်နေသည်။

ပြီးတော့ သူ့ကိုဖျော်ပေးတဲ့ ပုံစံအတိုင်း သူမအတွက် တပ်ဖျော်နေသည်။

"အိုင် ဒီဆိုင်မှာ ခဏခဏလာသောက်တတ်တယ်၊ တစ်ခါတလေ သိပ်ကော်ဖီငတ်နေတဲ့ အချိန်ကျရင် အနီးဆုံးဆိုင်ကို ရွေးဖြစ်လိုက်တာမျိုးဆို ဒီဆိုင်ကို မလာဖြစ်တော့ဘူး"

သူမက ကော်ဖီခွက်လေးကို အသံမမြည်အောင် ရှင်း ပြောသည်။

"ကျွန်တော် ကြာနတ်နှယ်ကို အရင်ဆုံး တွေ့ဖူးတာ ကော်ဖီဆိုင် တစ်ဆိုင်မှာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



သူမက မျက်ခုံးလေးပင့်ရင်း မှတ်မိနေတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ခေါင်းညိတ်သည်။

"အဲဒီတုန်းက ကြာနက်နွယ်ကို ပြန်ပေးရမဲ့ ပစ္စည်းလေး တစ်ခု ကျွန်တော့်မှာ ရှိတယ်"

သူမက မျက်မှောင်တွန့်ကုပ်ပြီး စဉ်းစားနေသည်။

"ဒီမှာလေ ..."

သူ ယူလာခဲ့သော လက်သည်းညှပ်လေးကို သူမ ရှေ့မှာ ချပြလိုက်စဉ် ...

"အိုး ... ကြည့်စမ်း၊ ယူ သိပ်တော်တာပဲ၊ အဲဒါလေးက နိုင်ငံခြားရောက်နေတဲ့ သူငယ်ချင်းတစ်ယောက် ပေးထားတာ၊ ကြာလှပြီ၊ ပျောက်သွားပြီထင်လို့ ကိုယ်ကိုယ့်ကိုယ် ဒေါသထွက်နေတာ"

သူမက ဝမ်းသာလှိုက်လှဲစွာ လက်သည်းညှပ်လေးကို အလောတကြီး ကောက်ယူရင်း ပြောသည်။

ပျောက်ဆုံးနေသော သူတစ်ယောက်ကို တွေ့လိုက်ရသလို သူမ လက်သည်းညှပ်လေးကို အပြန်ပြန် အလှန်လှန် ကိုင်ကြည့်နေသည်။





သူ သိမ်းထားရကျိုး နပ်သွားသည်။

"လက်သည်းညှပ်ပဲ ပြန်ဝယ်လို့တော့ ရတာပေါ့၊ ဒါပေမဲ့ မူရင်းအဓိပ္ပာယ်လေး ဘယ်ရှိတော့မလဲ"

သူမက ဆက်ပြီး ရှင်းပြနေပြန်သည်။

"ကျေးဇူးသိပ်တင်တယ်ကွာ"

"ရပါတယ်၊ ဒီနေ့ ကျွန်တော့်ကို တိုက်တဲ့ ကော်ဖီအတွက်လို့ သဘောထားလိုက်ပေါ့"

သူမက သဘောကျစွာ ရယ်ပြီး ...

"အိုင် ထင်သား၊ ယူ့ကို စသတိထားမိလိုက်ကတည်းက သိပ်ခင်စရာကောင်းတဲ့သူလို့"

သူမ ဝေဖန်ချက်က တော်တော် သဘောကျစရာ ကောင်းနေပြန်သည်။

စက်သည်။ သူမ အပြောထဲမှာလည်း မှားယွင်းမှု မပါ။ သူ့အပြောထဲမှာလည်း ဖောက်ပြန်မှုမပါ။

ဒါပေမဲ့ တစ်ခုခု မှားနေသလို ခံစားနေရသည်။

❋ ✣ ❋



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက် နေမကောင်းဘူး ဆိုတဲ့ အသံကြားသည်နှင့် အိပ်မက်ဆီ သူ အပြေးရောက်သွားသည်။

အိပ်မက်အိမ် ရောက်သွားတော့ အိပ်မက်က ထမင်းစား စားပွဲမှာ ထိုင်လျက်။

"ညက ဖုန်းဆက်တော့ နေမကောင်းဘူးဆို"

စိုးရိမ်စွာ မေးလိုက်စဉ် အိပ်မက်က မျက်နှာလေးကို ရှုံ့မဲ့ပြပြီး ...

"ဟုတ်တယ်၊ ညက အစာအိမ် ပြန်ဖြစ်ပြီး ဗိုက်အောင့်နေလို့၊ အခု သက်သာသွားပြီလေ"

အိပ်မက် အမေက သူတို့အနား ရောက်လာပြီး ...



"ဟုတ်တယ် သားရေ၊ ညက အောင့်တာ လူးလိမ့်မနေတာပဲ၊ ဆေးသောက်ပြီးမှ သက်သာသွားတာ၊ အဲဒါ ဒီမနက် နွားနို့ထမင်းလေးပဲ သောက်ဆိုတာကို ဂျီကျနေတယ်"

အိပ်မက်က နှာခေါင်းလေးကို ရှုံ့တွန့်ထားပြီး ...

"အိပ်မက်မှ မကြိုက်တာ၊ မုန့်ဟင်းခါးပဲ စားချင်တယ်"

သူ့ချစ်သူက အသက်ကသာ အစိတ်ရှိပေမဲ့ ကလေးဆန်ရတာကို အလွန်ဝါသနာပါသူဖြစ်ရာ အိပ်မက်နဲ့ ပတ်သက်သမျှတိုင်း အိပ်မက်ဒဏ်ကို စိတ်ရှည်လက်ရှည် သည်းခံပေးရသည်။

"အိပ်မက် မောင့်စကား နားထောင်ကွာ၊ မောင် ညက ကောင်းကောင်းအိပ်ပျော်တာ မဟုတ်ဘူး၊ ညဘက်ကြီး လာရင် မကောင်းလို့၊ နောက် ... မောင့်ကို စိတ်မပူစေချင်ရင် အခု မတည့်သေးတာ မစားနဲ့နော်၊ လာ ... မောင်နဲ့အတူတူ စားရအောင်"

အိပ်မက် အမေကို မျက်လုံးမှိတ်ပြပြီး နွားနို့ထမင်းပန်းကန်ကို အိပ်မက်ရှေ့ ချပေးလိုက်သည်။

မျက်တွင်းလေး ချောင်ကျနေသော အိပ်မက် ပုံက ယန်ဒါဝက်ဝံလေးနှယ်။

www.burmeseclassic.com

www.burmeseclassic.com



ချုပ်စနီး ခေါင်းပုတ်ပြီး မျက်စပစ်၍ သောက်နိုင်းလိုက်စဉ် အိပ်မက်က နှမ်းနှမ်းလျလျပြုံးပြီး သောက်ရှာသည်။

"သားရော ... မနက်စာ စားခဲ့ပြီးပြီလား"

အိပ်မက်အမေက ချက်ပြုတ်နေရင်း လှမ်းမေးသည်။

"မုန့်တော့ စားပြီးပြီ၊ ကော်ဖီရရင် သောက်ချင်တယ် အန်တီ"

အိပ်မက်က သူ့ကို ခေါင်းညိတ်ပြပြီး အသင့်ဖျော်ထားဟန်တူသော ဓာတ်ဘူးထဲမှ ကော်ဖီကို ငှဲ့ထည့်ပေးသည်။

နွားနို့ များ၍လား မသိ။

ကော်ဖီက အစိမ့်ဘက် ကဲနေသည်။

ဖျော်ခနဲ ကော်ဖီခါးစိမ့်စိမ့် တစ်ခွက်ကို သတိရလိုက်စဉ် သူ့ခေါင်းကိုခါပြီး ထိုအတွေးကို မောင်းထုတ်လိုက်သည်။

သူ့ရှေ့မှာ ပန်ဒါမလေး ရှိနေသည်လေ။

* ✣ *





ဗိုက်ပေါ်ရှိ ဖုန်းမြည်လာသဖြင့် ပေါ်နေသော ဖုန်းနံပါတ်ကို ကြည့်လိုက်စဉ် သူမ ဖြစ်နေသည်။

ကိုင်သင့် မကိုင်သင့် စဉ်းစားရင်းနှင့်ပင် ကိုင်မိသွားသည်။

"ဟဲလို"

"ဟိတ် ... ညီမင်းသွင်၊ ယူထိုင်နေတာ ကြာလှပြီပေမဲ့ ပျင်းစရာ မကောင်းဘူးလား"

သူ့အလုပ်တိုက်မှာ ထိုင်နေတာ ကြာပြီဖြစ်ပေမဲ့ ပျင်းစရာ မကောင်း။

"ထိုင်ရမှာက ကျွန်တော့် အလုပ်ကိုး"

သူမက သူ့ကို ခပ်ရွှင်ရွှင်လေး မေးနေသည်။

www.burmeseclassic.com



သူထိုင်နေတဲ့ နေရာကို လှမ်းမြင်နိုင်သည့် နေရာ
များကို လိုက်ခန့်မှန်းကြည့်လိုက်စဉ် အဖြစ်နိုင်ဆုံးက နေရာနှစ်
သာ ရှိနေသည်။

တစ်ခုက မျက်နှာချင်းဆိုင် တိုက်ခန်းတစ်ခုခုဆီ
ဖြစ်နိုင်ပြီး တစ်ခုက ရပ်ထားသော ကားတစ်စီးစီးဆီမှ ...

"ကော်ဖီဆိုင် တစ်ခုခုမှာ မဟုတ်တာတော့ သေချာတယ်"

သူမဆီက လွတ်လပ်ပေါ့ပါးသော ရယ်သံလွင်လွင်
ကို ကြားနေရသည်။

"ခုမှ ကော်ဖီသောက်ဖို့ စီစဉ်တုန်း"

ဒါဆို သူမ တိုက်ခန်းထဲမှာပဲ ရှိနိုင်သည်။

"အင်း ... ကျွန်တော့်ရှေ့က တိုက်ခန်းထဲမှာ ထင်တယ်"

"မဆိုးဘူးပဲ၊ ယူ့အမှန်းတော်တယ်၊ ဟုတ်တယ်၊ သူ
ချင်းတစ်ယောက်ရဲ့ အခန်းမှာ ရောက်နေတယ်၊ သူ
အိုင့် အကြိုက်ကို သိတယ်လေ၊ အခု ကော်ဖီဖျော်နေ
ရဲ့"

တိုက်ခန်းများရှိရာသို့ ကြည့်နေစဉ် တတိယမြော
အထပ်ရှိ စရန်တာတွင် သူမ ထွက်လာသည်ကို တွေ့လိုက်ရသည်





သူမကတော့ ဖုန်းပြောရက်နဲ့ သူ့ကို လက်လှမ်း
[...]သည်။

"ယူ အဲဒီမှာ ဘယ်အချိန်ထိ ထိုင်နေမှာလဲ"

"အင်း ... မီးမပျက်ရင် ညနေစောင်းအထိ၊ မီးပျက်ရင်
တော့ စောစောပြန်တယ်လေ"

"ဟာ ... ဒါဆို ဒီနေ့ မီးလာနေတော့ အိုင် ကံဆိုးတာ
ပေါ့"

သူမက ပွင့်လင်းလွန်းစွာ စကားလမ်း ခင်းနေ
[...]သည်။

သူမခင်းတဲ့ လမ်းပေါ် အသင့်လျှောက်နိုင်သော်
[...]း ...

"ကျွန်တော်ကတော့ ကံကောင်းသွားတာပေါ့"

မတိုင်ပင်ဘဲ နှစ်ယောက်သား လွတ်လပ်ပေါ့ပါးစွာ
[...]လိုက်ကြသည်။

သူမကို သူ အားနာမှုမရှိဘဲ ရဲတင်းပွင့်လင်းနေတာ
[...]န်းသလို ဖြစ်နေပေမဲ့ အဲဒီအတွက် သူ တွန့်ဆုတ်ခြင်း မရှိ
[...] ပိုပြီး အံ့သြစရာ ကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုကော ... အိုင် အလုပ်ကိစ္စရှိသေးလို့ ပြန်လိုက်ဦးမယ်

ပျင်းရင် ဖုန်းဆက်လိုက်လေ"

အင်း ... သူက သုံ့မရဲ့ အပျင်းဖော်လေလား မသိ

သူ့ကို ပျင်းရိချိန်မရအောင်ပင် အိပ်မက်က တွယ်

ကပ်နေတာ သူမသာ သိရင် ... ...။

* ❖ *





သချာမှ သချာရဲ့လားလို့ အထပ်ထပ် သူ့မျက်လုံး

ကို သူမှတ်ကြည့်မိသည်။

ဝေသချာသည်။ သူမမှ သူမအစစ်။

အနက်ပေါ်မှာ အနီရဲရဲ အချိတ်ဆင် ဖောက်ထားတဲ့

လုံချည်နှင့် အနက်ရောင် အသားပါပါး မြန်မာအင်္ကျီ ရင်ဖုံးကို

သသပ်လှပစွာ ဝတ်ထားသည်။

ဆံထုံးမြင့်မြင့်လေးကို ကြော့ရှင်းစွာ ထုံးထားပြီး

ဆံထုံးပေါ်မှာ ဆံထိုးလှလှလေးတစ်ခု။

သူတင်မက လူအားလုံးက ငေးကြည့်ရလောက်

အောင် သူမ အသွင်ကရု ကင်ပေါ်လှပလွန်းနေသည်။

သူမဘေးမှာ နိုင်ငံခြားသားစုံတွဲနှစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကို ရင်းနှီးနွေးထွေးစွာ စကားပြောနေကြခြင်းဝင်။

ဗို၍ အံ့သြရသည်က. သူမ သွက်လက်စွာ ပြောနေခြင်းသည် မြန်မာစကား မဟုတ်။ ဂျာမန်လား၊ ပြင်သစ်လား၊ အင်္ဂလိပ်စကား မဟုတ်တာတော့သေချာသည်။

တစ်ခါတလေ လည်ချောင်းသံလေးနဲ့ ပြောနေပုံလေးက နားထောင်ကောင်းလှန်းနေသည်။

သူမက သူနဲ့ ဘေးတစောင်း အနေအထားမျိုး ဖြစ်နေသော်လည်း သူ့ကို မတွေ့သေး။

သူမတို့ စကားဝိုင်းလေးမှာသာ အာရုံစိုက်ထားပုံရသည်။

သူ လှမ်းနှုတ်ဆက်လိုသော်လည်း သူမတို့ စကားရှိန်ပြတ်သွားမှာစိုး၍ မနှုတ်ဆက်ဖြစ်။

ချိန်းထားသော သူငယ်ချင်းတလည်း မရောက်လာသေးသဖြင့် သူမအသံကို နားစွင့်၊ သူမအသွင်ကို တစ်ချက်တစ်ချက် ခိုးကြည့်ရင်း အချိန်တွေ ဖြုန်းနေလိုက်သည်။





နိုင်ငံခြားသား စုံတွဲကလည်း သူမကို လိုက်လှဲနွေးထွေးစွာ ဆက်ဆံပြောဆိုနေကြသဖြင့် သူမနဲ့ ပတ်သက်နေမှုကစိတ်ဝင်စားစရာ ကောင်းနေသည်။

သိပ်မကြာခင်မှာ သူ့သူငယ်ချင်း ရောက်လာသဖြင့် သူမဆီက အာရုံပြောင်းလိုက်သည်။

"နောက်ကျလိုက်တာကွာ၊ ခုပဲ ဖုန်းဆက်တော့မလို့"

သူ့သူငယ်ချင်းက ယှိုင်ခါနိ၊ သူမဆီ တစ်ချက်မျက်စပစ်ပြပြီ ...

"မင်း မပျင်းလောက်ပါဘူးကွာ"

"ခွေးကောင်"

သူ ကျိတ်ဆဲလိုက်ပြီး မျက်လုံးမှိတ်ပြလိုက်သည်။

ထိုင်ပြီးသည်နှင့် တရစပ် စကားတွေ ပြောကြသဖြင့် သူမကို လုံးဝမေ့သွားသည်။

ပြောစရာကိစ္စများ ပြီးသွားတော့မှ ...

"ကဲ ... ငါ ငါ့အမျိုးသမီး သွားကြိုရဦးမယ်၊ ပြန်ကြမယ်"

သူ့သူငယ်ချင်း မျိုးဆွေက ဆော်သြသဖြင့် ပြန်ရန်ထလိုက်စဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတ်"

သူမကို တစ်ယောက်တည်းသာ တွေ့ရတော့သည်။

မျိုးဆွေက သူတို့နှစ်ယောက်ကို အံ့ဩစွာ ကြည့်လိုက်ပြီး ခပ်တိုးတိုးအသံဖြင့် ...

"နေချင်ရင် နေခဲ့တော့၊ ငါကတော့ ပြန်တော့မယ်"

"ဒါဆို ငါ နေလိုက်ဦးမယ်"

သူမ စားပွဲမှာ ပြောင်းထိုင်လိုက်သည်။

"ကျွန်တော်လည်း ကြာနတ်ငှယ်ကို အစောကြီးကတည်းက တွေ့တယ်၊ စကားပြောနေကြလို့ ဖြတ်မနှုတ်ဆက်တာ"

သူမက ပြုံးပြီး ခေါင်းညိတ်သည်။

နှုတ်ခမ်းနီ အနီရဲရဲက အသွေးကျလွန်း၍ သူမအသားက ပိုပြီး ဖြူဝင်းနေသလိုပင်။

"မိတ်ဆွေတွေလား"

သူမက ခေါင်းညိတ်ပြီး ...

"ဟုတ်တယ်၊ ကျွန်မ မွေးစားမိဘတွေ ပါရီမှာ ရှိတယ်၊ သူတို့ရဲ့ မိတ်ဆွေတွေ ရောက်လာလို့ လိုက်ပြည့်ခံနေတာ"





"သြော် ... ဒါဆို ကြာနတ်ငှယ် ပြောနေတာ ပြင်သစ်စကားပေါ့"

သူမ ဘာဖြစ်လို့ ပြင်သစ်စကားကို သွက်လက်ချောချော ပြောနိုင်ကြောင်း သူ သိလိုက်ရသည်။

"ဟုတ်တယ်၊ အိုင် ငယ်ငယ်က ငါးနှစ်လောက် ပါရီမှာ လိုက်နေဖူးတယ်"

သူမ ရဲတင်းပွင့်လင်းလွန်းတာလည်း အဲဒီအရှိန်အငွေ့ပဲ ဖြစ်မည်ထင်။

"အိုင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တဲ့အချိန်ရောက်မှ ဒီပြန်လာတာ"

သူမ ဘဝက စိတ်ဝင်စားစရာတော့ ကောင်းသား။

"ဒါဆို ဒီမှာ ကြာနတ်ငှယ်က မိဘအရင်းတွေနဲ့ နေတာပေါ့"

သူမဆီမှာ အပြုံးမဲ့တဲ့တဲ့လေး ဖြတ်ပြေးသွားသည်။

"အိုင့်မှာ မိဘနှစ်ပါးစလုံး မရှိတော့ဘူး၊ သူတို့မရှိတော့လို့ အိုင့်ကို မွေးစားခဲ့ကြတာပေါ့"

"သြော်"



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းစရာ ဖြစ်ပေမဲ့ ခုချိန်မှာ ဘူ့ရှက် အောင်အောင်မြင်မြင် ရပ်တည်နိုင်နေပြီမို့ သနားစရာ သိပ်မရှိ လှ။

"ဒါဆို တစ်ယောက်တည်း နေတာပေါ့"

"ဟင့်အင်း၊ ညီမလေးတစ်ယောက် ပြန်မွေးစားထားတယ် သူနဲ့ နေတယ်လေ"

"ပျင်းစရာကြီး ဖြစ်နေမှာပေါ့"

သူမက နံမူးပေါ် ဝဲကျလာသော ဆံပင်တချို့ကို သေသေသပ်သပ် ပြန်တင်လိုက်ရင်း ...

"အခုတော့ မပျင်းတော့ပါဘူး"

သူမက ရယ်ကျဲကျဲလုပ်ရင်း ဖြေသည်။

"ဘာဖြစ်လို့လဲ"

သူမက မျက်လုံးများကို လှပစွာ ကစားလိုက်ပြီး ...

"ယူနဲ့ တွေ့လို့လေ"

သူ ကြက်သီးဖြန်းဖြန်းထသွားသည်။

သူနဲ့ သူမ ကြားမှာရှိတဲ့ ရင်းနှီးမှုက ဒီလောက်ထိ ရောက်နေပြီလား။





အပြီးမှာ ပျော်မွေ့သလို ဖြစ်ခဲ့သော သူ့ကိုယ်သူ နောင်တရသွားမိသည်။

ဒါပေမဲ့ သူ နှစ်သက်တပ်မက်ဆဲ။

* + *



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်က နိုင်ငံခြားဘာသာစကား တက်ချင်သည်ဟု တိုင်ပင်သောအခါ သူ ဘာကြောင့် ပြင်သစ်ဘာသာကို ရွေးချယ်ပေးမိသည် မသိ။

"ဟင် ... ပြင်သစ်ဘာသာစကားထက် ဂျပန်ဘာသာစကား ဆို ပိုမကောင်းဘူးလား မောင်ရဲ့"

အိပ်မက်က ဂျပန်ဘာသာကို ပိုသဘောကျနေသလို သူ့နှားထဲမှာလည်း သူမရဲ့ပြင်သစ်အသံထွက်ကို သဘောကျသည်။

"အိပ်မက်က မောင့်သဘောကိုမေးလို့ မောင် ပြောတာလေ၊ အိပ်မက် ကြိုက်တာ ယူချင်လည်း ယူပေါ့"

သူ့စကားကို ဘယ်တုန်းကမှ မပယ်ရှားဖူးသော အိပ်မက်က နှုတ်ခမ်းလေး စူမှုမှုသာလုပ်ပြီး သူသဘောကျသည်ကိုသာ ရွေးချယ်လိုက်သည်။





"နေပါဦး၊ မောင်က ဘာဖြစ်လို့ ပြင်သစ်ဘာသာကို ကြိုက်ရတာလဲ"

အိပ်မက်က သူ မထင်မှတ်ထားသော မေးခွန်းကို မေးလိုက်သဖြင့် အဖြေပေးရန် ခဏတွန့်ဆုတ်သွားရသည်။

အိပ်မက်ကို မဖုံးကွယ်လိုသော်လည်း အကောင်းဆုံးအတွက် သူ လိမ်လိုက်ရတော့သည်။

"ပြင်သစ်က အနုပညာ ဖန်တီးတဲ့ နေရာမှာ သိပ်ကောင်းတယ်လို့ ကြားဖူးလို့၊ အိပ်မက်ကို အဲဒါတွေ လေ့လာစေချင်တယ်၊ ဒါကြောင့်"

အိပ်မက် မျက်နှာပေါ်မှာ ကျေနပ်ပြုံးနုနုလေးတွေ ပြတ်ပြေးသွားသည်။

အိပ်မက် အပြုံးနုနုလေးတွေက သူ့ရင်ကို နွေးစေပြီး သူမ အပြုံးစူးစူးရဲရဲက သူ့ရင်ကို လှုပ်ရှားစေသည်။

ဘယ်ခံစားမှုမှာ သူ နစ်သက် ပျော်ဝင်နေသလဲ မှန်းဆတတ်တော့။

* * *



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ကို ပြင်သစ်ယဉ်ကျေးမှုဌာနရှေ့မှာ စောင့်နေစဉ် ဌာနတွင်းမှ ထွက်လာသော သူမကို တွေ့လိုက်ရသည်။

အထက်အောက် အနက်ရောင်ဝမ်းဆက် ဝတ်ထားသဖြင့် သူမအသားက နို့နှစ်ရောင် ပြေးနေသည်။

မနက်ကိုးနာရီ ဖြစ်သော်လည်း မြူငွေ့က မသဲကွဲသေး။

ဒီနေ့မှ အအေးပိုပြီး မြူတွေသိပ်နေသဖြင့် ဂျာသီဥတုက မိန်းမောကြည်နူးချင်စရာ။

ကားထဲကထွက်ရန် ပြင်နေစဉ်မှာပင် သူမက သူ့ကားနား ရောက်လာပြီး မှန်လာခေါက်သည်။



ခေါင်းညိတ်ပြုံးပြပြီး ကားထဲက ထွက်လိုက်သည်နှင့် သူမကိုယ်က လတ်ဆတ်သော ရေမွှေးနံ့ဖျော့ဖျော့က သူ့ကို နှုတ်ဆက်သည်။

အိပ်မက်ဆိုက ရနေကျ ရနံ့ချိုချိုနဲ့ မိန်းမောနေကျ အတွက် သူမကိုယ်နံ့က အသစ်ဖြစ်နေသည်။

ယင်းအသစ်ကို ခံတွင်းက တောင့်တနှစ်သက်တတ် လို သူမဆီက ရေမွှေးနံ့ကိုလည်း သူ နှစ်သက်ရင်ခုန်သွားသည်။

"ဘာလာလုပ်တာလဲ"

ခြံထဲဘက်ကို မေးဆတ်ပြလိုက်ပြီး ...

"သင်တန်း လာကြို့တာပါ၊ ကြာနေတ်နွယ်ကရော"

သူမက လက်မှနာရီကို ကြည့်ပြီး ...

"မိတ်ဆွေ တစ်ယောက်နဲ့ ဒီမှာ ချိန်းထားတာ၊ သူ မလာသေးလို့ အပြင်ခဏထွက်မလားလို့၊ ယူနဲ့တွေ့တာနဲ့ အတော်ပဲ"

သူမက သူ့ကိုတွေ့တိုင်း အားမနာတမ်း အဖော် ဆွဲနိုင်းတတ်သူပင်။

"နောက်ဆယ်ငါးမိနစ်လောက်ဆို သင်တန်း ဆင်းတော့မှာ"

www.burmeseclassic.com

www.burmeseclassic.com



ငြင်းရန် အကြောင်းပြရုံ ရှိသေး ...

"အိုကော ... အဲဒီဆယ့်ငါးမိနစ် အိုင့်ကို ပေးလိုက်၊ ယူ့ကို အချိန်မီ ပြန်ပို့ပေးမယ်၊ လာ ... အိုင့်ကားနဲ့ လိုက်ခဲ့"

သူမက ငြင်းလို့မရအောင် ချည်နှောင်တုပ်ပြီး သူ့ကို ခေါ်တင်သွားလေသည်။

သူမ ခေါ်သွားသည်က မြေနီကုန်းက ဒဂုံစင်တာ ဖြစ်နေသည်။

နီးတဲ့နေရာဖြစ်၍ အချိန်အတွက် စိတ်မပူ၊ အိပ်မက် စောင့်နေရာမှာကိုတော့ စိတ်ပူသည်။

သူမကပင် ဦးဆောင်ပြီး ကော်ဖီမှာနေတာ မတား မြစ်တော့။

သူမက သူ့အကြိုက် အနေအထားကို သေသေချာချာ မှာပေးနေသည်။

ဒီလိုတော့လည်း သူမက တည်ငြိမ်အေးဆေးစွာ။

ကော်ဖီ ရောက်လာပြန်တော့လည်း သူမကပင် သူ့အတွက် အရင်ဦးစွာ စီစဉ်ပေးပြန်သည်။

သူ့ဘက်ကလည်း အားနာစွာမငြင်း။





သူမဘက်လည်း ပုံမှန်လုပ်ဆောင်နေကျ ကိစ္စတစ်ခု လို လိုက်လုပ်ပေး။

ထူးဆန်းလွန်း၏။

အိပ်မက် သင်တန်းဆင်းနေပြီလား။

စိတ်က အိပ်မက်ဆီ ရောက်သွားပြန်သည်။

"ဘာလဲ ... စိတ်ပူနေတာလား၊ ယူ့ကားကိုတွေ့ရင် စောင့် နေမှာပေါ့"

သူမက သူ့စိတ်ကိုပင် ဖမ်းဆုပ်ခန့်မှန်းတတ်နေ ပြီကော။

"ညိုမင်းသွင် ... ယူ့ အိုင့်အနားမှာ ရှိနေတဲ့ ခဏလေး တော့ စိတ်ရော လူပါ ရှိစမ်းကွာ"

ဘုရားရေ ... သူမ သူ့ကို အမိန့်ပေးနေတာလား။

ဒေါသဖြစ်သွားပေမဲ့ သူမရဲ့ ညို့ငင်ဖွဲ့ငြိစရာအပြုံး မှာ သူ မင်သက်သွားပြီး ...

"ကြာနက်နွယ် ဟိုကို ပြန်သွားဖို့ စိတ်ကူးမရှိဘူးလား"

သူမက ခေါင်းကို နောက်မှီပေါ် မှီချပြီး ရယ်နေ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မေးခွန်း ဘာများမှားသွားလို့ပါလိမ့်။

"ဘာလဲ ... ယူ အိုင့်ကို မျက်စိနောက်နေပြီထင်တယ်"

ဩော် ... သူမက ဒီလို ယူဆသည်ကိုး။

"မပြန်သေးဘူး၊ ပြန်ဖို့ စိတ်ကူးကို မရှိသေးတာ၊ ဟိုက မိဘတွေလည်း မကြာခဏ လာနေကျဆိုတော့ ပြန်စရာ မလိုဘူးလေ၊ ပြီးတော့ အိုင့်အလုပ်လေးကို အိုင်မြတ်နိုးတယ်"

မြတ်နိုးတယ် ဆိုတဲ့ နေရာအရောက် သူမ မျက်နှာက လေးနက်နိုင်မာစွာ ...

"ကဲ ... ကော်ဖီကုန်ရင် ပြန်ကြရအောင်"

သူက ကတိတည်စွာပင် အချိန်တိကျစွာ။

သူတို့ သင်တန်းရှေ့ ရောက်ချိန်တွင် သင်တန်းဆင်းနေပြီဖြစ်ပြီး အိမ်မက် အပြင်မရောက်သေး။

"ကျေးဇူးပဲ ညို"

သူ ကားပေါ်ကအဆင်း သူမက နှုတ်ဆက်လိုက်သည်။

သူ နားကြားလွဲလေသလား မသိ။





သူမက သူ့ကို ညိုတဲ့။

သူမ ရှက်သွားမှာစိုးတာရော၊ အိမ်မက် ဖွေ့မှာ စိုးတာရော၊ နှစ်ခုစလုံးကြောင့် သူ ဘာမှလှည့်မမေးတော့။

ကားထဲက ထွက်လိုက်သည်နှင့် ကန့်ကလျ သူ့ဆီ လျှောက်လာနေသော အိမ်မက်ကို တွေ့လိုက်ရသည်။

ဘေးမှာပါလာသော သူငယ်ချင်းနဲ့ စကားပြော နေတဲ့ အိမ်မက်က သူ့ကိုတွေ့သည်နှင့် လင်းလက်တောက်ပစွာ ပြုံးပြီး ...

"စာမရှင်းတာ ပြန်မေးနေလို့ နည်းနည်းနောက်ကျသွားတယ်၊ မောင် အကြာကြီး စောင့်လိုက်ရလား"

သူ လိပ်ပြာမလုံ။

ခေါင်းတော့ ခါပြလိုက်သည်။

* ❖ *



www.burmeseclassic.com

မနက်အစောကြီး တံခါးခေါက်သံကြား၍ စောင်ပုံ ထဲကပင် အော်မေးလိုက်သည်။

"ဘယ်သူလဲ"

"မေမေပါ သားရဲ့၊ ဘုန်းကြီးကျောင်း သွားရမယ်လေ"

သူ အိပ်ရာထဲက ဝုန်းခနဲ ခုန်ထလိုက်သည်။

ဟုတ်သားပဲ။ ဒီနေ့ ဖေဖေ့နှစ်လည်နေ့ပဲ၊ ညကတည်းက မေမေ မှာထားရက်နဲ့။

မေ့သွားမိတဲ့ သူ့ကိုယ်သူ အပြစ်တင်လိုက်ရင်း

"ဟုတ်ကဲ့ မေမေ၊ နောက်ဆယ်မိနစ်အတွင်း သား ထွက်လာမှာပါ"

အပြင်မှာ အလင်းရောင်ပင် မသဲကွဲသေး။





အရုဏ်ရောင် နေ့ဆွမ်းပါ ကပ်ခြင်းဖြစ်၍ သူတို့ ...စောသွားရပေလိမ့်မည်။

တိတ်ဆိတ်ငြိမ်သက်စွာဖြင့် အရုဏ်ဘုဉ်းပေးနေသော ...ယာတွေကို ကြည့်ပြီး ဖေဖေ့ကို သတိရဦးမည်။

သူတို့ဘဝအတွက် ကျေးဇူးရှင် ဖြစ်ခဲ့သော ဖေဖေ ...သည်း ရောက်ရာဘဝက သူတို့အလှူတွေအတွက် ကျေနပ်နေပေ ...မည်။

အဖြူရောင်ရှပ်အင်္ကျီ လည်ကတုံးလက်ရှည်နဲ့ ယော ...ဆိုး အနက်ရောင်ကို ဝတ်လိုက်ပြီး ဖုန်းယူလိုက်စဉ် သူ့ဖုန်းထဲ ...မှာ missed call တွေ ဝင်နေတာ တွေ့လိုက်သည်။

ဝင်ချိန်ကို ကြည့်လိုက်တော့ မနက်တစ်နာရီ ငါး ...မိနစ်။

သူ နှစ်ခြိုက်စွာ အိပ်မောကျနေချိန် ဖြစ်သလို ...နေသေးရင်လည်း မကိုင်ချင်လောက်အောင် ငိုက်မြည်းနေချိန် ...။

ဖုန်းနံပါတ်က သူမ ဖုန်းနံပါတ်။

ညို ...

www.burmeseclassic.com



ခေါသံကို ပြန်ကြားယောင်လိုက်စဉ် သူ ကြက်သီး ထသွားပြန်သည်။

ဘယ်လိုအမျိုးသမီးပါလိမ့်။

အခန်းအပြင်ထွက်စဉ် မေမေက အဲသင့်ပြင်ဆင်ပြီး စောင့်နေသည်။

ဘုန်းကြီးကျောင်းမှာပင် မှာကြားပြင်ဆင်နိုင်းထား ၍ သူတို့ဘက်က ဘာမှအလုပ်မရှုပ်၊ ကုန်ကျစရိတ် ရှင်းပေးရုံသာ

နှစ်စဉ် လုပ်နေကျဖြစ်၍ ဒီအချိန်ရောက်တိုင် ဘုန်းကြီးကျောင်းက အလှူအတွက် ကြိုတင်ပြင်ဆင်ပေးထားတ သည်။

"သွားကြရအောင် မေမေ"

မေမေက ယောဂီတဘက်ကို ပခုံးပေါ်တင်ပြီး

"ညက သားအခန်းဘက်က ဖုန်းမြည်သံ ကြားတယ် မေမေ တစ်ညလုံး အိပ်မပျော်တာနဲ့ ကြားနေရတယ်၊ ဦးမလို့ပဲ၊ မဟုတ်လည်း သား အစောကြီး ထရဦးမယ် ဆိုပြီး မနိူးဖြစ်တာ၊ အိပ်မက်ဆိုကလား သား၊ အရေးကြ လို့ ဆက်တာထင်တယ်၊ ပြန်ဆက်လိုက်ပါဦး"





အိပ်မက်ကို သံယောဇဉ်ဖြစ်နေသော မေမေက သူ့ ကို လှမ်းတိုက်တွန်းသည်။

"ဖုန်းမှားဝင်တာပါ မေမေ"

စီးလွယ် စီးလွယ် ဖြေလိုက်ပြီး ညကတည်းက သိမ်းထားသည့် ဆင်ဝင်အောက်ရှိကားကို ဘုန်းကြီးကျောင်းဆီ မောင်းလိုက်သည်။

မနက်စောစော နှင်းမသဲမကွဲချိန်၊ ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်နေချိန်၊ အနက်ရောင်ကတ္တရာပါလမ်းမကြီး အိပ်ချင်မှုးတူး ဖြစ်နေချိန်၊ လမ်းမီးတချို့ ငိုက်မြည်းနေချိန်။

အင်း ... ဒီအချိန် ကားမောင်းရတာ၊ စိတ်အေး လက်အေးနဲ့ ကြည်နူးစရာ ကောင်းလိုက်တာ။

သူ့အတွေးနဲ့သူ လုံးထွေးရစ်ပတ်ပြီး ပြုံးလိုက်မိ သည်။

* ⁘ *



www.burmeseclassic.com

www.burmeseclassic.com



သူတို့သားအမိနှစ်ယောက်စလုံး ကျောင်းထိုင်ဆရာတော်ကို ဦးချပြီးသည်နှင့် ဆရာတော်ကြီးက ...

"ဒီနှစ်တော့ ထူးထူးခြားခြားပဲ ဒကာမကြီးရေ၊ အလှူရှင်တစ်ဦးကလည်း ဒီရက်မဲ လိုချင်တယ်ဆိုလို့ လာတိုက်နေတယ်၊ ဘုန်းကြီးလည်း ဒကာမကြီး နှစ်စဉ်လှူနေကျဆိုတာကို ရှင်းပြရတယ်၊ အဲဒါနဲ့ အဲဒီအလှူရှင်လည်း ဆွမ်းလှူခွင့်မရရင် ပန်းသည်းပဲ လှူမယ်ဆိုလို့ နေ့ဆွမ်းအပြီး ရေစက်ချရင် အဲဒီအလှူရှင်ပါ ရေစက်ချလိမ့်မယ်"

မေမေက လက်အုပ်ချီလျက်နှင့်ပင် ...

"ရပါတယ် ဘုန်းဘုန်း၊ တပည့်တော်ကလည်း နှစ်စဉ်ဒီရက် အတိအကျမှာ လုပ်လိုက်ရမှ စိတ်ရှင်းလို့ပါ"





"အေး ... သာဓု သာဓု သာဓု"

ဘုန်းကြီးက လိုအပ်တာတွေ ပြောပြီး ထွက်သွားသည်။

သူနဲ့ သူ့အမေလည်း အရုဏ်ဆွမ်းအတွက် ပြင်ဆင်ထားတာကို လိုက်ကြည့်နေလိုက်သည်။

ခဏအကြာ ဆွမ်းစားရန် တန်းစီပြီး တည်ငြိမ်တဲ့ ဣန္ဒြေနဲ့ ကြွလာနေတဲ့ သံဃာတော်များကိုကြည့်ပြီး အလှူထဲမှာ အာရုံနှစ်ပြီး သဒ္ဓါပွားနေလိုက်ကြသည်။

* ❖ *



www.burmeseclassic.com

www.burmeseclassic.com



ရေစက်ခွက်သုံးခွက် ပြင်ထားသဖြင့် သူတစ်ခွက်၊ မေမေတစ်ခွက်၊ နောက်အလှူရှင် မရောက်လာသေး။

ဘုန်းကြီးကျောင်းရှေ့မှာ ထိုအလှူရှင် လှူထားသော စာအုပ်ဗီရိုငါးလုံးကို တွေ့ရသည်။

ဗီရိုအပေါ်မှာ အလှူရှင်ရဲ့ကမ္ပည်း ရေးထိုးနေဆဲ ဖြစ်၍ စာသင်ဆောင်ထဲ မရောက်သေး။

"စာသင်သားတွေအတွက် စာအုပ်ဗီရိုတွေ လှူတာလေ၊ မိန်းကလေးက ငယ်ပေမဲ့ သဒ္ဓါတရား ထက်မြက်ရှာသား"

ဘုန်းဘုန်းက ဗီရိုများကို သူ့ ကြည့်နေ၍ ရှင်းပြ နေသည်။

ထိုစဉ် ရေစက်ချရာ ခန်းမထဲကို လှမ်းဝင်လာသော အရိပ်တစ်ခု။





အပြာနုနု ပိုးချိတ်ဝမ်းဆက်ကို ဝတ်ဆင်ထားသော သူမ။

"အဲဒီ ဒကာမလေးလေ၊ ကဲ ... ကဲ ... လူစုံရင် တရား စရအောင်"

သူမကတော့ မျက်လွှာချ၍ တည်ငြိမ်သိမ်မွေ့သော ခြေလှမ်းများနှင့်။

သူ့ဘေးရှိ လွတ်နေသော ရေစက်ခွက်နေရာမှာ ဝင်ထိုင်လိုက်သည်။

ဘေးကိုလှည့်မကြည့်၍ သူမဘေးမှာ သူ ရှိနေတာ ကို သိဟန်မတူ။

ဘုန်းကြီးရဲ့ တည်ကြည်ခန့်ညားတဲ့ တရားသံအောက် မှာ အားလုံး ဝပ်တွားကြည်ညိုစွာဖြင့် ...

သူမလည်း ငြိမ်းချမ်းတည်ငြိမ်ရာ အရိပ်ကို ရှာဖွေ ခိုဝင်တတ်သူပဲ။

သူမကို အထင်ကြီးစွာ ခိုးစောင်းငဲ့ကြည့်စဉ် သူမ ပါးပြင်ပေါ်မှာ တိုးလျှဖြည်းညင်းစွာ စီးဆင်းနေသော မျက်ရည်စ များ။



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်း စေ့ထားရာတတ်သည့် နှုတ်ခမ်းများက တဆတ်ဆတ် တုန်ယင်လျက်။

သနားကြင်နာစွာ သက်ပြင်းချလိုက်မိသည်။

* ⁘ *





သူမ ငေးနေပုံက ပိန်းပိတ်အောင် မှောင်နေတဲ့ အမှောင်ထဲမှာ ဘာမှမမြင်ရသလို။ မမြင်ရတာကိုလည်း ဂရုမစိုက်သည့် ငေးနေပုံမျိုး ဖြစ်သည်။

လည်ပင်းမှာ ပဝါစည်းထား၍ ထိုပဝါစပြောပြောက တစ်ခါတစ်ရံ သူမ မျက်နှာကို ပွတ်တိုက်အုပ်မိုးလိုက်၊ တစ်ခါတစ်ရံ သူမ ရင်ဘတ်ကို လွှမ်းခြုံဆော့မြူးလိုက်၊ တစ်ခါတစ်ရံ လေထဲမှာပင် လေတံခွန်လို လွတ်လပ်စွာ ကော့ဖျံလိုက်နှင့်။

ခပ်သွက်သွက်ပုံစံနှင့် မြင်နေကျဖြစ်၍ သူမတည်ငြိမ်နေပုံက ထူးဆန်းလွန်းနေသည်။

"ကြာနတ်နွယ် ဘာမှ မဖြစ်ပါဘူးနော်"

သူ အနားမှာရှိနေတာကိုပင် မေ့နေပုံပေါ်၍ သတိပေးလိုက်စဉ် သူမက သူ့ဘက်ကိုလှည့်ပြီး ဖျော့တော့စွာ ပြုံးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို အိမ်ပြန်ပို့ပြီး သူမနဲ့ ချိန်းထားသည့် coffee ဆိုင်လေးမှာ တွေ့နေကြခြင်းပင်။

"ဆောရီး ညို၊ အိုင် အဲတိတ်ကို တွေးနေမိလို့ပါ၊ မပူပါနဲ့၊ အိုင် တစ်နှစ်မှ တစ်ရက်ပဲ တွေးတာပါ၊ ကျန်တဲ့ရက်တွေဆို အဲဒီ အတိတ်အကြောင်း အိုင် ခေါင်းထဲမထည့်ဘူး"

ခုမှ သူနဲ့တွေ့နေကျ သူမ ပြန်ဖြစ်သွားသည်။

"ညက အိပ်မပျော်လို့ ညို့ဆီ ဖုန်းဆက်သေးတယ်၊ ညို အိပ်ပျော်နေတယ် ထင်တယ်"

ဖုန်းပြန်မခေါ်မိတာကို အားနာသလိုလို ဖြစ်သွားသည်။

ဘာပဲဖြစ်ဖြစ် သူမကတော့ သူ့ဆီက ခွင့်မတောင်းဘဲ သူ့ဆန္ဒမမေးပဲ သူ့ကို သူမရဲ့ ညိုအဖြစ် သတ်မှတ်လိုက်လေပြီထင်။

ဘယ်သူမှ မခေါ်တဲ့ နာမ်စားလေးဖြစ်၍ နားထဲ စိမ်းနေပေမဲ့ သူ နှစ်သက်နေသလိုလို။

"အရေးမကြီးဘူးထင်လို့ ကျွန်တော် ပြန်မခေါ်ဖြစ်တာပါ"

သူမက နားလည်စွာ ခေါင်းညိတ်ပြသည်။





"ရပါတယ်၊ အိုင်လည်း မွန်းကျပ်လွန်းလို့ အရင်က ရင်ဖွင့်စရာ သူငယ်ချင်းတစ်ယောက် ရှိတယ်၊ အခု သူက နိုင်ငံခြား ရောက်သွားတော့ ဖုန်းသိပ်မဆက်ဖြစ်တော့ဘူး၊ ညို့ကိုကျတော့ ဘာဖြစ်မှန်း မသိဘူး၊ အိုင် ယုံယုံကြည်ကြည်နဲ့ ရင်ဖွင့်ချင်နေတာ"

လူတစ်ယောက်ရဲ့ ယုံကြည်မှုကို ခံရတာ ဂုဏ်ယူစရာ ဖြစ်ပေမဲ့ ယုံကြည်မှုနဲ့ ချည်နှောင်ခြင်း ခံလိုက်ရသလို နေရခက်လှသည်။

"ဒီနေ့က အိုင့်မေမေ ဆုံးတဲ့ နှစ်လည်နေ့လေ၊ အိုင့်ဖေဖေ ဆီသွားရင်း လမ်းမှာ အက်ဆီးဒင့်ဖြစ်ပြီး ဆုံးတာ၊ အဲဒီတုန်းက အိုင် ရှစ်တန်းပဲ ရှိသေးတယ်"

သူမအတွက် ခါးသီးတဲ့ အတိတ်တွေ ကြုံခဲ့ရမှာပေါ့။

ခါးသီးမှုဆိုတာ လူတိုင်း ကြုံဖူးကြတာမို့ အထူးအဆန်းကြီးတော့ မဟုတ်။

ဒါပေမဲ့ ခံစဲ့ဖူးသူနဲ့ မခံခဲ့ဖူးသူတို့ရဲ့ ခံစားချက်ကတော့ ကွာပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ခုနစ်တန်းအရွယ်မှာ အဖေဆုံးသွားခဲ့တာပဲ"

"သြော် ... အိုင်နဲ့ ဘဝတူပေါ့"

သူမက နှမ်းလျတဲ့ အပြုံးကြားကပင် အရွှန်းဖောက်ရန် ကြိုးစားနေသေးသည်။

သူမ အဲဒီလို ငြိမ်းသက်နေရင် သူ မနေတတ်။

"ဒါပေမဲ့ ယူ့မှာ အမေကျန်သေးတယ်"

မစပ်စုလိုပေမဲ့ သိချင်သေးတာမို့ ...

"ကြာနေတ်နှယ် အမေကရော"

သူမက မဲ့ပြုံး ပြုံးသည်။

ဒါပေမဲ့-အပြုံးလည်း မဟုတ်ပြန်။

နာနာကြည်းကြည်းနဲ့ လောကကို အစွဲတိုက်လိုသော အပြုံးမျိုးလား မသိ။

"အဖေက အိုင် ငယ်ငယ်ကတည်းက ထွက်သွားတာ"

ဆက်မမေးသင့်တော့ ဒီလောက် မေးမိတာကိုပင် အားနာနေမိသည်။

"ဆောရီး ... ကြာနေတ်နှယ်"



သူမက ဘာမှပြန်မပြော၊ အတိတ်ထဲကို စူးစူးနစ်နစ် ပြန်ရောက်သွားနေပြန်သည်။

သူမ ဒီလို ငူငူငိုင်ငိုင် ရှိနေမည်ဆိုရင် ...

သူ ပျင်းပြီး သေသွားလိမ့်မည်ထင်။

"ပြန်ရအောင်"

သူ အရင် တောင်းဆိုလိုက်သည်။

"ပြန်နှင့်လေ၊ အိုင် ဆက်ထိုင်ပါရစေဦး"

မထားခဲ့သင့်ပေမဲ့ သူမနဲ့ သူက တစ်ယောက်နဲ့ တစ်ယောက် စိတ်မချရမဲ့ အနေအထားမျိုး မဟုတ်သဖြင့် သူ ထားရစ်ခဲ့လိုက်သည်။

"ဒါဆို ကျွန်တော် ပြန်နှင့်ပြီနော်"

ခေါင်းညိတ်ပြီး သူမ ကျန်ခဲ့သည်။

အိပ်မက်သာဆို သူ ဒီလို ထားရစ်ရက်လိမ့်မည် မဟုတ်ဟု ကြံဖန်တွေးမိလိုက်သေးသည်။

*** * ***

www.burmeseclassic.com

www.burmeseclassic.com



သူ အိပ်မပျော်ခင် ထူးထူးဆန်းဆန်း မေမေက သူ့အခန်းထဲ ဝင်လာသည်။

အိပ်ရာပေါ်လှဲရင်း သီချင်းနားထောင်နေတာမို့ အိပ်ရာထဲမှ လူးလဲထ၊ သီချင်းသံကို တိုးလိုက်ရင်း ...

"ဘာဖြစ်လို့လဲ မေမေ"

သားအမိတွေ ဆိုပေမဲ့ မေမေက သိပ်ပြီး အေးအေးသိမ်မွေ့လွန်း၍ သူ့ဘက်က ချစ်ခင်လေးစားမှုအပြင် အကြင်နာပါ ပိုရသည်။

"အိပ်မပျော်သေးတာနဲ့ သားနဲ့စကားပြောဖို့ ထွက်လာတာ"

မေမေက ခုတင်ပေါ်မှာ ဝင်ထိုင်လိုက်၍ သူက မေမေ့ပေါင်ပေါ် ခေါင်းတင်ထားလိုက်သည်။





မေမေက သူ့ခေါင်းက ဆံပင်များကို နူးညံ့စွာ ပွတ်သပ်နေရင်း ...

"သားနဲ့ အိပ်မက် လက်မထပ်ကြသေးဘူးလား"

သူ ခေါင်းပင် မတ်ခနဲ ဖြစ်သွားသည်။

မထင်ထားသော မေးခွန်းလည်း ဖြစ်နေ၍ သူ ဘက်ခနဲ တစ်ချက်ရယ်လိုက်ပြီး ...

"ဘာဖြစ်လို့လဲ မေမေ"

မေမေက သူ့နဖူးကို မနာအောင်ထုရင်း ...

"သားတို့အရွယ်က လက်ထပ်သင့်နေပြီလေ"

သူ မေမေ့ခါးကိုဖက်၍ မေမေ့ဗိုက်မှာ မျက်နှာအပ်ထားလိုက်ပြီး ...

"ဘာလဲ ... မေမေက သားနဲ့ ခွဲနိုင်တယ်ပေါ့"

မေမေက သက်ပြင်းဖျော့ဖျော့ချပြီး ...

"သားရယ်၊ ဘယ်မိဘက ကိုယ့်သားသမီးကို ကိုယ့်ရင်ခွင်ထဲက ဆွဲထုတ်ချင်ပါ့မလဲ"

သူ မေမေ့ကို မော့ကြည့်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မက် ဖေဖေက နောက်နှစ်လောက်ဆို စာချုပ်ပြည့်ပြီး ပြန်လာတော့မယ်တဲ့၊ အဲဒီတော့မှ လက်ထပ်ကြမယ်လို့ တိုင်ပင်ထားတယ်"

အိပ်မက်အဖေက နိုင်ငံခြားကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေခြင်းဖြစ်ပြီး သူတို့ကိစ္စကို သူ ပြန်ရောက်လာမှ စီစဉ်မည်ဟု တောင်းဆိုထားသည်။

တစ်ဦးတည်းသော သမီးဖြစ်သူရဲ့ လက်ထပ်ပွဲမှာ ရှိနေချင်တဲ့ မိဘတိုင်းရဲ့ ဆန္ဒမို့ သူတို့ ကြည်ဖြူစွာ လက်ခံခဲ့ကြသည်။

"ဒါဆိုလည်း ပြီးတာပဲ၊ သား အိပ်မက်အပေါ် သစ္စာရှိနော်"

မေမေက သူ့ကို ရိုးရိုးစင်းစင်းလေး သတိပေးခြင်းသာ ဖြစ်ပေလိမ့်မည်။

သူ့အတွက်တော့ နားထဲမှာ ကျယ်လောင်စွာ တုန်ခါမြည်ဟီးသွားသလိုပင်။

ဘာဖြစ်လို့ သူ လိပ်ပြာမလုံ ဖြစ်ရတာလဲ။

သူ့ရင်ထဲ အိပ်မက် ရှိနေတာပဲ။





အိပ်မက်ကလွဲပြီး သူ့ရင်ထဲ ဘယ်သူမှ အဝင်မခံနိုင်ဘူးလို့ ဘာဖြစ်လို့ သူ ရဲရဲအာမ,မခံဝံ့ရမှာလဲ။

"အိပ်မက်ကို သား အမြဲချစ်နေမှာပါ မေမေ"

မေမေက ပြုံးသည်။

မေမေ့ အပြုံးကို ရင်မဆိုင်ရဲစွာဖြင့် အကြည့်လွှဲလိုက်စဉ် သူ့ပြတင်းဝမှာ လ,ပုခက်က တွယ်ငင်နိုစီးလျက်။

သူ တစ်ယောက်ယောက်ကို သတိရနေသလိုပင်။

ရင်ထဲက ဟာတာတာ အလွမ်းကြီးက ဘယ်သူ့ကို ညွှန်းမှန်း မသိ။

❋ ✣ ❋



www.burmeseclassic.com

www.burmeseclassic.com



ပန်းခက်ကလေးများကို ညှပ်ဖြတ်လိုက်၊ ပန်း

ထဲ ထိုးစိုက်လိုက် လုပ်နေသော သူမလက်များသည် ရှည်လျ

သန့်စွမ်းစွာ လှုပနေသည်။

သူမ လက်ချောင်းများက ပြေပြစ်ချောမွေ့နေသော

လည်း ပျော့ပျောင်းနူးညံ့သည့် အသွင်ထက် သန်မာတောင့်တင်

သည့်အသွင်ကို ဆောင်နေသည်ဟု သူ ထင်သည်။

ပန်းများကို ပြင်နေချိန်တွင် သူမသည် အာရုံအားလုံး

ကို ပန်းများအပေါ်၌သာ စုပုံထားသလို ငြိမ်သက်သွားတတ်

သည်။

မျက်လုံးများကအစ ပြင်နေသော ပန်းများပေါ်က

လွဲ၍ ဘယ်ကိုမှ မရွေ့တော့။





အင်း … သူမ ပန်းပြင်နေပုံက က,ကြိုးတစ်ပုဒ်ကို

ချောညက်ညက် က,နေသည့်နှင့် တူလှသည်။

ဆံပင်များကို မစည်းနှောင်ထား၍ ဆံချပ်အမွှေး

ပိမ်များက ပခုံးကျော်ကျော်ထိ လှိုက်ဖြာဝဲလျက် …

လှုပ်ရှားလိုက်တိုင်း လှိုင်းထသွားတတ်တဲ့ ဆံနွယ်

နှင့်လေးများကို ငေးကြည့်ရင်း အိပ်မက်ရဲ့ စင်းစင်းပျော့ပျော့

ပင်အဖြောင့်လေးကို သတိရလိုက်သည်။

အိပ်မက်နဲ့သူမက ဆန့်ကျင်ဘက်အလှ ရှိသူတွေပဲ။

သူမဆိုင်ရှေ့ ကားဖြတ်မိစဉ် ဘာရည်ရွယ်ချက်မှ

မဲ့ ဝင်မိလိုက်ခြင်း ဖြစ်သည်။

ဆိုင်ထဲအဝင် ပန်းပြင်နေတဲ့ သူမကို တွေ့သဖြင့်

ကားမှ မပြောဖြစ်ဘဲ (နှုတ်ပင်မဆက်မိသေး) ငြိမ်သက်စွာ

ည့်နေမိခြင်းပင်။

ဆိုင်အကူမိန်းကလေးများက သူ့လက်ကာပြထား၍

ဆက်မမေး။

Air Con အခန်းထဲမှာပင် သူမ နှာခေါင်းထိပ်မှာ

ချွေးလို့။



www.burmeseclassic.com

www.burmeseclassic.com



မိနစ်နှစ်ဆယ်လောက် ပန်းကကြိုး တစ်ပုဒ်ကို ငြ
သက်စွာ ကြည့်နေပြီးမှ က,ကြိုးရပ်ပြီး ပန်းလေး အသက်ဝင်လ
သည်။

"ဟာ ... ညို ရောက်နေတာ ကြာပြီလား"

သူမက နားရွက်တစ်ဖက်တစ်ချက်ဆီမှာ ဆံပင်မျာ
ကို ညှပ်သွင်းပင့်တင်ရင်း သူ့ကို မြင်သွားသည်။

"သိပ်မကြာသေးပါဘူး၊ မိနစ်နှစ်ဆယ်လောက်တော့ ရှိပြ

သူမက လက်ကို ခါးမှာစည်းထားတဲ့ အဝတ်နဲ့သုတ
လိုက်ပြီး ...

"လာလေ၊ အိုင့်အခန်းမှာ ကော်ဖီသောက်သွားဦး"

သူမက သူ့ကို သူမရုံးခန်းထဲမှာ ဝင်ထိုင်စေပြ
ပြင်ထားတဲ့ ပန်းများနဲ့ ပတ်သက်ပြီး ဆိုင်အကူလေးများကို ညွှ
ကြားနေတာ မြင်နေရသည်။

သိပ်ကို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိ
အမျိုးသမီးပဲ။

သူမနဲ့ ပတ်သက်ရင် သူ့အမြင်တွေက အမြဲတမ်
အပေါင်းလက္ခဏာ ဖြစ်နေသလား။





မဟုတ်ဘူး ထင်တယ်။ သူမရဲ့ ရဲတင်းမှုအတွက်
ဘော့ သူ အမှတ်မပေးချင်။

"ညို စောင့်ရကျိုး နပ်မှာပါ၊ ညို့အကြိုက် အိုင် ကော်ဖီ
ဖျော်ပေးမယ်"

သူမရဲ့ အတတ်ပညာတစ်ခုထဲမှာ ကော်ဖီကောင်း
ကောင်းတစ်ခွက် ဖန်တီးနိုင်ခြင်းလည်း ပါမည်ထင်။

သူမလက်ရာ ကော်ဖီလောက် ဘယ်ကော်ဖီမှ သူ
ခွဲလမ်းဘူး။

သူမ ကျွမ်းကျင်မြန်ဆန်စွာနှင့်ပင် ကော်ဖီနှစ်ခွက်
ပြီးစီးသွားသည်။

သူ့ရှေ့ တစ်ခွက်ချပေးပြီး သူမ တစ်ခွက်သောက်
သည်။

"ဆိုပါဦး၊ ဘာစိတ်ကူးပေါက်လို့ ဆိုင်ရောက်ချလာတာလဲ"

အမှန်ပြောပြဖို့တော့ တော်တော် ခက်ပေလိမ့်မည်။
ရသားသာ အသင့်တော်ဆုံးဖြစ်၍ ...

"ညနေ မိတ်ဆွေတစ်ယောက်ရဲ့ ဆိုင်ဖွင့်ပွဲရှိတယ်၊ အဲဒီ
အတွက် လက်ဆောင်ပေးချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



သူမက မျက်ခုံးနှစ်ဖက် မြှင့်တင်လိုက်ရင်း ...

"အိုင်က ... အိုင် သဘောပေါက်ပြီ၊ အမျိုးသားလား၊ အမျိုးသမီးလား"

လိမ်ပြီးပြီမို့ မထူးတော့။

"အမျိုးသမီး"

"ညနေမှ ဝင်ယူမလား၊ တစ်ခါတည်း ယူသွားမလား"

သူ ကျကြီးတစ်ပုဒ် ထပ်ကြည့်ချင်သေးတာမို့ ...

"အခု တစ်ခါတည်း ယူသွားမယ်"

သူမက ကော်ဖီကို ဖြည်းဖြည်းချင်း အရသာခံ သောက်နေပြီး ...

"အချိန်ရသေးတယ် မဟုတ်လား"

"ရပါတယ်၊ အေးအေးဆေးဆေးပေါ့"

သူ တော်တော် စိတ်ရှည်တတ်နေပြီပဲ။

"အမျိုးသမီးဆိုတော့ ပန်းစည်းအဖြူရောင်ပဲ စီစဉ်ပေးလိုက်မယ်"

"ကြာနတ်နွယ် သဘောပဲလေ"

သူမက ကော်ဖီကို စိမ်ပြေနပြေ သောက်ပြီး ...



"ဒီမှာပဲ ထိုင်စောင့်နေလေ၊ အိုင် ... ပန်းစီစဉ်လိုက်ဦးမယ်"

သူ ခေါင်းညိတ်လိုက်ပေမဲ့ သူမ ပန်းစည်းတာကို နှစ်သက်စွာ သွားငေးမောနေမိဦးမည်ကို သိနေသည်။

သူမ ဖန်တီးထားသော အဖြူရောင်ပန်းစည်းလေးကို အိပ်မက်ကို ပေးမည်ဟု ရည်ရွယ်မိသော်လည်း ဘာကြောင့်ရယ် မသိ။ သူ့အခန်းထဲမှာပင် အလှထိုးစိုက်ထားလိုက်မိသည်။

* + *

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းလိုပင် အလုပ်က ပြန်လာတိုင်း မေမေ့ကို နှုတ်ဆက်နေကျမို့ ညှော်ခန်းထဲမှာ မတွေ့ရသော မေမေ့ကို လိုက်ရှာနေလိုက်သည်။

အောက်ထပ်မှာ မတွေ့၍ အပေါ်ထပ် တက်လာစဉ် လှေကားထိပ်မှာပင် သူ့ခြေလှမ်းတွေ မရည်ရွယ်ဘဲ ရပ်တန့်သွားသည်။

တိုးတိတ်ညင်သာစွာ စကားပြောတတ်သော၊ စကားကြမ်းကြမ်းများကို သူ ပြောလျှင်ပင် တားဆီးဟန့်တားတတ်သော မေမေ့အသံမှ ဟုတ်ပါလေစ။

အံ့သြစွာ သူ ခြေလှမ်းတွေ ရပ်သွားခြင်းပင်။





"ရှင်လို လူယုတ်မာကို တစ်ခါယုံမိလို့ တစ်သက်မှားပြီးသွားပြီ၊ ထပ်ယုံဖို့ဆိုတာ ကျွန်မ သေတဲ့အထိ မဖြစ်နိုင်တော့ဘူး"

"……………"

"သားကိုလည်း အသိပေးစရာ မလိုဘူး"

"……………"

"နောက်တစ်ခါ ကျွန်မတို့ဆီ ဖုန်းမဆက်ပါနဲ့"

တစ်ဖက်က ဘာပြောသည်တော့ မသိ။ မေမေ့ စကားထဲမှာ သူ့ပါ ပါနေတာတော့ သေချာသည်။

ပြီးတော့ … မေမေ ဒေါသ။

မေမေ ဒီလောက် ဒေါသကြီးရလောက်အောင် တစ်ဖက်လူက ဘာတွေ ပြောနေပါလိမ့်။

သူ တွေးနေဆဲမှာပင် ဖုန်းချပြီး လှည့်လာသော မေမေက သူ့ကို တွေ့သွားသည်။

သူ့ကိုတွေ့သည်နှင့် တုန်လှုပ်အံ့သြသွားသော မေမေ့ မျက်နှာကြောင့် သူ ပိုပြီး သံသယဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဆုတ် ထစ်အနေသော မေမေက ဟန်မဆောင်

တတ်သူပီပီ မျက်နှာပျက်နေသည်။

"ရောက်တာ ကြာပြီလား သား"

သူ ခေါင်းခါလိုက်ပြီး ...

"စုတင်ရောက်တာ မေမေ၊ ဘယ်သူ့ဆီက ဖုန်းလဲ"

ခပ်ပေါ့ပေါ့ပုံစံနှင့်ပင် သူ မေးလိုက်သည်။

"မေမေ့ အသိတစ်ယောက်ဆီကပါ၊ ပိုက်ဆံချေးထားတဲ့

ကိစ္စတစ်ခုပါ သားရယ်"

ငွေရေးကြေးရေးကို သုံးစရာတစ်ခုအဖြစ် မဖြစ်မနေ

သုံးနေရခြင်းထက်ပိုပြီး မေမေ စိတ်မဝင်စားတတ်တာ သူသိနေ

သည်ပဲ။

သူ့ဆီက သူများ ငွေလိမ်သွားသည်ကိုပင် "ကံပေါ့

သားရယ်၊ သူ့တရား သူစီရင်လိမ့်မပေါ့"လို့ အားပေးနှစ်သိမ့်

တတ်သူ မေမေက ငွေအတွက် ဒီလောက် ဒေါသဖြစ်ပါ့မလား။

သံသယများဖြင့် ဆက်မေးချင်သော်လည်း မေမေ့ရဲ့

အကျပ်တွေ့နေတဲ့ ပုံစံကြောင့် မမေးရက်တော့။

"သား နားလိုက်ဦးမယ် မေမေ"



မေမေက သူ့ကို မလုံမလဲကြည့်ပြီး ခေါင်းညိတ်

သည်။

မေမေ့မှာ ဘယ်လိုလျှို့ဝှက်ချက်တွေ ရှိနေပါလိမ့်။

သူ သိလိုလှသည်။

ကောနည်းသော မေမေ့ ရင်ထဲတွင် ခံစားချက်

တွေ အများကြီး သိမ်းဆည်းထားလေမလား။

* ✣ *

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက် အိမ်မှာ မုန့်လုပ်စားတိုင်း သူ့ကို ဖိတ်နေကျဖြစ်၍ သူကလည်း အမြဲနှစ်ခြိုက်စွာ သွားစားနေကျပင်၊

စကားတွတ်တွတ်တာတာနဲ့ သူ့ရှေးမှာ ရှိနေတ က် သော အိပ်မက်ကို ကြည့်ရင်း စားရသော အစားအသောက်လေး ၁် အရသာရှိတာ မရှိဟု သူ ထင်တတ်မြဲ။

ဒီနေ့လည်း အိမ်နေရင်း ဂါဝန်ဖားဖား အစိမ်းနု ရောင်နဲ့ အိပ်မက်သည် ပေါက်ဖတ်လေးပမာ သူ့ကို တွယ်ကပ်လျက်။

"မောင် မုန့်စားပြီးရင် ရုပ်ရှင်လိုက်ပြပါလား"

အိပ်မက်က အန်တီ မကြားအောင် ခပ်တိုးတိုး ပူဆာသည်။



"ညနေပွဲမှ ဖြစ်မယ်ထင်တယ် အိပ်မက်ရဲ့၊ မနက်ပိုင်း မောင် အလုပ်ကိစ္စတစ်ခု ရှိသေးတယ်"

"ရတယ်၊ ညနေ မောင့်အလုပ်တိုက်ကို အိပ်မက် လာခဲ့မယ်၊ အိပ်မက် စာမေးပွဲရှိလို့ စာကျက်ရတာ ခေါင်းပူနေပြီ"

အိပ်မက် တက်နေတဲ့ ပြင်သစ်ဘာသာသင်တန်းကို တော့ သူ မေ့တော့တော့။

"ဒါဆို အိပ်မက် ခေါင်းအေးသွားအောင် မောင် အားလုံး လုပ်ပေးမယ်၊ဟုတ်လား"

အလိုလိုက်နေကျ ချစ်သူကို ဗဇ္ဈရားမပျက် အလို လိုက်မိဆဲ။

"သမီးရေ ... မေမေ့ကို ဘုရားပန်းလေးတွေ ဖြတ်ပြီး ယူလာခဲ့ပေးပါလား"

အိပ်မက်က သူ့အနားမှ ထသွားပြီး ဘေစင်ပေါ်မှ နိုးစည်းကို ဖြေလိုက်သည်။

ပန်းညှပ်ကတ်ကြေးကို ကိုင်ပြီးမှ ...

"မေမေရေ ... ဘယ်လောက် ညှပ်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒီကောင်မလေး၊ ပန်းအိုးအရွယ်လည်း သိရဲ့သား နဲ့ လိုက်ဖက်ပြီး လှအောင်ညှပ်ပေါ့"

အိပ်မက်က သူ့ဘက်ကိုလှည့်၍ လျှာထုတ်ပြပြီး...

"ရွှမ်မေရယ် ... သမီးညှပ်ရင် အဲဆင်ပြေမှာ မဟုတ်ဘူး မေမေ့ဘာသာ ညှပ်လိုက်တော့နော်"

ဘာကြောင့်မှန်း မသိ။ ပန်းဆိုသည်နှင့် ပန်းက,ကြီး သိတတ်သော သူမကို သတိရနေတတ်သည်။

အခုလည်း ...

သူမသာဆို ထိုပန်းလေးတွေ လှပဝင့်ကြွားစွာ ဘုရား စင်မှာ ဝပ်ဆင်းပူဇော်ခွင့် ရကြပေလိမ့်မည်ဟု ကြံဖန်တွေးမိနေ သည်။

"အိပ်မက်ရေ ... မောင့်အိမ်ရှင်မ ဖြစ်မယ်ဆိုရင်တော့ အန်တီဆီက အိမ်ထောင်ထိန်းပုံလေးတွေ သင်ထားဦး"

အိပ်မက်က တစ်ခုခု အပြစ်တင်ခံရရင် မကျေနပ် ရင် လုပ်နေကျ အမူအရာအတိုင်း နှာခေါင်းလေးရှုံ့ပြီး ...

"အင်းပါ၊ မောင်ကလည်း မယူရသေးဘူး နိုင်းဖို့စဉ်းစား နေပြီ"





သူ့ အိပ်မက် ခေါင်းကို မနာအောင် ထုလိုက်ပြီး ...

"ခွေးစုတ်မလေး၊ ညနေ မောင်စောင့်နေမယ်၊ အလုပ်တိုက် ကို လာခဲ့၊ ဟုတ်ပြီလား"

အိပ်မက်က ချစ်စရာကောင်းစွာ ရယ်နေပြီး ...

"စိတ်ချ၊ အိပ်မက် စောစောလာခဲ့မယ်၊ ပြီးတော့ ညနေစာ လည်း မောင်ကျွေးရမယ်နော်"

သူ့ ခေါင်းညိတ်လိုက်စဉ် ရင်ထဲမှာလည်း လှိုက်လှဲ ကြည်နူးလျက်။

သေချာသည်။ အိပ်မက်ရဲ့ ပတ်သက်မှုက အမြဲတမ်း ရင်ထဲမှာ နွေးနွေးလေး ငြိမ်းချမ်းစွာ ကြည်နူးနေဆဲပင်။

* ✣ *



www.burmeseclassic.com

www.burmeseclassic.com



"အတော်ပဲ၊ အိုင် ညို့ကို တွေ့မှတွေ့ပါ့မလားလို့"

သူမက သူ့အလုပ်တိုက်ကို ဆိုင်းမဆင့် ဗုံမ

ရောက်ချလာပြီး အလောတကြီးပုံစံနှင့် ပြောလာသဖြင့်

အံ့သြနေစဉ် ...

"အိုင် Wedding တစ်ခုအတွက် စံပယ်ပန်းတွေ သွားမှာ

မယ်၊ တစ်ပွဲလုံး စံပယ်ချည်းပဲ သုံးမှာဆိုတော့ အများကြီး

လိုမှာ၊ လှည်းကူးဘက်မှာ စံပယ်ခြံတွေရှိတယ်၊ အဲဒီအ

ဆင်းမှာရမယ်၊ အဲဒါ ညို့ကို အဖော်လာခေါ်တာ အလု

သိမ်းချိန်လည်း နီးပြီမဟုတ်လား"

နာရီကြည့်စဉ် အိပ်မက်နဲ့ ချိန်းထားသောအ

ရောက်နေပြီ ဖြစ်သည်။





နောက်မကျတတ်သော အိပ်မက် အကျင့်အရ သိပ်

ကြာခင်အတွင်း အိပ်မက် ရောက်လာပေတော့မည်။

"ကျွန်တော် ချိန်းထားတာရှိလို့ လိုက်နိုင်မယ် မထင်ဘူး"

သူ ငြင်းနေဆဲမှာပင် အိပ်မက် ရောက်လာသည်။

အိပ်မက်က သူ့ကို တွေ့သည်နှင့် အားပါးတရ

ပြီး တစ်ဆက်တည်းမှာပင် သူနဲ့ စကားပြောနေသော သူမ

စမ်းသလို ကြည့်နေသည်။

"ဪ ... သူနဲ့လား"

သူမက သဘောပေါက်သွားသည်ထင်။

အားပျော့သော အသံနှင့် မေးသည်။

"ဟုတ်တယ်၊ ကျွန်တော့် ချစ်သူလေ၊ အိပ်မက်ဖူးတဲ့"

မထူးတော့ပြီမို့ တစ်လက်စတည်း မိတ်ဆက်ပေး

သည်။

"အိပ်မက်ရေ ... ဒါ မောင့်မိတ်ဆွေ ကြာနတ်မွှယ်တဲ့"

"ဟုတ်ကဲ့ရှင်၊ တွေ့ရတာ ဝမ်းသာပါတယ်"

သူမက အိပ်မက်ကို အဓိပ္ပာယ်တစ်မျိုးနဲ့ ကြည့်

အပြုံးလှလှ ဖန်ဆင်း၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အိုင်လည်း ယူ့လိုပါပဲ၊ ဒီမှာလည်း ညို့ကို လှည်းက[illegible] သွားမလို့ အဖော်လာခေါ်တာ၊ ညိုက ယူနဲ့ ချိန်းထားလို့ တဲ့"

အိပ်မက်က သူ့ကို ဖျတ်ခနဲ ကြည့်သည်။

ဘယ်လို ဆုံးဖြတ်ရမလဲ ဆိုတဲ့ မေးခွန်းမျိုးပ[illegible] အိပ်မက် အကြည့်ထဲ ပါနေသည်။

အိပ်မက်ရယ် ... ဒါ မင်းဆုံးဖြတ်ရမှာကွယ့်။

"အားနာလိုက်တာ၊ မကြာနတ်နွယ် ကိစ္စက အရေးကြီးလို့ လား"

အဲဒီလို အားနာတတ်တဲ့ အိပ်မက်။

သူ မျက်နှာရိပ်ကို မဖတ်တတ်ဘူးလား။

"အလုပ်ကိစ္စ ဆိုပါတော့၊ အိပ်မက်တို့ကရော ဘယ်လဲ"

သူမ သိပ်စပ်စုလွန်းနေသလိုပင်။

"အိပ်မက်က မောင့်ကို ညနေစာကျွေးပြီး ရုပ်ရှင်လိုက်[illegible] နိုင်းထားတာ" -

အိပ်မက်က အရှိုးခံအတိုင်း အမှန်တွေ ဖွင့်ပြော[illegible] သည်။





"ဪ ... ဪ"

သူမက ထုံးစံအတိုင်း မျက်ခုံးလေးတွန့်ပြီး ခေါင်း ညိတ်သည်။

"မောင် လိုက်သွားချင် လိုက်သွားလေ၊ အိပ်မက်ကို နောက်မှ အကြွေးပြန်ဆပ်ပေါ့"

အိပ်မက်ကို ကိုင်လှုပ်ပစ်ချင်စိတ် ပေါက်သွားသည်။

သူမကတော့ အပြုံးလက်ခနဲ ...

"ကဲ ... ဘယ်လိုလဲ ညို၊ ယူ့အမျိုးသမီးက ခွင့်ပြုနေပြီ"

သူ ဆက်ငြင်း၍ မရအောင် မိန်းမသားချင်း စည်း [illegible]နေပြီကော။

"အိပ်မက်က ဘယ်လိုလုပ်မလဲ"

အိပ်မက်က သူ့ကို အားပေးသလို ပြုံးပြီး ...

"အိပ်မက် အိမ်ပြန်ပြီး စာကျက်မှာပေါ့"

ဒီလောက် ရိုးအ အားနာတတ်တဲ့ ကလေးမကို သူ [illegible]ယ်လိုအပြစ်တင်ရက်ပါ့မလဲ။

အသနားတောင် ပိုလာရသည်။

"ဒါဆို မောင် အိပ်မက်ကို အရင် အိမ်ပြန်ပို့ပေးမယ် ကြာနတ်နွယ် ကားယူမှာလား"



www.burmeseclassic.com

www.burmeseclassic.com



သူမက ခေါင်းညိတ်ပြီး ...

"ညို့ကားကို ထားခဲ့လေ၊ တစ်စီးပဲ သုံးတာပေါ့"

အိပ်မက်ကို သနားလာသည်နှင့်အမျှ သူမအပေါ် စိတ်တိုလာသည်။

အားမနာတတ်သော သူမနှင့် အရိပ်အကဲ နားလည်ရှာသော အိပ်မက်။

သူကရော ...

သူလည်း မပြတ်သားရဲ့တာ အပြစ်ပဲပေါ့။

* ÷ *





သူ တစ်လမ်းလုံး စကားမပြော။

စိတ်တိုနေတာရော၊ ဖြစ်နေတဲ့ အခြေအနေကို စကျေနပ်တာရော ရောပေါင်းပြီး နှုတ်ဆိတ်နေလိုက်သည်။

"ဘယ်လိုလဲ၊ ငြိမ်လှချည်လား ညို"

သူမက ကားကို ဂရုတစိုက် မောင်းရင်း သူ့ကို လှမ်းပြောသည်။

"ပြောစရာ စကားမှ မရှိတာ"

ဘုတောတယ်ပဲ ထင်ထင်။

တကယ်လည်း ဘုတောလိုက်ခြင်းပင်။

"ရော ... အိုင် အသက်ရှိတယ်ထင်လို့ အဖော်ခေါ်လာ တာ အခုတော့ အရုပ်ကြီး ဖြစ်နေပါလား"



www.burmeseclassic.com

www.burmeseclassic.com



သူမက ပေါ့ပေါ့ပါးပါးပင် သူ့ကို စနောက်ဖို့ ကြိုး

စားနေသေးသည်။

"ကဲပါ၊ ညို့မှာ ပြောစရာစကား မပါလည်း အိုင်ပဲ ပြော

တာပေါ့၊ ညို့ ကောင်မလေးက ချစ်စရာကောင်းတယ်နော်"

သူမက သူ သဘောကျနိုင်သည့် စကားနှင့် စဖွင့်

သည်။

ဒါလည်း သူ စကားမပြန်မိသေး။

"ပြောထားကွ၊ ဒီလောက် သဘောကောင်းရင် အနိုင်ကျင့်

ခံရတတ်တယ်"

လက်တွေ့ပဲပေါ့။

သူမ ညင်သာသိမ်မွေ့စွာ အနိုင်ကျင့်လိုက်တာကို

အိမ်မက် စံလိုက်ရပြီပဲ။

"ကျွန်တော့် အတွက်တော့ သူ ဖြူစင်တာလေးကိုက

မြတ်နိုးစရာပဲလေ"

သူမက အသံထွက်အောင်ပင် ရယ်မောနေသည်။

သူမ ရယ်နေပုံက သူ့စကားကို ထောက်ခံသည်

ထက် လှောင်သည့်ပုံ ပေါ်နေသည်။





"အင်းပါ ... ရှမ်းကြိုက်တော့ နွားချောပေါ့၊ ဆိုရိုးတောင်

ရှိသေးတာပဲ"

ဒီအမျိုးသမီး လူတွေအပေါ် သံသယများတတ်တဲ့

အကျင့်ရှိတယ်ထင်ပါ။

"ကဲပါကွာ ... ညို့ ကောင်မလေးဆီက အချိန်ဖွဲ့ယူခဲ့တဲ့

အတွက် ဆောရီးပဲ၊ သူကလည်း ကြည်ကြည်ဖြူဖြူဆိုတော့

အိုင် အားမနာခဲ့ဘူးပေါ့၊ ညိုကရော ငြင်းပါလား၊ အခုမှ

လိုက်လာပြီး ဒေါသဖြစ်နေတော့ အိုင် စိတ်ရှုပ်ရတာ

ပေါ့"

သူမ ပြောနေတာကလည်း အမှန်တွေပင်။

ဟုတ်တယ်။ အစကတည်းက သူ မငြင်းခဲ့တာပဲ။

"ကျွန်တော် ငြင်းလိုက်ရင် ကြာနတ်နွယ် ဘယ်လိုထင်

မလဲ"

သူမက ကားကို အရှိန်လျှော့ပြီး သူ့ဘက်လှည့်

ကြည့်သည်။

"ငြင်းပြီဆိုမှတော့ တစ်ဖက်လူရဲ့ ခံစားချက်ကို သိရော

လိုသေးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ သူမ စကားတွေကို တစ်ခါတလေ သူ နားမလည်ချင်။

"အားနာလို့ မငြင်းတာထက် ငြင်းပြီး စိတ်ရှင်းရှင်းနဲ့ နေ လိုက်ရတာက ပိုမကောင်းဘူးလား"

ဒီစကားကိုတော့ သူ အကြွင်းမဲ့ ထောက်ခံဖြစ်သွား သည်။

နောက်ပိုင်း တောက်လျှောက် စကားမပြောဖြစ် တော့။

သူမပြောတဲ့ စံပယ်ခြံထဲ အရောက်မှာတော့ သူ့စိတ် တွေ ပြန်ပြီး လန်းဆန်းကြည်လင်သွားရသည်။

မကြည်လင်ဘဲ ခံနိုင်ရိုးလား။

အစိမ်းရောင် စံပယ်ရွက်တွေနဲ့ အဖြူရောင်လွှလွှ စံပယ်ပွင့်၊ စံပယ်ဖူးတွေက လိမ္မော်ရောင် နေမင်းကို ကြည်ဖြူ ခွင့်လွှတ်စွာ နှုတ်ဆက်နေပုံက လှပအသက်ဝင်လွန်းနေသည်။

ဒီကြားထဲ မာယာတွေနဲ့ ပြည့်နှက်တက်ကြွနေတဲ့ သူမက စံပယ်ခင်းထဲမှာ ကလေးတစ်ယောက်လို မြူးတူးနေတာ တော့ ...





အိပ်မက်သည် သူ့အတွက် နှင်းပန်းအဖြူရောင် နုနုလေးဖြစ်ပြီး ...

သို့မကတော့ ဖြိုင်ကားအနီရောင်လေးနဲ့ တူသူဖြစ် သည်။

* ⁘ *



www.burmeseclassic.com

www.burmeseclassic.com



လှည်းကူးကအပြန် အိပ်မက် ကြိုက်တတ်သော ဝက်သားကောက်ညှင်းထုပ်ကို တရုတ်တန်းမှာ ဝင်ဝယ်လိုက်ပြီး အိပ်မက်ဆီ ရောက်သွားခဲ့သည်။

သူ ရောက်သွားစဉ် အိပ်မက်က တကယ်ပင် စာကြည့်စားပွဲရှေ့မှာ ...

ကုပ်ပိုးဖြူဖြူလေးပေါ်အောင် ဆံပင်များကို စုစည်းသိမ်းတင်ပြီး စာကျက်နေသော အိပ်မက်။

သူ ဝင်လာတာကိုပင် မသိ။

မျက်စိလေးမှိတ်ပြီး အသံခပ်တိုးတိုးနှင့် နှုတ်ခမ်းလေးလှုပ်ရှုပြီး စာကျက်နေသည်။

အသုံးချခံလိုက်ရသည်ကိုပင် မသိရှာဘဲ ငြိမ်းချမ်းစွာ စာကျက်နေရှာသူလေး။





"အိပ်မက်"

သူ့အသံကြားလိုက်သည်နှင့် အိပ်မက် ခေါင်းလေး ဆတ်ခနဲ လှည့်လာပြီး ...

"ဟင် ... မောင်၊ ဘာဖြစ်လို့လဲ"

အိပ်မက် သူ့ကို ပြန်လာလိမ့်မည် မထင်၍ အံ့သြနေသည်။

"အိပ်မက် အတွက် မုန့်လာပို့တာ"

သူ့လက်ထဲက မုန့်ထုပ်ကို မြှောက်ပြပြီး ပြောလိုက်ချေ၊ အိပ်မက်က ကလေးတစ်ယောက်လို နေရာမှ ဆတ်ခနဲထပြီး သူ့လက်ထဲကမုန့်ကို လာယူသည်။

"ဟာ ... ဝက်သားကောက်ညှင်းထုပ်၊ အတော်ပဲ၊ အိပ်မက် ဗိုက်ဆာနေတာ၊ ဒီတစ်ပုဒ်ရပြီးရင် ကော်ဖီနဲ့မုန့် ထစား မလားလို့ စိတ်ကူးနေတာ၊ မောင်လာတာနဲ့ အတော်ပဲ"

အိပ်မက်က သူ့ကိုပဲ လက်ဆွဲပြီး ထမင်းစားခန်းထဲ ခေါ်သွားသည်။

တီဗီကြည့်နေသော အန်တီက သူတို့နှစ်ယောက်ကို မြင်ကြည့်လျက် ...

www.burmeseclassic.com

www.burmeseclassic.com



"ထဲ _ အိပ်မက် ထိုင်နေ၊ မောင် ကော်ဖီဖျော်ပေးမယ်"

အိပ်မက်က သူ့စကားအတိုင်း ထိုင်နေပြီး သူ ကော်ဖီဖျော်တာကို လိုက်ကြည့်နေသည်။

သူကတော့ အိပ်မက်အတွက် အကောင်းဆုံး ကော်ဖီ တစ်ခွက်ကို ဖန်တီးလျက် ...

"ရော့ ... ရပြီ၊ သောက်ကြည့်"

အိပ်မက်ရှေ့မှာ ကော်ဖီတစ်ခွက်နဲ့ လိုးထားသော ဝက်သားကောက်ညှင်းထုပ် ပန်းကန်လေးကို ချပေးလိုက်သည်။

အိပ်မက်က သူ့ကော်ဖီကို တစ်ငုံမြည်းလိုက်ပြီး ...

"အိုး ... ဗွတ်ဒ်၊ မောင့်လက်ရာက အပျံစားပါပဲလား"

သူ့ ဖွန်းနဲ့ ယူမြည်းကြည့်လိုက်စဉ် အရသာက အချိုဘက်ကဲပြီး လေးနေတာကို သတိထားလိုက်မိသည်။

သူမ ကော်ဖီကို ဘယ်လိုဖန်တီးပါလိမ့်။

သွားစမ်းကွာ ... အိပ်မက် အနားမှာ ရှိနေချိန်မှာ သူမအကြောင်း မတွေးမိကြေး။

သူ့စိတ်ကိုသူ ပြန်စိန်ခေါ်လိုက်ပြီး သူမကို ခေါင်းထဲက ခါထုတ်လိုက်သည်။



"အိပ်မက်က ဘာဖြစ်လို့ ညနေက မငြင်းလိုက်ရတာလဲ"

မုန့်စားပြီးတော့မှ ညနေက ကိစ္စကို မကျေမနပ် မေးလိုက်သည်။

"ဟင် ... သူ့ကိစ္စက အလုပ်ကိစ္စဆိုတော့ ..."

သူ ခေါင်းခါလိုက်ပြီး ...

"အဲဒါ သူ့အလုပ်လေ၊ မောင်တို့အလုပ်မှ မဟုတ်တာ"

အိပ်မက်က သူ့ကို နူးညံ့စွာ ပြုံးကြည့်ပြီး ...

"မောင်လည်း လိုက်သွားချင်တယ် ထင်လို့ပါ"

သူ လဲသေချင်စိတ်ပင် ပေါက်သွားသည်။

ဘယ့်နှယ် ... သူ့ချစ်သူက သူ့စိတ်ကို မဖတ်တတ် တော့ဘူးလား။

"လိုက်ချင်စရာလားကွ၊ အိပ်မက်နဲ့ ချိန်းထားတဲ့ဟာကို"

သူ့အသံက စိတ်ဆိုးပြီး အနည်းငယ်ပင် မာသွားသည်။ ဒါပေမဲ့ အိပ်မက်ကို စိတ်ဆိုးခြင်းတော့ မဟုတ်။

"မောင် ... မောင့်ကို မေးစရာရှိတယ်၊ စိတ်မဆိုးနဲ့နော်"

အိပ်မက် မျက်နှာလေးက သနားစဖွယ် တည်သွားပြီး ခပ်တိုးတိုး တောင်းဆိုသည်။

www.burmeseclassic.com



"အင်း … မေး၊ မောင် စိတ်မဆိုးဘူး"

အိပ်မက်က သူ ခွင့်ပြုလိုက်ပေမဲ့ မေးသင့် မမေးသင့်ကို ပြန်စဉ်းစားနေပြန်သည်ထင်။

ချိတုံချတုံ ဖြစ်နေလျက် …

"မေးလေ၊ အိပ်မက် ဘာမေးမလို့လဲ"

အိပ်မက်က သက်ပြင်းဖျော့ဖျော့ကို ဖွဖွလေးချလိုက်ပြီး …

"မောင်နဲ့ ကော်ဖီဆိုင်မှာ တွေ့တွေ့နေတယ်ဆိုတာ သူလားဟင်"

သူ့ရင်ထဲက အသံကို ကျယ်လောင်စွာ သူ့ဘာသာ သူ ပြန်ကြားလိုက်ရသည်။

**"အိပ်မက်ကို ဘယ်သူပြောတာလဲ"**

**အိပ်မက်က သူ့လက်ကို** အားပေးသည့်ပုံစံဖြင့် ခပ်တင်းတင်း ဆုပ်ထားပေးရင်း …

"အိပ်မက် သူငယ်ချင်းတွေ ပြောတာ"

ဝန်ခံချင်ပေမဲ့ ဝန်မခံရက်။

အိပ်မက် နှာကျင်အထင်လွဲသွားမှာ စိုးရိမ်လှသည်။





"မောင် မဖြေချင်လည်း ရပါတယ်"

အိပ်မက်မှာ အဖြေကိုပင် ကြားနိုင်တဲ့အင်အား မရှိ.

"အိပ်မက် … မောင် ပြောတာ သေသေချာချာ နားထောင်ရမယ်၊ ပြီးတော့ မောင်ပြောတာကိုလည်း ယုံရမယ်၊ ဟုတ်လား"

အိပ်မက်က မျက်ရည်ဝဲလာပြီး ခေါင်းညိတ်ပြသည်။

သူ့လက်ကို တင်းတင်းဆုပ်ထားတဲ့ အိပ်မက်လက်…င်းလေးတွေကို သူ ပြန်ဆုပ်ကိုင်ထားလိုက်ပြီး …

"မောင်နဲ့ ကြာနတ်နွယ် ကြားမှာ ဘာအရောင်မှ မရှိဘူး။ သူနဲ့ ကော်ဖီဆိုင် ထိုင်ကြတယ်ဆိုတာ ဟုတ်တယ်၊ ဒါပေမဲ့ ဘာသဘောနဲ့မှ မဟုတ်ဘူး၊ မောင် သူ့ကို သဘောကျတာတော့ မှန်တယ်၊ ဒါပေမဲ့ အဲဒါ မိတ်ဆွေအဆင့်ပဲ၊ မောင်ချစ်တာ အိပ်မက်၊ မောင့်မှာ အိပ်မက်ဆိုတဲ့ ချစ်သူရှိတယ်၊ အဲဒါကို မောင် ယုံကြည်တယ်၊ ဘယ်တော့မှလဲ အဲဒီယုံကြည်ချက်ကို မပြောင်းလဲပစ်ဘူး၊ အိပ်မက် ယုံလား"



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်က နှမ်းလျှသည့်ကြားက အားတင်းပြီး
ပြီး ခေါင်းညိတ်ရှာသည်။

"စိတ်ချ အိပ်မက်၊ မောင့်ရင်ထဲမှာ အိပ်မက်ပဲ ရှိတယ်

သူ့ကိုယ်သူ အပြစ်များစွာ ကျူးလွန်ထားမိသူ
နောင်တတွေ အထပ်ထပ် ရနေမိသည်။

သူ့ အိပ်မက်က နိုးထလာတာကိုပင် ကျေးဇူး
ရတော့မည်။

ဒါပေမဲ့ သူမက ထိုအိပ်မက်ကို ဆက်မက်နေဦး
လား။

✻ ⁘ ✻





ရှောင်ကာမှ တည့်တည့်တိုးသည် ဟူသော စကား
သူနဲ့ လာတိုက်ဆိုင်နေသည်။

သူ့သူငယ်ချင်းနဲ့ အလုပ်ကိစ္စ စကားပြောအပြီး
စွည်းတစ်ခု ဝယ်နေစဉ် သူ့ဘေး၌ လာရပ်သော အရိပ်
ခု။

ထိုအရိပ်ဆီက မှတ်မိနေသော ရေမွှေးနံ့ကြောင့်
ကြည့်စဉ် သူ့ကိုပြုံး၍ ကြည့်နေသော သူမ။

"အိုင်က လှပျော့က်ကြော်ပြာတော့မလို့"

သူမနဲ့ မတွေ့ဖြစ်တာ ဆယ်ရက်လောက်ပင် ရှိသေး
သူမက ရင်းရင်းနှီးနှီး ပိုင်ပိုင်နိုင်နိုင်ပြောလျက်။

"အလုပ်တွေ မအားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမကိုင်ဖြစ်တာ အလုပ်နဲ့မဆိုင်ဟု သူ ပြောမလ
ချော်လင့်ထားပေမဲ့ မပြော။

"လမ်းမကြီးမှာ လာလေ၊ တစ်ခုခု သွားစားရအောင်"

သူ့မိတ်ဆွေက သူတို့ကို အားနာစွာ ကြည့်နေသည်

"လာပါ၊ ညို့မိတ်ဆွေပါ ခေါ်ခဲ့လေ"

သူမက ပါလာသူကိုပါ လှည့်စည်းရုံးနေသည်။

"ရပါတယ်၊ မင်းတို့ဘာသာပဲ သွားကြပါ၊ ငါ ကိစ္စရှိ
လို့ သွားတော့မယ်"

သူမက ထပ်ပြီး အတင်းမတိုက်တွန်း။

ကမန်းကတန်း ထွက်သွားတဲ့ သူ့သူငယ်ချင်း
ကျောကို ကြည့်ပြီး သူလည်း ငြင်းဖို့ကောင်းသည်ဟု နောင်
ရနေပြန်သည်။

"ဟိုနေ့က လှည်းကူးအပြန် အိုင် ညို့ကို ဘာမှမ
လိုက်ရဘူး၊ ညိုကလည်း စိတ်မကြည်တော့ တမင်ဘယ်
မဝင်ဖြစ်တော့တာ"

သူမက လွန်ခဲ့တဲ့ ဆယ်ရက်ခန့်ကကိစ္စနဲ့ အကြော
ပြန်ဆက်သည်။





"ကော်ဖီ သောက်မလား၊ ဒါမှမဟုတ် အအေးတစ်ခုခု
သောက်မလား"

သိပ်ပူနေချိန်ဖြစ်၍ အအေးနဲ့ ပိုလိုက်ဖက်ပေလိမ့်
ည်။

"အိုင် ကားမပါဘူး၊ ထုံးစံအတိုင်း ကားရင်ကျပ်နေလို့
ဆေးရုံပို့ထားရတယ်"

သူမက ဘာမှမဖြစ်ခဲ့သလို အရွှမ်းဖောက်လျက် ...
"ညို့ကားနဲ့ သွားမှာဆိုတော့ ညိုကြိုက်တဲ့ ဆိုင်ကိုသာ
မောင်းပေတော့"

သူမက သူနဲ့ရပ်လျက် ပါလာသည်။

မထူးတော့ပြီမို့ အနီးဆုံး အအေးဆိုင်တစ်ခုကိုသာ
ောင်းလိုက်သည်။

သိပ်ပူတဲ့အချိန်မှာ အဖြူရောင်အကျီပါးပါးကို ခပ်
ွတ်ထားသဖြင့် သူမအသွင်က ပေါ့ပါးပြီး အေးမြနေသလို
င်။

စတော်ဘယ်ရီမစ်(ခ်)ရှိတ်(ခ်)မှာတော့ သူမပါ လိုက်
သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ၊ စိတ်ဆိုးပြေပြီလား"

အလိုလေး သူနဲ့ သူမက စိတ်ဆိုး စိတ်ကော[illegible] ရမဲ့ အနေအထားတွေလား။

"ဟာ ... ကြာနတ်နွယ် ဘာတွေပြောနေတာလဲ၊ ကျွန်တေ[illegible] က ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ"

စံရခက်စွာ ချက်ချင်းပြန်ငြင်းလိုက်သည်။

သူ ငြင်းလိုက်သည်ကိုပင် သူမက ချစ်စနိုးအသွ[illegible] ဖြင့် ရွှးရွှးရဲရဲ ပြုံးတုံ့တုံ့ကြည့်နေပြန်သည်။

"ညို"

ပြီးတော့ အသံက ချက်ချင်းပင် နူးညံ့ပျော့ပျောင်[illegible] သွားပြီး ...

"ညို စိတ်ဆိုးနေရင် အိုင် မနေတတ်ဘူး၊ စိတ်မဆိုးနဲ့ တော[illegible] နော်"

သူ့အတွက် နားလည်ရခက်ဆုံး ကဗျာတစ်ပုဒ်[illegible] သူမ ဖန်တီးနေလေသလားး မသိ။

ဒီတစ်ခါတော့ သူ စိတ်တွေ မလှုပ်ရှားတော့။





အာရုံတွေ မမှားယွင်းတော့။

သူမကို တည်ငြိမ်စွာ ရင်ဆိုင်ဖို့ အသင့်ဖြစ်နေလေ

* + *



www.burmeseclassic.com

www.burmeseclassic.com



သူ နောက်ဆုတ်ကာမှ သူမ ခြေလှမ်းတွေက ပို

ပြီး ပိုမြန်လာသည်။

အိပ်မက် စာမေးပွဲရက်မှာ အလုပ်ကိစ္စဖြင့် ခရီးထွ

နေသဖြင့် အိပ်မက်နဲ့ မတွေ့ဖြစ်။

ရန်ကုန် ပြန်ရောက်ပြီး အိပ်မက် အတွက် ဝယ်လာ

ခဲ့သော ဆွယ်တာအကျီနှစ်ထည်ကို သွားပို့စဉ် အိပ်မက်ဆီက

သတင်းထူး ကြားခဲ့ရလေသည်။

အိပ်မက်က သူ ဝယ်လာခဲ့သော အပြုရောင်နှင့်

အနီရောင် ဆွယ်တာနှစ်ထည်ကို မက်မောမြတ်နိုးစွာ ဖြန့်ကြည့်

ပြီး ကျေနပ်နေသည်။

မတွေ့ဖြစ်တာ တစ်ပတ်ကြာပြီဖြစ်တဲ့ ချစ်သူကို

သူလည်း ကြည်နူးကြင်နာစွာ ကြည့်နေမိလျက် ...





"မောင် ဟိုတစ်ယောက်နဲ့ တွေ့ဖြစ်သေးလား"

အိပ်မက်စကားကို ရုတ်တရက် သူ နားမလည်။

သူ ကြောင်ကြည့်နေစဉ် ...

"ဩော် ... မကြာနတ်နွယ်နဲ့ တွေ့ဖြစ်သေးလားလို့"

သူ ခေါင်းခါလိုက်ပြီး ...

"မတွေ့ဖြစ်ဘူး အိပ်မက်၊ အခု ရောက်ရောက်ချင်းနား၊

ရေမိုးချိုးပြီး အိပ်မက်ဆီ ထွက်လာတာ"

အိပ်မက်က သူ့ကိုယုံကြည်တဲ့ အကြည့်နုနုလေး

များဖြင့် ကြည့်နေရှာသည်။

"အိပ်မက် စာမေးပွဲဖြေတဲ့နေ့က သူနဲ့ တွေ့တယ်"

သူ့ကိုယ် မတ်ခနဲ ဖြစ်သွားသည်။

သွေးကြောတွေကလည်း ထိတ်လန့်စွာ ဆူဝေလာ

သည်။

သူမ အိပ်မက်ကို တစ်ခုခု နာကြင်ကြေကွဲအောင်

လုပ်ခဲ့မှာ စိုးရိမ်လာသည်။

"မတော်တဆ တွေ့တာပါ၊ သူက Alliance မှာ စာအုပ်

လာငှားတာတဲ့၊ သူလည်း ပြင်သစ် စကားတတ်တယ်ကိုး"



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ကို ပြင်သစ်ဘာသာ ယူရန် တိုက်တွန်းခဲ့ဖူးသည်ကို လိပ်ပြာမလုံ။

"အဲဒီနေ့က မေမေ ကိုးကွယ်နေကျ ဘုန်းကြီး နေမကောင်းဖြစ်လို့၊ ကားရော မေမေပါ ဘုန်းကြီးနားမှာ Stand by ရှိနေကြလို့၊ အိပ်မက်ကို လာမကြိုဖြစ်ဘူး၊ အိပ်မက် ကားငှားတာ တွေ့ပြီး အိမ်အထိ သူလိုက်ပို့ပေးတယ်"

ဒီအချိန်အထိ အဖြစ်အပျက်က ရိုးရိုးနဲ့ သာမန်သာ။

**"အိမ်ရောက်တော့ အိပ်မက်လည်း ညွှေဝတ်ကျေအောင် အိမ်ထဲခေါ်ခဲ့တယ်"**

အိပ်မက်ရဲ့ အားနာပြီး ဖြူစင်သော စိတ်ဓာတ်အရ ဒီလိုပဲ လုပ်လိမ့်မည်ကို သိပြီးသား။

"သူနဲ့ အိပ်မက် စကားတွေ ပြောဖြစ်ခဲ့တယ်"

အိပ်မက် အသံက တဖြည်းဖြည်းလေးပြီး တိုးဖျော့လာသည်။

စိတ်ထဲမှာ တစ်ခုခု ကြေကွဲနေတိုင်း အိပ်မက်ရဲ့ အမူအရာက ဒီလိုဖြစ်သွားတတ်မြဲ။





"သူနဲ့မောင်က သိပ်ခင်တာတဲ့၊ မောင့်အကြိုက် မောင့်အလိုက်ကို သိလို့ မောင်က ခင်တာထင်တယ်တဲ့"

သူမ စကားတွေက အိပ်မက် မပြောနိုင်။

သူပင် ဝေဝါး ထွေပြားသွားစေသလိုပင်။

သူ ဒါကြောင့် သူမနဲ့ ပတ်သက်ခဲ့လေသလား။

"ပြီးတော့ အိပ်မက် သူ့ကို ကော်ဖီဖျော်တိုက်တယ်"

သူမ ပြောခဲ့မဲ့ စကားကို သူ စိုးထိတ်စွာစောင့်မျှော်နေဆဲမှာပင်။

"မောင်က ပြောတယ်တဲ့၊ သူဖျော်တဲ့ ကော်ဖီက မောင်သောက်ဖူးသမျှထဲမှာ အရသာအရှိဆုံးပဲတဲ့"

သူမ ပွင့်လင်းမှုက ရိုးသားတဲ့ မြားချက်တွေမဟုတ်တာ သူ ရိပ်မိလာသည်။

"အိပ်မက် မောင့်ကို ယုံပါတယ်"

အိပ်မက် စကားအားလုံးရဲ့ နိဂုံးကို လှပစွာ အဆုံးသတ်သည်။

အိပ်မက် နိဂုံးက သူ့ကို နောင်တဖြင့် အကြိမ်ကြိမ် မွန်းနစ်သေဆုံးနေစေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမိန်းမ ရှုးနေလား မသိဘူး"

သူ့ ဒေါသဖြင့် ရေရွတ်အပြစ်တင်လိုက်စဉ် အိပ်မက်က ပြည့်ဝကြင်နာတဲ့ အပြုံးနဲ့ သူ့ကို လှမ်းကြည့်ပြီး ...

"သူ မရှုးပါဘူး မောင်၊ အိပ်မက် သူ့ကို နားလည်နေတယ်၊ ဒါပေမဲ့ မောင် နားလည်ပေးတယ်ဆိုတာ အတိုင်းအတာ အကန့်အသတ်တစ်ခုတော့ ရှိတယ်၊ အဲဒီဘောင်အပြင်ဘက်ကိုတော့ မထွက်ကြပါနဲ့နော်"

အိပ်မက် အသံက လှိုက်လှဲတုန်ခါနေပေမဲ့ မာထန်ပြတ်သားမှုတွေ စိမ့်ဝင်နေသည်။

❋ ❋ ❋





"ညို ခရီးထွက်နေတာလား၊ ဖုန်းဆက်တိုင်း Out of service ချည်း ကြားနေရတယ်"

သူမက သူ ဖုန်းကိုင်လိုက်သည်နှင့် ပြောချင်တာကို အရင်ဆီးပြောသည်။

"ဟုတ်တယ်၊ မနက်ကမှ ပြန်ရောက်တာ"

ဝတ်ကျေတန်းကျေ ပြန်ဖြေလိုက်စဉ် ရယ်သံညင်းညင်းကို ကြားရပြီး ...

"ညို နည်းနည်းပိန်သွားတယ်"

သူ အံ့သြနေဆဲမှာပင် သူမက ဖုန်းပြောလျက်နှင့် သူ့ရှေ့ ရောက်လာသည်။

ဒီတစ်ခါလည်း လမ်းကြုံတာပဲလားလို့ မေးချလိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့တော့ အပြင်မခေါ်ထုတ်တော့ဘူး၊ အိုင် မုန့်နဲ့ကော်ဖီ ယူလာတယ်၊ ဒီမှာပဲ စားကြတာပေါ့"

သူမက ကားထဲမှ ခြင်းတောင်းငယ်တစ်ခုကို ယူထုတ်လာပြီး ပြောသည်။

ပြီးတော့ သူ့ကိုပင် ခွင့်မတောင်းတော့ဘဲ သူ့စားပွဲပေါ်တွင် ခင်းကျင်းပြင်ဆင်လျက် ...

စက်သမားတချို့က ပြုံးစိစိနှင့် ကွက်ကြည့် ကွက်ကြည့် လုပ်နေကြတာ တွေ့ရသည်။

ခက်တာပဲ၊ နှင်လို့လည်း မကောင်း။

တားရအောင်လည်း သူမက စိတ်ထင်တာလျှောက်လုပ်နေသည်။

"ဒီနေ့ အိုင် ဆိုင်ပိတ်ထားတယ်လေ၊ ဒါကြောင့် အေးအေးဆေးဆေး အချိန်ရတာ၊ အစက ညီနဲ့ တစ်နေရာရာသွားမလို့ပဲ၊ ဒါပေမဲ့ ညီ့ကို အဆက်အသွယ် မရလို့ မစီစဉ်ဖြစ်တော့ဘူး"

သူမတော့ မသိ။ သူမ ဒီလိုလုပ်နေတာကို အလုပ်တိုက်ကလူတွေ ကြည့်နေ၍ သူ မနေတတ်တော့။





"ကဲ ... အဲဒါတွေ သိမ်းလိုက်တော့၊ အပြင်မှာပဲ တစ်ခုခု သွားစားရအောင်"

တမင်ပဲ သူ ဒီလိုပြောအောင် လုပ်လေသလားမသိ။ သူ့ဆီက စကားကြားသည်နှင့် ပစ္စည်းများကို အမြန်ဆုံး ပြန်သိမ်းနေသည်။

သူ ကားပေါ်ရောက်မှ သူမက အောင်နိုင်သူအပြုံးနဲ့ ...

"ကဲ ... ဘယ်မောင်းရမလဲ"

လောလောဆယ် သူ့ဦးနှောက်ထဲမှာ ဘာမှ အစီအစဉ်မရှိ။ ဘယ်သွားရမှန်းလဲ မသိ။

"ကြိုက်တဲ့နေရာသာ သွား"

စိတ်ရှုပ်ရှုပ်နဲ့ ပြန်ဖြေလိုက်စဉ် သူမက ဘယ်နေရာလဲဆိုတာ မပြောဘဲ၊ ကားကို မောင်းထွက်လိုက်သည်။

သူမ ရွေးချယ်လိုက်တဲ့ နေရာက ဆိတ်ငြိမ်အေးချမ်းတဲ့ နေရာတစ်ခုဆိုတာ နောက်မှ သိလိုက်ရသည်။

ရန်ကုန်မြို့လယ် ပန်းခြံတစ်ခု ဖြစ်ပေမဲ့ ကြားရက် ဖြစ်နေခြင်းကြောင့် လူနည်းကျဲပါးစွာ။



www.burmeseclassic.com

www.burmeseclassic.com



*အပင်အုပ်အုပ်ဆိုင်းဆိုင်းနဲ့ သိပ်လှည်း အေးမြသော* အရိပ်များက နားခိုချင်စရာ။

"အစကတည်းက ညိုနဲ့ မတွေ့ရင် ဒီလာမလို့ပဲ"

သူမက ကြိုတင်စီစဉ်ခဲ့သူကိုး။

"ညို အိုင်ဘေားမှာ ငြိမ်ငြိမ်လေး ရှိပေးနေရင် ရပြီ"

သူမက သူ့ကိုပြောပြီး ကားနောက်ဖုံးထဲမှ ပစ္စည်းတချို့ကို ဆွဲထုတ်နေသည်။

ပစ္စည်းအားလုံး ပီပြင်လာတော့မှ သူ သဘောပေါက်သွားသည်။

သူမက ပန်းချီလည်း ဆွဲတတ်သူကိုး။

"ပန်းချီလည်း ဆွဲတတ်တာပဲလား"

သူမနဲ့ ဒေါက်ဝိုင်းထောက်ပေးရင်း မေးလိုက်မိသည်။

"အင်း ... ဟိုမှာတုန်းက ဆွဲဖြစ်တယ်၊ ဒီမှာတော့ တစ်ခါတလေမှ စိတ်ထဲမှာ တော်တော်ကြီး မှုန်းကျပ်မွှတ်သိပ်လွန်းမှ"

ဒါဆို အခု သူမစိတ်တွေ မှုန်းကျပ်မွှတ်သိပ်နေတယ်ပေါ့။





ဒေါက်ပေါ် ပိတ်ကားချပ်တင်မှ ဆွဲလက်စပန်းချီကားတစ်ခု ဆိုတာ တွေ့လိုက်ရသည်။

"ဆက်မဆွဲဘဲ သိမ်းထားတာ ကြာလှပြီ။ မနှစ်က မေမေနှစ်ပတ်လည်နေ့မှာ ဆွဲထားတာ"

"ဩော် ... တစ်နှစ် ကျော်ပြီပေါ့"

သူမက ခေါင်းညိတ်ပြီး ဆေးတွေပြင်နေသည်။

ကောင်းသားပဲ၊ ပန်းချီဆရာတစ်ယောက်ရဲ့ ပန်းချီဆွဲတာကို အနီးကပ် စောင့်ကြည့်ခွင့် ရတာပေါ့။

"ညိုက ကော်ဖီသောက်နေနော်"

သူမက သူ့လက်ထဲသို့ ကော်ဖီတစ်ခွက် ထည့်ပေးသည်။

သူမမှာ ဒီလို စေ့စပ်စွာ စီစဉ်တတ်တဲ့ အကျင့်ကောင်းကလေး တစ်ခုကိုတော့ မချီးကျူးဘဲ မနေနိုင်။

"ကျေးဇူးပဲ ..."

သူမက အရိပ်ကောင်းကောင်း သစ်ပင်အောက်မှာ ပန်းချီဆွဲ၊ သူက သူမနဲ့ ခပ်လှမ်းလှမ်းရှိ မြက်ခင်းစိမ်းစိမ်းမှာ ကော်ဖီမြု့။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားတဲ့ ငြိမ်းချမ်းမှုအရသာကြောင့် အခြေအနေ

အားလုံးကိုပင် မေ့ချင်သလို။

တစ်ချက် တစ်ချက် ဝှေ့တိုက်လာတတ်တဲ့ လေပြေ

တချို့က သူမရဲ့ ကပိုကရို ဆံနွယ်များကို ဆော့ကစားလိုက်

သူမဆီက ခေါင်းလျှော်ရည်နံ့သင်းသင်းကို သူ့ဆီ သယ်ဆော

ပေးလိုက်နဲ့။

သူမ ဆွဲနေတာ ဘာပုံမှန်း သူ နားမလည်။

ဒါပေမဲ့ အရောင်ရင့်ရင့် မှိုင်းမှိုင်းတွေသာ သုံးထား

ကြောင်း တွေ့ရသည်။

တစ်ခါတလေ မြန်မြန်ဆန်ဆန် တို့သုတ် လှုပ်ရှား

လိုက်၊ တစ်ခါတလေ နှေးလေးစေးပျစ်စွာ ခြယ်သလိုက်နှင့် သူမ

လှုပ်ရှားမှုတွေကပင် ပန်းချီကားတစ်ချပ် ဖြစ်နေပြန်သည်။

ဘာရယ်မဟုတ် ကော်ဖီလည်း ကုန်ပြီမို့ မြက်ခင်း

ပြင်ပေါ် ပက်လက်လှန် လှဲချလိုက်သည်။

ကုန်းလျှောလေးဖြစ်၍ လှဲရတာလည်း သက်သော

သက်သာ ရှိစေပြီး သူမကိုလည်း ကောင်းကောင်းလှမ်းမြင်ရ

သည်။





အတန်ကြာမှ သူမက သူ့ဘက်လှမ်းကြည့်ပြီး ပြုံး

သည်။

ပြီးတော့ စုတ်တံကို ရေခွက်မှာ နှစ်ပြီး သူ့ဆီ

လျှောက်လာသည်။

သူမအနား ရောက်လာပြီဖြစ်၍ လှဲနေရာမှ ထလိုက်

စဉ် ...

"အဲဒီအတိုင်း ဆက်နေလေ ညို၊ ညို့ရဲ့အဲဒီပုံစံက ကလေး

ဆန်လို့ အိုင် ကြည့်နေချင်တယ်"

သူ လူးလဲထပြီးသား ဖြစ်သွားသည်။

သူမ ကြည့်ကောင်းတယ် ဆိုတာနဲ့ သူက ဆက်နေ

ပေးရမလား။

မဆိုင်လိုက်တာ။ သူ့ရဲ့အပြုအမူတိုင်းကို အသေးစိတ်

ကြည့်ရှုကျက်မှတ်နေသလို ခံစားနေရသည်။

ပြီးတော့ ... သူမ အကြည့်တွေ ပိုပြီး နူးရဲလာတတ်

တာကိုလည်း သတိထားမိလာသည်။

"ညိုကလေ ကြီးချည်ထားတဲ့ မိုးပျံပူပေါင်းလိုပဲ၊ အဝေး

ကြီး အမြင့်ကြီး လွင့်တက်ဖို့ ကြိုးစားလိုက်၊ ကြိုးစကြောင့်

တို့ခနဲ ပြန်ဖြစ်သွားလိုက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကြိုးက အိပ်မက်ဆိုတဲ့ သူ့ချစ်သူပါလို့ သူမ
ပြောချင်တယ်ထင်ရဲ့။

"ကြာနတ်နွယ်ကရော ပြိုင်ကားတစ်စီးလိုပဲ အနိုင်ရဖို့
အတွက် တရကြမ်း တရတွန်း ဘေးဘီကို အာရုံမပြုဘဲ
မောင်းနေသလိုပဲ"

သူ့စကားအဆုံး သူမက အားပါးတရ ရယ်သည်။

ပြီးမှ ...

"ပြိုင်ကားဆိုတာ မရပ်မနား မောင်းနေရတာမှ မဟုတ်
တာ ညီရဲ့၊ ပန်းတိုင်ရောက်ရင် ငြိမ်သွားမှာပါ၊ ပန်းတိုင်
မရောက်မချင်းတော့ ..."

ပြီးတော့ သူမ ဆက်ရယ်နေသည်။

သူ့အတွက် သူမသည် လုပရူးရဲသော ပန်းတစ်ပွင့်
အဖြစ်ကနေ အံ့ဩစရာတွေနဲ့ ပြည့်သိပ်နေတဲ့ ပဥ္စလက်ဖန်အူ
လေး အဖြစ်သို့။

* ⁘ *





"မောင် အလုပ်တိုက်ကို မနေ့က အိပ်မက် ရောက်တယ်၊
မေမေလည်း ပါတယ်၊ မေမေနဲ့ ဈေးပတ်ရင်း အပြန်ဝင်
လိုက်တာ"

အိပ်မက်ဆီ ဖုန်းဆက်စဉ် အိပ်မက်ဆီက စကား
ကြောင့် သူ ခေါင်းကြီးသွားရပြန်သည်။

"မောင် ညှိုသည်တစ်ယောက်နဲ့ အပြင်ထွက်သွားတယ်
ဆို"

အဲဒီညှိုသည်က အမျိုးသမီး ဆိုတာရယ်၊ အဲဒီ
အမျိုးသမီးက ကြာနတ်နွယ် ဆိုတာရယ်၊ အိပ်မက် သိခဲ့လေ
သလား။

တွေးပူနေစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းခေါ်မလို့ကို မေမေက မောင် အလုပ်ကိစ္စ စကား ပြောနေရင် အနှောင့်အယှက် ဖြစ်နေမယ်ဆို မခေါ်နဲ့ဆိုလို့ မခေါ်ဖြစ်တော့ဘူး"

လိမ္မာလိုက်တာ အိပ်မက်ရယ်လို့ပဲ ပြောရမလား။ ကကောင်းလိုက်တာ ညိုမင်းသွင် ရယ်လို့ပဲ သူ့ကိုယ်သူ ပြောရ မလား။

"ဒါနဲ့ အိပ်မက်ကို မောင် အကြွေးဆပ်ရဦးမယ်၊ အဲဒီ အတွက် အိပ်မက်ဆီ ဖုန်းဆက်လိုက်တာ၊ ဘယ်တော့ ဆပ်ရမလဲ"

သူမကြောင့် ပျက်သွားခဲ့ဖူးတဲ့ အစီအစဉ်က ိပ်မက် အပေါ် သူ အကြွေးကျန်နေဆဲ။

"လောလောဆယ်တော့ မဖြစ်သေးဘူး မောင်၊ မေမေ ခုတလော သွေးတိုးနေလို့ အိပ်မက် မေမေ့နားမှာ စောင့် ကြည့်နေချင်သေးတယ်"

အိပ်မက်က ငြင်းပြန်တော့ ပိုပြီး အပြစ်ရှိလာသလို ပင်။

"ဒါဆို မနက်ဖြန် ညနေ မောင် မုန့်ဝယ်လာမယ် အိပ်မက် အိမ်မှာပဲ စားကြမယ်လေ၊ ဘာစားချင်လဲပြော"





အိပ်မက်က ခဏစဉ်းစားနေသည်ထင့် ငြိမ်သွား

"မောင် ဖျော်ပေးတဲ့ ကော်ဖီနဲ့ မောင် လုပ်ပေးတဲ့ ပေါင် မုန့်မီးကင် ထောပတ်သုတ်"

အိပ်မက်ရယ်လို့ ရင်ထဲမှာ တမ်းညည်းလိုက်မိ ည်။

တတ်နိုင်ရင် အခုပဲ ပြေးသွားပြီ၊ အိပ်မက်ဆန္ဒတွေ ဖြည့်ပေးလိုက်ချင်သည်။

ည ဆယ်နာရီအချိန် ဖြစ်နေလို့သာ။

"စိတ်ချ အိပ်မက်၊ အိပ်မက် အတွက် မောင်ဖန်တီးတဲ့ အကောင်းဆုံးနဲ့ အဟာရဖြစ်ဆုံး အစားအသောက်ကို အမြဲတမ်း စားနေစေရမယ်"

ကြည်နူးစွာ ပြုံးနားထောင်နေမဲ့ ချစ်သူကို မြင်ယောင် သေးသည်။

"မောင်"

အိပ်မက်ဆီက လွှိက်လှဲနွေးထွေးစွာ ...

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကြင်နာဆွတ်ပျံ့စွာ သူ ပြန်ထူးလိုက်သည်။

"မောင်က အိပ်မက်ရဲ့ အမြဲတမ်း မောင်နော်"

အိပ်မက်ရယ် ...

အိပ်မက် ရင်ထဲမှာ တစ်ခုခု စိုးရွံ့မှု ရှိနေလို့ ဒီ ပြောတာဖြစ်မှန်း ရိပ်မိလိုက်တာမို့ ပိုပြီး သနားသွားရသည်။

ခုချိန်မှာ သူ အလုပ်ချင်ဆုံး ဆန္ဒက သူ့ကိုယ်သူ နာကြင်စွာ အပြစ်ပေးလိုက်ချင်သည်။

"စိတ်ချ ... မောင်က အိပ်မက်ရဲ့ အမြဲတမ်းမောင် အိပ်မက်ကလည်း မောင့်ရဲ့ အမြဲတမ်း အိပ်မက်၊ ဟုတ် ပြီလား"

"အင်း"

ကျေနပ်ပေမဲ့ အသံလေးက စိုးထိတ်နေဆဲ။

"ကဲ ... ဘာမှ မစဉ်းစားပဲ အိပ်လိုက်တော့ မနက်ဖြ ညနေ မောင် လာခဲ့မယ်၊ ဟုတ်လား"

သူ့စကား နားထောင်ပြီး အိပ်မက်က ဖုန်းချလိုက် သည်။





အိပ်မက်ကို ဘာမှမစဉ်းစားပဲ အိပ်ခိုင်းလိုက်သူ သူကိုယ်တိုင်ကတော့ စဉ်းစားစရာများ ချာချာလည်ပြီး တော်ရုံနဲ့ အိပ်မပျော်။

အိပ်ပျော်သွားပြန်တော့လည်း အိပ်မက်ထဲမှာ သူမ က ပြိုင်ကားနီနီရဲရဲလေး တစ်စီးကို မောင်းလျက် သူနဲ့ အိပ်မက် စီးလာတဲ့ကားကို အကြိမ်ကြိမ် ဝင်တိုက်ပြီး သဘောကျစွာ ရယ် မောနေလေသည်။

* ✣ *



www.burmeseclassic.com

www.burmeseclassic.com



အရသာကောင်းမကောင်း မသေချာပေမဲ့ ရင်ထဲက မေတ္တာစေတနာအပြည့်ဖြင့် ကြိုးစားဖျော်ရသဖြင့် ဒီကော်ဖီသည် ကမ္ဘာပေါ်မှာ အကောင်းဆုံးကော်ဖီ ဖြစ်သင့်ပေသည်။

"ဘယ်လိုလဲ အိပ်မက်၊ ကြိုက်ရဲ့လား"

အိပ်မက်က ကော်ဖီတစ်ငုံ ငုံ့သောက်ပြီး နှာခေါင်းလေးရှုံ့၍ ...

"အချိုပေါ့တယ်"

ကော်ဖီခွက်ထဲ နို့ဆီနည်းနည်း ထပ်ထည့်ပေးလိုက်သည်။

"ဒါဆိုရင်ကော"

"ဟင် အခါးပေါ့သွားပြန်ပြီ"





ကော်ဖီမှုန့်နည်းနည်း ထပ်ထည့်ပေးလိုက်သည်။

"ကဲ ... အိုကေပြီလား"

"နည်းနည်း အစိမ့်လိုသလားလို့"

နို့စိမ်းနည်းနည်း ထပ်ထည့်ပေးလိုက်ပြန်သည်။

"အင်း ... ရပြီ ..., ရပြီ၊ ခုမှ အကောင်းဆုံးကော်ဖီ ဖြစ်သွားတယ်"

သိသည်။ အိပ်မက် အစားအသောက်နဲ့ ပတ်သက်ရင် ချေးမများတတ်၊ သူ့ကို တမင်ညှုဉ်းလို၍ နိုင်းခြင်းသာ။

သူကလည်း ချစ်သူ ဂျီကျသမျှကို ကျေကျေနပ်နပ် လုပ်ပေးနေချင်သူပဲ။

"မောင် သူဖျော်တဲ့ ကော်ဖီအရသာက ဘယ်လို ဟင်၊ ဘာကြောင့် မောင် ကြိုက်တာလဲ"

အိပ်မက်က ကောက်ကာငင်ကာ ထမေးလိုက်သဖြင့် ခြေရကျပ်သွားသည်။

"အနု အရသာမျိုးလား"

အိပ်မက်က သူ့ရှေ့သို့ ကော်ဖီခွက်လေး ထိုးပေးပြီး ဆက်မေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ကော်ဖီကို မမြည်းကြည့်တော့။

သူ့အာရုံထဲမှ သိပြီးသား မှတ်မိနေသော ကော်ဖီ အရသာကို ခပ်ဖြည်းဖြည်း ပြောချလိုက်သည်။

"ခါးခါးစိမ့်စိမ့်နဲ့ ဖန်ရှရှလေး သူ ဘယ်လိုဖျော်လဲ မောင်လည်း မသိဘူး"

အိပ်မက်က မျက်လုံးဝိုင်းလေးနဲ့ စိတ်ဝင်တစား နားထောင်နေသည်။

ပြီးမှ ...

"အိပ်မက် သူငယ်ချင်းတစ်ယောက် ကော်ဖီဆိုင် ဖွင့်ထားတယ်၊ သူ့ဆီမှာ မောင်ပြောတဲ့ အရသာမျိုးရအောင် ဘယ်လိုဖျော်လဲ မေးပြီး ကျင့်ထားမယ်။ ဒါမှ မောင့်ကို အိပ်မက် ကော်ဖီကောင်းကောင်း ဖျော်ပေးနိုင်မှာ"

အိပ်မက်ရဲ့ စိတ္တဇကို သူ နားလည်လိုက်သဖြင့် စိတ်မကောင်း ဖြစ်သွားသည်။

"အိပ်မက်ရယ်၊ အိပ်မက် ဘယ်လိုဖျော်ဖျော် အိပ်မက် လက်ရာဆို မောင့်အတွက် အကောင်းဆုံး ဖြစ်မှာပါ"





အိပ်မက် လက်ချောင်းလေးတွေကို ဖျစ်ညှစ်ပြီး နမ်းသိမ့်ပေးလိုက်သည်။

သူမရဲ့ စကားတစ်ခွန်းအတွက် အိပ်မက်မှာ စိတ်အတ်ရာ ဖြစ်သွားစေတာ၊ သူ ဘယ်လိုပြန်ဖြည့်ဆည်းပေးရပါ့။

* ⁘ *



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာကထပြီး နံနက်စာစားရန် အောက်ထပ်သို့ ... အဆင်း လေကွာ:ထိပ်မှပင် သူကြိုက်သော ဟင်းခါးနံ့ကို ရလိုက် သည်။

ဒီဟင်းခါ:နံ့ဆို ရွှေတောင်ခေါက်ဆွဲ ဖြစ်မှာ ကျိန်း သေသည်။

ထမင်းစားခန်းအရောက် တကယ်ပင် ရွှေတောင် ခေါက်ဆွဲ ဖြစ်နေသည်။

မေမေက ဟင်းခါးအိုးကို မီးဖိုပေါ်တင်ပြီး ရွှေ... လျက် ...

"သားရေ ... သားသူငယ်ချင်းတစ်ယောက် မနက်စောစော လာပို့သွားတာ၊ သူ့မွေးနေ့ ဘုန်းကြီးဆွမ်းကပ်ပြီး လိုက် ဝေနေတာတဲ့"





သူ့သူငယ်ချင်း ...

ဘယ်သူများပါလိမ့်။

"ဘယ်သူလဲ မေမေ"

ပြင်ထားသော ရွှေတောင်ခေါက်ဆွဲ တစ်ပန်းကန် ကို ဆွဲယူပြီး ထိုင်အချ ...

"ကြာနတ်နွယ် ... တဲ့"

ထိုင်သည့်ခုံပေါ်ပင် လူမရောက်သေး ကိုယ်က မတ်ခနဲ ဖြစ်သွားသည်။

"သားကို နှိုးပေးမလို့ပဲ၊ သူက အချိန်မရလို့ မနှိုးပါနဲ့ တော့တဲ့၊ ချိုင့်တောင် ပြန်မယူသွားဘူး၊ နောက်မှ သား သွားပြန်ပို့ပေးလိုက်ပေါ့"

သူမ ဘာထွင်နေတာပါလိမ့်။

တကယ် သွေးရိုးသားရိုးလည်း ဖြစ်နိုင်သည်ပဲ။ အကောင်းဘက်က လှည့်တွေးပေးလိုက်ပြန်သည်။

"အများကြီးရယ်၊ သားကြိုက်မှန်းသိလို့ ထင်တယ်"

သူမရှေ့မှာ ရွှေတောင်ခေါက်ဆွဲ ကြိုက်တာ မပြော မိ။ တိုက်ဆိုင်တာပဲ ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မက်ဆီလည်း သွားပို့မယ်လို့ ပြောသွားသေးတယ်"

သူ့လည်ချောင်းထဲက ခေါက်ဆွဲတွေ မာတောင့်ဆို့နင့်သွားသည်။

"အိပ်မက်နဲ့လည်း သိတယ် ထင်တယ်"

ဟန်မပျက် ဆက်စားရင်း ခေါင်းညိတ်လိုက်သည်။

"ကောင်မလေးက ချောချောသွက်သွက်လေးပဲ၊ သားသူငယ်ချင်းတွေထဲမှာ တစ်ခါမှ မမြင်ဖူးပါဘူး"

မေမေက သူမ အကြောင်း ဆက်ပြီး စူးစမ်းလေလေ၊ သူ စားရတာ ပိုပြီးနင့်လေလေပင်။

"ဟုတ်တယ်၊ အလုပ်ကိစ္စနဲ့ ဆက်စပ်ရင်း သိကြတာပါ။ သိတာလည်း သိပ်မကြာသေးပါဘူး၊ ဖေဖေ့ နှစ်လည်ဆွမ်းကပ်တုန်းက တွေ့တဲ့သူလေ၊ မေမေ မမှတ်မိလို့ပါ"

"ဩော် ... ဟုတ်လား၊ အင်း ... ဒါကြောင့် တွေ့ဖူးသလိုလိုတော့ ရှိသားလို့၊ မေမေ ချိုင့်ဆေးပြီး ကားထဲထည့်ထားပေးမယ်၊ သားကြို့ရင် ဝင်ပို့ပေးလိုက်ဦး"

သူမနဲ့ ဝေးဝေးနေရန် ဆုံးဖြတ်လေလေ အမှဉ်မပြတ်တဲ့ ကိစ္စတွေကို သူမက ဖန်တီးလာလေလေ။





ခက်သည်။ သိပ်ခက်သည်။

မနက်ခင်းပေမဲ့ နွေပေါက်လာပြီဖြစ်၍ အိုက်စပ်စပ် ရှိလာသည်။

လေထဲမှာ ယဉ်ပြီးသား အနံ့သင်းသင်း တစ်ခုကို ... ရှိုက်တာမို့ ...

"မေမေ ခြံထဲက ကံ့ကော်တွေ ပွင့်ပြီထင်တယ်"

မေမေက ပြုံးပြီး ...

"ဟုတ်တယ်၊ ပြတင်းပေါက်က လှမ်းကြည့်လိုက်စမ်း၊ ဝင်းပြီးမွှေးနေတာပဲ၊ ဘုရားပန်းတစ်အိုးစာပဲ ခူးလိုက်တယ်၊ အပင်ပေါ်မှာရှိတာ ပိုပြီး စိတ်ကြည်နူးလို့"

ဘာပဲပြောပြော ကံ့ကော်ပင်ဆီ ရောက်သွားတဲ့ အရုံတွေကြောင့် သူ့ မနက်ခင်းက ပြန်ပြီး လှပသန့်စင်သွားသည်။

အင်း ... အိပ်မက်အတွက်တော့ အလှဆုံး ကံ့ကော်ပန်းလေးတွေ ခူးပေးရပေဦးမည်။

* ✣ *



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မက်တို့ သူ့ကို တစ်ခုခုလောက် လက်ဆောင်ပြ
ပေးရအောင်"

ကုံကော်ပန်းတွေနဲ့ အိပ်မက်ဆီ ရောက်သွား
အိပ်မက်က အခြေအနေကို အေးအေးဆေးဆေး လက်ခံပြီးသ
ဖြစ်နေသည်။

ဒါ့အပြင် သူမအတွက်ပင် စဉ်းစားပေးနေပြန်သည်

"အိပ်မက် သဘောပဲလေ"

"ဒါဆို ဒီနေ့ မောင် အားလား"

"ရတယ်လေ၊ အိပ်မက် ဘာလုပ်ချင်လို့လဲ"

"ညနေလောက် တစ်ခုခုဝယ်ပြီး သူ့ဆီ သွားပို့
အောင်"





အိပ်မက် အစီအစဉ်က မဆိုး။

ဖြစ်သင့်ပြီး လုပ်နိုင်တဲ့ အခြေအနေမျိုး ဖြစ်၍ သူ
လိုက်သည်။

ညနေပိုင်း အိပ်မက်နဲ့အတူ သူမအတွက် အိပ်မက်
င်းကျ ပိုးပဝါအပြာနုရောင်လေးကို လက်ဆောင်အဖြစ်
သူမဆိုင် ရောက်သွားကြသည်။

ဆိုင်ဖွင့်ထားသော်လည်း ဆိုင်မှာ သူမကို မတွေ့ရ။

"နေ့လယ်က ခဏလာပြီး သိပ်နေမကောင်းလို့ဆိုပြီး ပြန်
သွားတယ်"

သူ့ဆန္ဒအတိုင်း ဆိုရင် လက်ဆောင်ပစ္စည်းကို
ောင် ပေးထားခဲ့မိပေလိမ့်မည်။

ဒါပေမဲ့ အိပ်မက်က အဲဒီလို မဆုံးဖြတ်။

"အိပ်မက်တို့ သူ့အိမ် လိုက်သွားရအောင်၊ သူက တကူး
တက အိမ်လာပို့ထားရတာလေ၊ သူ့အိမ် လိုက်သွားလို့
အပန်းမကြီးပါဘူး မောင်ရယ်"

အိပ်မက်ရဲ့ အားနည်းချက်ထဲမှာ သဘောကောင်း
င်းလည်း တစ်ခုအပါအဝင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ... အစ်မတို့ကို မကြာနတ်နွယ် အိမ်[illegible] လေး ပေးပါနော်"

ကောင်မလေး ရေးပေးသော လိပ်စာ အ[illegible] အိပ်မက် စိတ်တိုင်းကျ ထွက်လာရတော့သည်။

"သူ အိမ်မှာ မရှိရင်တော့ နောက်တစ်ခါ မသွားတော့[illegible] နော် အိပ်မက်၊ ဆိုင်မှာပဲ ချိုင့်နဲ့ လက်ဆောင် ပေး[illegible] လိုက်တော့မယ်"

အိပ်မက်က ကားမောင်းနေတဲ့ သူ့လက်ကို [illegible] ပွတ်ပြီး ...

"အင်းပါ မောင်ရဲ့၊ မောင် မသွားချင်မှန်း အိပ်မက် သိ[illegible] တယ်၊ ဒါပေမဲ့ လူ့ကျင့်ဝတ်အရ ..."

တော်ပါတော့ ကျင့်ဝတ်တွေ၊ ဝတ္တရားတွေ ဆို[illegible] လူတိုင်းနဲ့ ထိုက်တန်တာ မဟုတ်ဘူးလို့ အော်ပြောလိုက်ချင်[illegible] ဖြူစင်ရိုးစင်းလွန်းတဲ့ ချစ်သူကို နားလည်နေ၍ မအော်ဖြစ်တော[illegible]

သူ့ ကံမကောင်းပါ။

သူ ဆုတောင်းမပြည့်ပါ။

သူမ အိမ်မှာ ရှိနေခဲ့ပါသည်။

* ✣ *





ချာတိတ်မလေး တစ်ယောက်က တံခါးလာဖွင့်ပေး[illegible]တို့ကို ဧည့်ခန်းမှာ နေရာချထားပေးပြီး ပြန်ထွက်သွားသည်။

သူမကို သွားပြောနေချိန်မှာ သူမ ဧည့်ခန်းလေးကို [illegible]င်စားစွာ ကြည့်နေမိသည်။

ငါးကန် ခြောက်ကန် ရှိနေသော ဧည့်ခန်းလေးဖြစ်[illegible]ငါးပြတိုက်အသေးလေးထဲ ရောက်နေသည့်အလား။

ရောင်စုံ အရွယ်စုံငါးများကို ကန်ဆိုက်အမျိုးမျိုး[illegible]မွေးထားခြင်းဖြစ်ပြီး ငါးကန်လေးအပေါ်က မီးရောင်ကြောင့်[illegible]ခန်းတစ်ခုလုံး ပြာလဲ့လဲ့ အလင်းရောင်က ကြီးစိုးနေသည်။

အိပ်မက်ကတော့ ငါးကန်တစ်ခုပြီးတစ်ခု လိုက်[illegible]ည့်ပြီး သဘောတွေ ကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ ... အိုင်က ညှေ့သည်ဆိုလို့ ဘယ်သူ
လို့၊ ညိုတို့ကိုး"

သူတို့ကိုတွေ့ပြီး အံ့သြတကြီး ပြောပြီး
တစ်လက်စတည်းပင် ...

"ထွေးထွေးရေ ... ကော်ဖီမဖျော်နဲ့၊ မမကိုယ်တိုင်
ဖျော်မယ်"

ညှေ့ခံရန် ပြင်နေပုံရသော မိန်းကလေးဆီ သူ
လှမ်းအော်ပြောလိုက်ပြန်သည်။

နေမကောင်း ဖြစ်နေသည်ဆိုသော သူ
လုံးဝ လန်းဆန်းတက်ကြွနေသဖြင့် လူမမာပုံ မပေါ်။

"ဆိုင်ရောက်သေးတယ်၊ နေမကောင်းဘူး ဆိုလို့"

အိပ်မက်က သူမကို စိုးရိမ်သည့် လေသံ
လှမ်းပြောနေသည်။

"အကြောင်းပြတာပါ၊ ဒီနေ့ မွေးနေ့ဆိုတော့ အိမ်မှာ
စောင့်စရာတွေ ရှိလို့"

သူမက သူတို့ရှေ့မှာ ခပ်သွက်သွက် ဝင်ထိုင်
ပြောသည်။





"Happy Birthday ကြာနတ်နွယ်"

သူ လက်ဆောင်ဘူးလေးကို ကမ်းပေးလိုက်သည်။

"Thank You ညို၊ အိပ်မက်ရောပေါ့"

သူမက ကြည်ကြည်ဖြူဖြူ လှမ်းယူပြီး ပြုံးနေသည်။

အိမ်မှာနေ၍ထင်။ မိတ်ကပ်အခြယ်အသမရှိ။ သူမ
မျက်နှာက ရှင်းသန့်နေပြန်တော့လည်း မာန်မာန အရိပ်တွေ ရှိ
မနေပြန်။

နှုတ်ခမ်းနီရဲရဲ တင်နေကျ နှုတ်ခမ်းက သဘာဝ
အရောင်အတိုင်း ပန်းနုရောင် ပြေးနေသဖြင့် ကလေးငယ်တစ်
ယောက်လို ရိုးသားအပြစ်ကင်းစင်နေသည့်ပုံ ပေါက်နေပြန်သည်။

"နေဦး ... ညိုသောက်နေကျ ကော်ဖီမျိုး အိုင် သွားဖျော်
လိုက်ဦးမယ်"

သူမက လှစ်ခနဲထပြီး အထဲဝင်သွားသည်။ အိပ်မက်
ကတော့ မသိ။ သူကတော့ သူမစကားကြောင့် အိပ်မက် အပေါ်
မျက်နှာပူနေသည်။

ပန်းအလှပြင်သည့်သူအိမ် ဖြစ်သော်လည်း ထူးခြား
သည်က သူမ ညှေ့ခန်းမှ ဘာပန်းမှ မပြင်ဆင်ထားခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံး သာမန်အိမ်ခြံပင် ညှော်ခန်းမှာ ပန်းအလှ တစ်အိုးလောက်တော့ ရှိစမြဲ။

သူမ ညှော်ခန်းကတော့ ငါးကန်များနှင့်။

ငါးကန် မှန်မှန်ရေမလဲပေးရင် ငါးညှိနံ့ပင် နံနိုင် သေးသည်။

ပြီးတော့ ပြတင်းပေါက်များ ရှိသော်လည်း ဖွင့်မ ထား၊ ပိတ်ထားသည့်အပြင် လိုက်ကာအစိမ်းရင့်ရင့်များကို စေ့ ပိတ်ထား၍ ညှော်ခန်းက မှောင်နေသလိုပင်။

ငါးကန်လေးများဆီက အလင်းရောင်ကိုပင် အား ပြုထားရသလား။

ဒါမှမဟုတ် ငါးကန်အလှပေါ်အောင် တမင်အမှောင် ချထားခြင်းလား။

ဖုန်တီးသူ သူမကိုယ်တိုင်ပဲ သိပေလိမ့်မည်။

"ကော်ဖီ ရပြီ၊ အိပ်မက် သောက်ကြည့်ပါဦး၊ ညိုကတော့ အိုင့်လက်ရာကို အကောင်းဆုံးလို့ ချီးမွမ်းဖူးတယ်"

သူမ စကားက ရိုးသားသော်လည်း သိပ်အနှောင့် အသွား မလွတ်ချင်။





အိပ်မက် လက်ထဲကို သူမက ကော်ဖီပန်းကန် ထမ်းပေးသည်။

"ညိုလည်း သောက်လေ"

သူမ ဖျော်လာတဲ့ ကော်ဖီ မြင်ကတည်းက သူ့ ရှာများ တစ္ဆေ။

သူမ လက်ရာ ကော်ဖီကိုတော့ သူ စွဲလမ်းနှစ်သက် နေဆဲပင်။

"ဘယ်လိုလဲ အိပ်မက်၊ ကောင်းလား"

ကော်ဖီတစ်ငုံသောက်ပြီးသွားသော အိပ်မက်ကို သူမ က ခပ်သွက်သွက် လှမ်းမေးသည်။

"အင်း ... ကောင်းတယ်၊ ဒါပေမဲ့ ကျွန်မက မှောင့်လို ကော်ဖီကရေစီ မဟုတ်တော့ သိပ်အရသာမခံတ ပါဘူး"

အိပ်မက်က ရိုးရိုးသားသား အမှန်အတိုင်း ဝန်ခံ သည်။

"အိုင်လည်း ကော်ဖီကရေစီပဲလေ၊ ဒါကြောင့် ညိုနဲ့ဆုံတာ ပေါ့"

သူမစကားတိုင်းရဲ့ လားရာလမ်းကြောင်းက သူ့ဆီ သွားသွား ဆုံးနေသည်။

www.burmeseclassic.com



"ဩော် ... ဒါနဲ့ညို၊ ဟိုနေ့က ညိုနဲ့သွားဆွဲတဲ့ ပန်းချီကား ပြီးသွားပြီ၊ ဘောင်သွင်းခိုင်းထားလို့ ညို့ကို ပြလို့မရသေးဘူး၊ ဘောင်သွင်းပြီးမှ ကြည့်တော့နော်"

အိပ်မက် အကြည့်က သူ့ဆီ ဖျတ်ခနဲ အရောက် သူ ကမန်းကတန်း အကြည့်ရှောင်လိုက်သည်။

သူ အိပ်မက်ရဲ့ အပြစ်ကင်းတဲ့ မျက်ဝန်းကို ရင်မဆိုင်ရဲ။

"အိုင် အခုတလော ပန်းချီပဲ ဆွဲချင်နေတယ်၊ အခု အိုင် ပန်းချီဆွဲဖို့ မြင်ကွင်းတစ်ခု ရထားတယ်၊ နောက်မှ ညို့ကို ပြောပြမယ်၊ ညို အံ့သြသွားစေရမယ် သိလား"

သူမက သူ့ကိုသာ စကားပြောပြောနေ၍ သူ အိပ်မက်ကို အားနာလာသည်။

ထိုစဉ် ဖုန်းမြည်လာ၍ သူမ သွားကိုင်ပြီး ပြင်သစ်လို ရင်းရင်းနှီးနှီး ပြောနေတာ တွေ့ရသည်။

သူမက ဝဲတဲတဲနှင့် လည်ချောင်းခတ်သံပါသော ပြင်သစ်သံကို သူတင်မက အိပ်မက်ပင် ငြိမ်မြို့ နားထောင်နေသည်။





ခဏအကြာမှ ဖုန်းချလိုက်ပြီး ...

"ဟိုက မိဘတွေလေ၊ သူတို့ဖုန်း စောင့်နေတာ၊ သူတို့က ပြန်လာစေချင်ပြီ၊ အိုင်လည်း မပြန်ချင်သေးဘူး၊ ဒါနဲ့ ညိုတို့ အချိန်ရလား၊ အပြန် ဘုရားတက်ကြရအောင်"

သူ ဖျတ်ခနဲ အိပ်မက်ကို ကြည့်လိုက်သည်။

အိပ်မက်က ...

"ကျွန်မအမေ ဆေးခန်းသွားပြဖို့ ချိန်းထားသေးလို့"

"ဒါဆို ညိုရော"

သူ ပါးလှစ်စွာပြုံးပြီး ...

"ကျွန်တော်က အိပ်မက်နဲ့ လိုက်သွားရမယ်လေ"

သူမ ခံရခက်စွာ ပြုံးလိုက်လေသလား မသိ။

အလင်းရောင်သုံ့သုံ့က မျက်နှာရိပ်ကို ပီပြင်စွာ မဖမ်းနိုင်ပေ။

"ရပါတယ်၊ အိုင့်ဘာသာအိုင် သွားတော့မယ်"

သူတို့ နှုတ်ဆက်ပြီး ပြန်လာကြစဉ် သူမသည် ငါးများကို ချော့မြှူလျက် ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းထဲမှာ ငါးကန်ကို တို့ထောက်ပြီး ခေါက်နေတဲ့ သူမကို ကြည့်ရင်း၊ သူမကိုယ်တိုင်သည်လည်း ငါးတစ်ကောင် ဖြစ်နေသလိုပင်။

လေးထောင့်စပ်စပ် အမှောင်ခန်း ရှင်းရှင်းလေးထဲမှာ လူးလွန့်လှုပ်ရှားနေတဲ့ ငါးလေးတစ်ကောင်ကဲ့သို့ ...။"

* ፧ *





မနက်စောစော နိုးနေသဖြင့် ဝရန်တာဘက်ထွက်ပြီး ကံ့ကော်ပင်ပေါ် မော့ကြည့်နေလိုက်သည်။

တစ်နှစ်တစ်ခါ အစွမ်းကုန်လှပြီး မွှေးနေတတ်တဲ့ ဒီအပင်ကြီးက သူ့ရဲ့ဖွားဖက်တော်လို့ မေမေ ခဏခဏ ပြောဖူးသဖြင့် ဒီအပင်က သူ့ရဲ့ အမြွှာညီနောင်နယ်။

အစိမ်းရောင်ဝတ်ရုံ ခြုံပြီး နီညိုရောင်ဝတ်စုံအသစ်ဝတ်ထားရင်ပဲဖြစ်ဖြစ် နှင်းတွေ တနင့်တပိုးနဲ့ အဖြူရောင် ဝတ်ရုံလေး ဝတ်ထားရင်ပဲ ဖြစ်ဖြစ် သူ့အတွက် အလှဆုံးနဲ့ အမိုက်ဆုံး အရှိဆုံး အပင်လေးပင်။

အဖြူရောင်ပွင့်ဖတ်တချို့ ကြွေနေတာ အပေါ်စီးက မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ အလုပ်နားပြီး ဒီအပင်အောက်မှာ အိပ်မက်နဲ့ အချိန်ဖြုန်းရင် ...

အတွေးနဲ့ ဖုန်းဆက်ရန် အောက်ထပ်ဆင်းလာစဉ်...

"သားရေ ... ဒီနေ့ ညည်သည်လာမယ်နော်"

မေမေက ဖုန်းလှည့်ခါနီး သူ့ကို လှမ်းပြောသည်။

"ဘယ်သူလဲ မေမေ"

သာမန်ပဲထင်၍ ဖုန်းဆက်လှည့်ရင်း မေးလိုက်သည်။

"ကြာနတ်နွယ်လေ၊ သား သူငယ်ချင်း ကောင်မလေး၊ ညက ဖုန်းဆက်ထားတယ်၊ သား အိပ်နေလို့ မေမေ မပြောတာ"

ဖုန်းဆက်မလှည့်ဖြစ်တော့။

သူ အံ့ဩလွန်းနေသည်။

"ဘာအတွက် လာမှာတဲ့လဲ"

စိတ်ရှုပ်စွာ မေးလိုက်သည်။

"ပန်းချီ လာဆွဲမှာတဲ့၊ ကုံကော်ပင် ပွင့်နေတာကို သဘောကျလို့တဲ့၊ ဟိုတစ်နေ့ကတွေ့ပြီး စိတ်ကူးရလို့တဲ့၊ မေမေ





ဆီက ခွင့်တောင်းတယ်လေ၊ ဘာမှ အပန်းကြီးတဲ့ကိစ္စမှ မဟုတ်တာ၊ မေမေ ခွင့်ပြုလိုက်လို့ ဒီနေ့ လာဆွဲမယ်တဲ့"

သွားပြီ။ သူ့စိတ်ကူးက အတွေးထဲမှာပင် ကြာကြာ ရှင်သန်ခွင့် မရလိုက်။

"နှစ်နာရီလောက် လာမယ်ပြောတယ်၊ မေမေ ထမင်းကျွေးဖို့ပါ စီစဉ်ထားတယ်၊ သားလည်း ဒီနေ့ အိမ်မှာရှိနေရင် ကောင်းမယ်၊ သူ အဖော်ရအောင်လို့လေ"

မေမေက သဘောရိုးနဲ့ သူမအတွက် ထောင့်စေ့အောင် စဉ်းစားစီစဉ်ပေးနေသည်။

"သား အလုပ်ကိစ္စတစ်ခု ချိန်းထားတာ ရှိတယ်၊ ခဏတော့ နေပေးလို့ရတယ်၊ တစ်နေကုန်တော့ မရဘူး"

"အေးလေ ... ဒါဆိုလည်း ပြီးတာပဲ၊ မေမေက ကောင်မလေးကို အားနာလို့ပါ"

သူ ဘာမှဆက်ပြောချင်စိတ် မရှိအောင်ပင် နုံးချည့်သွားရသည်။

သူမ ခြေလှမ်းတွေက မှန်းဆ၍ မရအောင်ပင် ပြန်ဆန်ပြီး ထွေပြားလွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေက သားတို့ချင်း ပြောပြီးကြပြီတောင် ထင်တာ"

ဟိုတစ်နေ့က သူမ ပြောလိုက်တဲ့ အံ့ဩစရာကိစ္စဆိုတာ ဒါပဲ ဖြစ်မည်ပင်။

"သားတို့ မတွေ့ဖြစ်ဘူး မေမေ၊ မေမေ ရှိရင် ပြီးတာပဲ။ ပြီးတော့ ပန်းချီဆွဲတာက အာရုံငြိမ်ဖို့ လိုတယ်နော်။ မေမေ အဖော်လုပ်တာက သူ့အတွက် အနှောင့်အယှက် ဖြစ်သွားနိုင်တယ်၊ သူ့ဘာသာသူ ဆွဲနေပါစေ"

စေတနာနဲ့ပဲဖြစ်ဖြစ်၊ တမင် မဆုံစေချင်တဲ့ ဆန္ဒနဲ့ပဲဖြစ်ဖြစ် သူ ပြောတာ နည်းလမ်းကျသည်ဟု ထင်သည်။

"အေး … အေး … သား၊ ဒီမနက်တော့ သူ့ကို စောင့်သွားချည်ဦး"

"ဟုတ်ကဲ့ မေမေ"

မတတ်နိုင်၊ သူမ ထွင်ထားတဲ့ လမ်းပေါ်၊ သူ့အမေ ယုံကြည်စွာ လျှောက်နေပြီမို့ သူလည်း အလိုက်သင့် နေပေးရုံသာ။

သူမမှာ တစ်ဖက်လူ ယုံကြည်အောင် ရိုးသားပွင့်လင်းပြတတ်တဲ့ စွမ်းရည်မျိုး ရှိနေတာ ဘာတတ်နိုင်ပါ့မလဲ။





"ဘာပဲဖြစ်ဖြစ် အဲဒီပန်းချီကားပြီးရင် ဓာတ်ပုံရိုက်ယူထားရအောင် အမှတ်တရပေါ့"

မေမေသည်ပင် သူမရဲ့ အနုပညာမှာ ပျော်ဝင်နေပြီထင်။

သူ စိတ်ရှုပ်နေတဲ့ကြားက ပြုံးလိုက်မိသည်။

✻ ✣ ✻



www.burmeseclassic.com

www.burmeseclassic.com



"ညိုရေ ... ပစ္စည်းတွေ ကူချပေးပါဦးကွ"

သူမက တိတ်ဆိတ်ငြိမ်သက်စွာ ရောက်လာခြင်းမျိုး မဟုတ်။

ဆူညံသွက်လက်စွာ ရောက်ရှိလာခြင်း ဖြစ်သည်။

ကားရပ်သည်နှင့် သူ့ကို ငယ်ပေါင်းကြီးဖော် တ ယောက်လို အော်ဟစ်အကူအညီ တောင်းတော့သည်။

သူမ ကားနားရောက်သွားပြီး ကားထဲက သူမပစ္စည်း များကို ကူချပေးနေစဉ် ...

"ဘယ်လိုလဲ၊ အံ့ဩသွားလား၊ ညို့ကို ကြိုပြောမလို့ အံ့ဩစေချင်လို့ မပြောတာ"

ကြိုသိရင် ရှောင်တယ်။





မရှောင်ရအောင် ကြိုမပြောတာလားလို့ စိတ်ချဉ် တိပြီး မေးလိုက်ချင်သည်။

"ရပါတယ်"

ခပ်လေးလေးမှန်မှန် ပြန်ဖြေလိုက်သည်။

"ကြည့်စမ်း ... ဘယ်လောက် လှလိုက်တဲ့ အပင်ကြီးလဲ"

သူမက အိမ်ထဲ မဝင်သေးဘဲ အပင်ကြီးကို မော့ ကြည့်၍ အားပါးတရ ချီးကျူးနေသည်။

သူမပုံစံကိုက ဒီကုံကော်ပင်ကြီးကြောင့် ပိုပြီးနုပျို သွားသယောင်။

သနပ်ခါးပါးပါးနဲ့ အဖြူရောင်အကျီပွပွ စကတ် အနက်မေါမှာ အဖြူပွင့် ပွပွကို ဝတ်ဆင်ထားရာ ပေါ့ပါးလွတ် လပ် ငယ်နုသည့် အသွင်ကို ဆောင်လျက် ...

"ညို ... ဒီနေ့ ကျွန်မနဲ့ အဖော်လုပ်ပေးမလား"

သူမက တောင်းဆိုရန် အားမနာတတ်သူလည်း ဖြစ်သည်။

"ကျွန်တော် မအားဘူး၊ အလုပ်ကိစ္စ ချိန်းထားတာတွေရှိ လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ..."

သူမက အတင်းအကျပ် ဆက်မပြောတော့ဘဲ သူ...

ပစ္စည်းတွေကို နေရာချနေသည်။

"ဒီနေ့ ဆိုင်မသွားဘူးလား"

သူ မေးလိုက်စဉ် ...

"ညနေလောက်မှ သွားမယ်၊ ကိစ္စအရေးကြီးရှိရင် သူ...

ဖုန်းဆက်ကြလိမ့်မယ်"

သူမက ကုံကော်ပင်ကြီးကို ကြည့်လိုက်၊ မြင်ကွင်း...

နေရာ ရွေးလိုက်နှင့် အငြိမ်မနေ။

"ညိုတို့အိမ်က ကုံကော်က စောပွင့်တယ်နော်၊ ပုံမှန်...

နွေဦးလောက်မှ ပွင့်ကြတာ၊ အခုမှ ဖေဖော်ဝါရီလလယ်...

ထဲပဲ ရှိသေးတယ်"

"ဟုတ်တယ်၊ ဒီအပင်က အမြဲတမ်း စောတယ်၊ တစ်...

တလေ၊ မေ၊ ဇွန် လောက်မှာ ထပ်ပွင့်တတ်သေးတယ်...

တစ်ခါတလေမှပါ၊ အမြဲတော့လည်း မပွင့်ပါဘူး"

"ဩော် ... သူလည်း တစ်နှစ် နှစ်ခါ ပွင့်တတ်သားပဲ"

ဘာအဓိပ္ပာယ်နဲ့ ယှဉ်ပြောလေသည် မသိ။





"ကုံကော်ပွင့်တွေကို အိုင် သဘောကျပါတယ်၊ ဒါပေမဲ့ ဒီအပင်ကို သဘောအကျဆုံးပဲ"

သူမစကားအဆုံး ...

"ဘာဖြစ်လို့လဲ"

မေးပြီးမှ သူ့ပါးစပ်သူ ပိတ်ရိုက်ပစ်ချင်စိတ် ပေါက်...သည်။

"ညိုနဲ့ အသက်တူတဲ့အပင် ဖြစ်နေလို့လား၊ အင်း ... ညို့ကိုယ်ပွားမို့လို့ ပိုစိတ်ဝင်စားသွားတာ"

သူ့ကိုယ်သူ သေလိုက်လို့ အကြိမ်ကြိမ် ကျိန်ဆိုနေ...မိတော့သည်။

❋ ✣ ❋



www.burmeseclassic.com

www.burmeseclassic.com



သူမ ပန်းချီကားက တစ်ရက်တည်းနဲ့ ဆွဲမပြီး

"အားနာလိုက်တာ အန်တီရယ်" ဆိုတဲ့ စကား

မေမေက ဘယ်နှရက်ကြာကြာ ခွင့်ပြုတယ် ဆိုတဲ့ ကျေနပ်မှု

ရသွားသည်။

သုံးရက်မြောက် ညနေတွင်တော့ သူမ ပန်းချီကား

ပြီးစီးသွားသည်။

ကိုယ်မဖန်တီးတတ်သည့် အရာမို့လို့လား။

ကိုယ် မဖန်တီးနိုင်သည့် အရာမို့လို့လား မသိ

သူမ ပန်းချီကားက ကြွရွအသက်ဝင်နေတာတော့

အမှန်။

သူ မြင်ဖူးနေကျ အပင်ကြီးကို သူ မြင်ထားသည်

မမြင်ဘဲ သူမက အမြင်သစ်ဖြင့် မှတ်တမ်းတင်ထားသည်။





တက်နေရွှေးရွှေးရဲ့ ကျိုးတိုးကျဲတဲ အရိပ်ကွက်သားများကိုပင် ပေါ်အောင် ဖော်ထားသည်။

"တော်လိုက်တာ"

မေမေက တဖွဖွ ချီးကျူးနေပြီး သူကတော့ စိတ်ထဲကသာ ကျိတ်အသိအမှတ်ပြုလိုက်သည်။

"အိုင်လည်း စိတ်ထဲမှာ ပေါ်သွားတာပဲ ညိုရေ၊ ဒီကားပြီးတဲ့ အထိမ်းအမှတ်နဲ့ တစ်ခုခု အိုင် ကျွေးချင်တယ်၊ အန်တီရောပေါ့"

သူမက မေမေ့ပါ လှည့်စည်းရုံးသည်။

"သားနဲ့ ကြာနတ်နွယ်ပဲ သွားစားကြပါ၊ အန်တီက ဆိုင်အစားအသောက်တွေ စားနေကျ မဟုတ်ဘူး။ စားလို့လည်း မရဘူး"

မေမေက အပြင်ထွက်ရမှာ ဝန်လေးသူဖြစ်၍ ငြင်းပြီး သူ့ကိုသာ လိုက်သွားစေသည်။

"သားလည်း ရင်ပြည့်နေလို့ ညနေစာ မစားဘဲနေရင် ကောင်းမလားလို့"

သူ ဉာဏ်များတာကို သူမက ရိပ်မိသည်ယင်။ ပြုံးနေပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ရင်ပြည့်လည်း အရည်လောက်တော့ သောက်လို့ရပါတယ် တစ်ခုခု လိုက်သောက်ကွာ၊ ညို ထပ်ငြင်းရင် အိုင် စိတ်မကောင်းဖြစ်ရတော့မယ်"

မေမေက အားနာတတ်သူပီပီ သူ့ဘက်လှည့်ပြီး ...

"အိပ်မက်နဲ့လည်း ချိန်းထားသေးတယ် မေမေရဲ့"

သူ အိပ်မက်နဲ့ လှည့်အကြောင်းပြလိုက်စဉ် သူမက ...

"အိပ်မက်ဆွဲ့လည်း ဝင်ခေါ်လိုက်မယ်လေ"

သို့အမေက ဆက်မငြင်းတော့ရန် မျက်ရိပ်ပြပြီး ထားတာ တွေ့ရသည်။

ဒီတော့လည်း ...

"ပြီးရောလေ၊ ကျွန်တော် အဝတ်သွားလဲလိုက်ဦးမယ်"

အိမ်နေရင်း T-Shirt အကျီဖြစ်နေ၍ အဝတ်အစား သွားလဲလိုက်သည်။

သူ ပြန်ထွက်လာချိန်တွင် သူမက ပစ္စည်းအားလုံး ကားပေါ်တင်ပြီး အသင့်ဖြစ်နေသည်။

မေမေ့ကို ရင်းရင်းနှီးနှီး လေးလေးစားစား နှုတ်ဆက်ပြီးမှ ...





"ညို မောင်းလေ၊ အိုင် ဒီနေ့ အာရုံတွေ ညောင်းနေပြီ"

သူမ လက်ထဲက ကားသော့ကို သူ လှမ်းယူလိုက်သည်။

အထိအတွေ့က အေးတိအေးစက်။

✻ ✣ ✻

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မောင်းရမှာလဲ"

ခြံဝရောက်သည်နှင့် သူမကို မေးလိုက်သည်။

"အိပ်မက်ဆီကိုလေ"

"မခေါ်တော့ပါဘူး"

သူ မခေါ်ချင်။

သူနဲ့ သူမကြားမှာ အိပ်မက် အနေရခက်မှာစိုးသည်။

"အဲဒါလည်း ကောင်းတာပဲ"

သူမက အားမနာစတမ်း ပြောချသည်။

"ဒါဆို ညို ဘာစားချင်လဲ၊ heavy လား light လား"

ခပ်မြန်မြန်နဲ့ လွယ်လွယ်ပြီးမဲ့အစားမျိုးသာ ဖြစ်စေချင်တာမို့ ...





"ဖျော်ရည်လောက်ဆို ရတယ်"

"ဒါဆို Zephyr သွားလေ၊ အဲဒီက သစ်သီးဖျော်ရည် ကောင်းတယ်"

ကားကို အင်းလျားလမ်းဘက် ဦးတည်လိုက်သည်။

"အိပ်မက်က တော်တော်ရိုးတယ်နော်"

သူမက တိတ်ဆိတ်နေတာကို ကြိုက်ဟန်မတူ။ အကြောင်းအရာ တစ်ခုခုရှာ၍ စကားစမြဲ။

"ဟုတ်တယ်၊ ကျွန်တော်က သူ့ရဲ့ အဲဒီအချက်ကို မြတ်နိုးတာ"

သူမ သူ့ကို အထူးအဆန်း ကြည့်ကောင်း ကြည့်နေပေလိမ့်မည်။

သူမဘက်ကိုမလှည့်၊ ကားရှေ့တူရူကိုသာ အာရုံပို့ထားပြီး ပြန်ဖြေလိုက်သည်။

"အိုင့်ကိုရော"

သူမဘက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

သူမ မေးတဲ့ အဓိပ္ပာယ်ကို နားမလည်၍ ကြည့်လိုက်မိခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... အိုင့်ကိုရော ညို ဘာကြောင့် ပတ်သက်ရတာ လဲလို့"

သူတို့နှစ်ယောက်ရဲ့ ပတ်သက်ရင်းနှီးမှုက သူတစ်ယောက်တည်းရဲ့ ဆန္ဒကြောင့်မှ မဟုတ်တာ။

သူမ ဒီမေးခွန်းမျိုး မမေးသင့်ဟု ထင်သည်။

မေးလာတော့လည်း ကြိုးစားဖြေရုံပေါ့။

"ကြာနတ်နွယ်က ထက်မြက်တယ်၊ သွက်လက်တယ်၊ ရဲရင့်တယ်၊ အဲဒီအချက်တွေကို ကျွန်တော် ကြိုက်တယ်။ ကြိုက်တယ် ဆိုတဲ့ အခြေအနေမှာပဲ ကျွန်တော် ရပ်နေတယ် နော်"

သူ သေချာအောင် အဖြေကို ထပ်ကျော့ပြောလိုက်မိသည်။

သူမက သူ့စကားကို သဘောကျစွာဖြင့် အသံထွက်အောင်ပင် ရယ်နေသည်။

ရယ်သည်မှ ခဏလေး မဟုတ်။

စက္ကန့်သုံးဆယ်လောက် ကြာမည်ထင်သည်။





ရယ်ရင်းနဲ့ တဖြည်းဖြည်း အရှိက်သည်းလိုက်ဖြစ်ပြီး ပိုရယ်ချင်လာမိသည့် ပုံစံမျိုးဖြင့် ရယ်ခြင်းပင်။ ပြီးမှ ...

"အိုင် ကိုက်မစားတတ်ပါဘူး ညိုရဲ့"

ခြောက်ကပ် အက်ကွဲသော အသံဖြင့် ပြောလေသည်။

* ÷ *



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်က ပြန်ထွက်လာစဉ် သူမ တောင်းဆိုမှုတစ်ခု တက်လာသည်။

“အိမ်ခဏလိုက်ခဲ့ပါလား ညို၊ ညို့မေမေအတွက် အိုင် လက်ဆောင်တစ်ခုပေးချင်လို့”

“နောက်နေ့မှ ပေးလည်း ရပါတယ်”

မလိုက်ချင်၍ ပြောလိုက်စဉ် ...

“ခဏလေးပါ ညိုရဲ့၊ မကြာပါဘူး၊ ပစ္စည်းက အသင့်ရှိ ပြီးသား ဝင်ယူရုံပဲ”

အင်းလေ ... တစ်ရက်တည်းနဲ့ ကိစ္စပြတ်သွားတာ ပေါ့။ နို့မို့ဆို နောက်တစ်ရက်အတွက် အကြောင်းပြချက် ရှိနေ ဦးမည်။





သူမ အိမ်ဘက်သို့ ဦးတည်လိုက်ရပြီး နာရီကြည့် ခိုစဉ် ခုနစ်နာရီ ထိုးနေပြီဖြစ်သည်။

သူမအိမ်ရောက်တော့ ခုနစ်နာရီ ဆယ့်ငါးမိနစ်။

အခန်းတံခါး ပွင့်သွားစဉ် အိမ်ခန်းတစ်ခုလုံး မှောင် နေသည်။

တခြားအခန်းတွေ လင်းနေသဖြင့် မီးပျက်နေခြင်း လည်း မဖြစ်နိုင်။

“ဖျူးစ်ပြတ်သွားလို့ မမ၊ ကျွန်မလည်း မဆက်တတ်တာ နဲ့ မမကို စောင့်နေတာ”

သူမက တစ်ချက် စုတ်သပ်လိုက်ပြီး ...

“အေး ... ဒါကြောင့် မီးတွေအားလုံး တစ်ပြိုင်နက် မသုံး နိုင်းတာ အခုတော့ ဖြစ်ပြီမဟုတ်လား၊ သွား Emergency Light သွားယူချည်”

သူမက အကျီလက်ကို ပင့်တင်လိုက်သည်။

ပြီးတော့ ခွေးခြေတစ်လုံးပါ ယူလာပြီး ...

“ဆောရီး ... ညို၊ ခဏစောင့်နော်၊ အိုင် ဖျူးစ်ဆက်လိုက် ဦးမယ်”

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ထိုင်ခိုင်းပြီး သူမက ခုံလေးပေါ် တက်လိုက်သည်။

ဘယ်လိုမှ ကြည့်ကောင်းသော မြင်ကွင်းမျိုး မဟုတ်သလို ကြည့်နေဖို့လည်း မသင့်။

"ကဲ ... ကြာနတ်နွယ် ဆင်း၊ ကျွန်တော် ဆက်ပေးမယ် လိုတဲ့ပစ္စည်းတွေသာ ယူပေး"

အမြင်မတော်၍ သူပဲ လုပ်ပေးလိုက်ရတော့သည်။

ဘာမှ ခက်ခဲပင်ပန်းတဲ့အလုပ် မဟုတ်၍ ခဏလေးနဲ့ ပြီးသွားပြီး တစ်အိမ်ခန်းလုံး လင်းရှင်းသွားသည်။

"ကျေးဇူးပဲ ညို၊ ခဏနားလိုက်ပါဦး"

သူ မနားချင်တော့။

"လက်ဆေးပါရစေ"

သူမ ညီမလေးက သူ့ကို လက်ဆေးရန် အထဲသို့ ခေါ်သွားသည်။

တိုက်ခန်းပေမဲ့ သူမအခန်းက ကျယ်ပြီး ရှည်လှသည်။

သပ်ရပ်သန့်ရှင်းတဲ့ အပြင်အဆင်များကြောင့် နေချင့်စဖွယ်။





လက်ဆေးပြီး သူ ပြန်ထွက်လာချိန်တွင် သူမလက်ထဲတွင် သူဖုန်းကိုင်ထားလျက် ...

"ညို့ဖုန်းလာလို့ အိုင် ကိုင်လိုက်တယ်၊ ဘာမှ မပြောဘဲ ဖုန်းချသွားတယ်"

ဖုန်းနံပါတ်ကို ယူကြည့်လိုက်စဉ် အိပ်မက်ဆီက ဖြစ်နေသည်။

စိတ်က ရှုပ်ရှုံသာမက ညစ်ထွေးနောက်ကျိသွားသည်။

"ယူ့မေမေ အတွက်"

သူမ ကမ်းပေးသောအိတ်ကို လှမ်းယူလိုက်ပြီး ...

"ပြန်မပို့နဲ့တော့၊ ကျွန်တော့်ဘာသာ ပြန်မယ်"

သူမနဲ့အတူထပ်ပြီး ရှိမနေချင်တော့။

သူမ သယ်လာတဲ့ ပြဿနာထုပ်ကြီးက သူ့အတွက် ပိုပြီး ကြီးကြီး လာလေပြီ။

"ကျေးဇူး ... ညို"

ရုတ်တရက် ရီဝေဝေ နှုတ်ဆက်ပြီး သူမ ကျန်ခဲ့သည်။

* ❖ *



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ဆီ ရောက်သွားစဉ် အိပ်မက် အိပ်နေပြီဆို တဲ့ အဖြေကိုသာ ရလိုက်သည်။

အိပ်ချိန်မဟုတ်သေး၍ အိပ်ဦးမည် မဟုတ်တာ သေချာသည်။ အန်တီကတော့ သူတို့အချင်းချင်း စိတ်ကောက် နေကြသည်ထင်၍ ပြုံးနေလျက်နှင့် ...

"မင်းနှမ စိတ်ကောက်နေတယ် ထင်တယ်၊ သားလာရင် အိပ်နေတယ်လို့ ပြောလိုက်တဲ့၊ အခန်းတံခါး ပိတ်ထားလေ ရဲ့"

သူ အတင်းအကျပ် လုပ်ရင်ရသော်လည်း မလုပ် ချင်။

စိတ်ဆိုးနေချိန်မှာ ဖြေရှင်းရ ပိုခက်နိုင်တာမို့ —





"ကျွန်တော် မနက်ဖြန်မှ ထပ်လာခဲ့မယ် အန်တီ၊ ဒီနေ့ တော့ သူ စိတ်ကောက်နေတုန်းမို့ ကျွန်တော် ပြန်လိုက် ပါ့မယ်"

နှုတ်ဆက်ပြီး ပြန်လာရပေမဲ့ စိတ်ထဲမှာ မရှင်။

အိမ်ပြန်အရောက် သူမ ပေးလိုက်သော လက်ဆောင် အား မေမေ့ကို ပေးလိုက်သည်။

မေမေက ချက်ချင်းထုတ်ကြည့်လိုက်ပြီး ...

"နံ့သာဖြူပုတီးလေးပါလား"

မေမေ့ ပြောသံကြားမှ သူမ ပေးလိုက်တဲ့ပစ္စည်းကို သိရသည်။

မေမေက ပုတီးလေးကို ရှိုက်မွှေးပြီး ...

"ကျန်းမာပါစေ၊ ချမ်းသာပါစေ"

ဖွဖွဆုတောင်းပေး၍ ထွက်သွားသည်။

ခြေလှမ်းလေးငါးလှမ်း လှမ်းပြီးမှ မေမေက နောက် ပြန်လှည့်ပြီး ...

"စောစောက အိပ်မက် ဖုန်းဆက်သေးတယ်၊ သားတို့ သူ့ ကို ဝင်မခေါ်ဖြစ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မဆော်ဖြစ်ဘူး မေမေ"

သူ့အမေက တစ်ချက် စဉ်းစားသလိုလုပ်ပြီး ဘာ
ဆက်မပြောဘဲ ပြန်ထွက်သွားသည်။

သေချာသည်။ အိမ်မက် စိတ်ပူမှာစိုး၍ သူ ဖုံးထား
တဲ့ကိစ္စတွေ မေမေ့ဆီကတစ်ဆင့် အိမ်မက် သိသွားလောက်
ပြီ။

ရိုးရိုးလေးပါလို့ ပြောရအောင်လည်း သူမ ပန်း
ဆွဲတဲ့ကိစ္စက သာမန် ဖြစ်ရိုးဖြစ်စဉ် ခပ်ရိုးရိုးကိစ္စမဟုတ်။

စိတ်ပူမှာစိုးလို့ဆိုပြီး ဖုံးထားတဲ့ အကြောင်းပြချက်
ကလည်း နိုင်လုံမည်မဟုတ်။

ခေါင်းခဲသွားသလို ရင်ထဲနုံးချိသွားသည်။

သူ့ကို အိမ်မက် စိတ်ပျက်သွားမှာ သေမလောက်
ကြောက်နေလေပြီ။

နောင်တ တရားက တရိရိ။

လိုအပ်ရင် သူမကိုယ်တိုင် ရှင်းပေးဖို့ကိုတော့ သူ
ကြိုတင်တွက်ဆ တောင်းဆိုထားရမည်။





သူ စိတ်ထဲ ထင့်နေသည်။

သူမသည် သူနဲ့ အိမ်မက် ကြားမှာ နတ်ဆိုးတစ်
ကောင်လို ခြိမ်းခြောက်နေလေမလား။

* ✣ *



www.burmeseclassic.com

www.burmeseclassic.com



"မောင့်အိမ်မှာ သူ ပန်းချီဆွဲတဲ့ ကိစ္စကိုတော့ အိပ်မ... သိသင့်တာပေါ့ မောင်"

အိပ်မက်က နောက်တစ်နေ့ မနက်မှာ သူ့ကို... အကြောင်းပြချက် ခိုင်လုံစွာနဲ့ ရင်ဆိုင်ခဲ့သည်။

အိပ်မက် ရှေ့မှာ အပြစ်ရှိသူ တစ်ယောက်လို သိ... သိမ်ငယ်ငယ် ထိုင်နေခဲ့သည်။

"အိပ်မက် သိရင် စိတ်ရှုပ်မှာစိုးလို့"

အိပ်မက်က မခိုးမခန့် ပြုံးသည်။

ကြည့်စမ်း ... အိပ်မက် ဒီအပြုံးမျိုး မပြုံးဖူး။

သူ့အပေါ် လေးစားမြတ်နိုးခဲ့သော အိပ်မက်ဆီ... ဒီလို တုံ့ပြန်မှုမျိုး တစ်ခါမှ မရဘူးခဲ့။





"အခုတော့ စိတ်ရှုပ်တာထက် ပိုမဆိုးဘူးလား မောင်၊ အိပ်မက် စိတ်နာတယ်"

စိတ်နာတယ် ဆိုတဲ့ စကားကို လေသံအေးအေး ဖြင့် ဖိပြောလိုက်၍ ပိုပြီး လေးနက်စေသည်။

"အိပ်မက် သူ့မျက်လုံးတွေကို ကြောက်တယ်၊ မောင့်ရဲ့ ပျော့ညံ့မှုတွေကို စိုးရိမ်တယ်၊ အိပ်မက် ဘာလုပ်ရမလဲ မောင်၊ မဆိုင်သူ တစ်ယောက်လို ဘာမှမသိချင်ယောင် ဆောင်ပြီး နေလိုက်ရမှာလား"

အပြစ်ရှိသူပီပီ သူ အိပ်မက်ကို သနားလာသည်။

ခုချိန်မှာ သူ တစ်ခုတောင်းပါဆိုလျှင် မတရားရာ ရောက်ရင် ရောက်နေပါစေ သူမကို အဝေးတစ်နေရာသို့ လွင့်ထွက်သွားလိုတဲ့ ဆုကို တောင်းမိမည်ထင်။

"မောင် အိပ်မက်နားမှာပဲ နေမှာပါ"

အိပ်မက်က သူ့ကို အလန့်တကြား ကြည့်ပြီး ...

"ဘုရားရေ ... မောင် ပြောပုံက အိပ်မက် အတွက် မောင် ရှိနေပေးမယ်ဆိုတဲ့ လိုက်လျောပုံမျိုးကြီးပဲ၊ အိပ်မက်လို ချင်တာ မောင်ဆန္ဒ မောင့်တောင့်တချက်အရ အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



နားမှာ ရှိနေစေချင်တာ၊ လူရော စိတ်ပါ အိပ်မက် နား ရှိနေစေချင်တာ၊ တကယ်လို့ တစ်ခုပဲ ရွေးရမယ်ဆိုရင်တောင် ...”

အိပ်မက် အသံက အစပိုင်းမှာ တင်းထန်ပြီး နောက်ပိုင်းမှာ တိုးလျော့တုန်ခါပြီး ရပ်သွားသည်။

ဖြီးမှ ရှိုက်သံစွက်လျက် ...

“မောင့်စိတ်ကိုပဲ လိုချင်တယ်၊ မောင် ဘယ်သူ့နားမှာပဲ ရှိနေရှိနေ မောင် အိပ်မက်ကို သတိရနေတာမျိုးပဲ လိုချင်တယ်”

အိပ်မက်ရယ် ...

ရင်ထဲက ကြင်ကြင်နာနာ နှစ်သိမ့်ပေးလိုက်ချင်သည်။

“အိပ်မက် ... မောင် ကတိတစ်ခု ပေးပါ့မယ်၊ အိပ်မက် အနားမှာ မောင် ကိုယ်ရော စိတ်ပါ ရှိနေချင်တယ်၊ အိပ်မက်က သွားတော့လို့ မနှင်ထုတ်သရွေ့ မောင် ရှိနေချင်တယ်၊ အိပ်မက်ကို မောင် ချစ်တယ်”

သူ့စကားအဆုံး အင့်ခနဲ ရှိုက်သံတစ်ချက်ဖြင့် သူ့ရင်ထဲ တိုးဝှေ့ဝမ်းနည်းနေရှာသည်။





တသိမ့်သိမ့် ရှိုက်နေတဲ့ အိပ်မက်ရဲ့ ကျောပြင်လေးကို ဖွဖွပွတ်ပြီး ကတိတွေ အကြိမ်ကြိမ် ပေးနေမိသည်။

ရှိုက်သံ ဗလုံးဗထွေးနဲ့ အိပ်မက်ရဲ့ သနားစဖွယ် မျက်နှာလေးကို တရှိုက်မက်မက် ငေးရင်း ...

ဒီအရုပ်လေးကို ရင်ခွင်ထဲ ထာဝစဉ် သိမ်းထားချင်တဲ့ ဆန္ဒတွေ တရိပ်ရိပ်။

* ✣ *



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်က သူ့ကို ပျော့ညံ့တယ်လို့ ပြောတုန်းက သူ လက်မခံချင်။

ဒါပေမဲ့ တကယ်တမ်း သူ့ကိုယ်သူ သတိထားမိချိန်တွင် သူသည် အိပ်မက် ပြောသလိုပင်။

မနက် နှစ်နာရီထိုးခါနီး ဖုန်းလာ၍ ဖုန်းနံပါတ်ကို မကြည့်ဖြစ်ဘဲ အိပ်ချင်မူးတူး ဖုန်းဖြေလိုက်စဉ် ...

"ဟဲလို ... ညိုလား"

သူ့မျက်လုံးများက မှေးစင်းနေရာက အံ့သြစိတ်ပျက်စွာ ပြူးကျယ်သွားသည်။

ဖုန်းပြန်ပိတ်ရန် စဉ်းစားမိရုံရှိသေး ...

"ညို ... အိုင် ဆေးရုံကို အရေးပေါ်သွားစရာရှိလို့ လာခဲ့ပေးပါလား"





ဖုန်းတောင် ဆက်နိုင်မှတော့ သူမ အခြေအနေက ဆေးရုံပို့ရလောက်အောင် မဆိုးနိုင်။

ဒါ သူမရဲ့ လှည့်ကွက်တစ်ခုလည်း ဖြစ်နိုင်သည်ပင်။

"ဟာ ... ဒီအချိန်ကြီး ကျွန်တော် အိပ်ချင်နေတယ်၊ ဒါပဲ"

သူ ဖုန်းချလိုက်စဉ် သူမက ဖုန်းထပ်ခေါ်ပြန်သည်။

ဖုန်းကို လုံးဝ ပိတ်ပစ်လိုက်ပြီး သူ ပြန်အိပ်စဉ် အိပ်၍မရတော့ ...

သူမ အခြေအနေက တကယ်ပဲ ဆေးရုံသွားရမဲ့ အခြေအနေလား ...

သူမသာ တစ်ခုခု ဖြစ်သွားခဲ့ရင် သူ စိတ်ကောင်းနိုင်ပါ့မလား ...

သူမ ဒီနည်းနဲ့တော့ သူ့ကို မလှည့်စားလောက် ...

အတွေးများစွာနဲ့ သူ ဆက်၍ အိပ်မရတော့ ...

အိပ်ရာထဲက ဝုန်းခနဲ ထလိုက်ပြီး ရုပ်အင်္ကျီတစ်ထည် ကောက်စွပ်လျက် ထွက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တံခါးဖွင့်သံကြောင့် နိုးပြီးထလာတဲ့ မေမေ့ကို ...

"သူငယ်ချင်းတစ်ယောက် အရေးတကြီး ဖုန်းဆက်လို့၊ မေမေ စိတ်မပူနဲ့နော်"

မေမေ့ကို အကြောင်းစုံမရှင်းပြမိတော့၊ ကမန်းကတန်း ထွက်လာခဲ့လိုက်သည်။

အချိန်မတော်ကြီးဖြစ်၍ လမ်းပေါ်မှာ ကားရှင်းနေသည်။ တစ်စီးတလေ ဖြတ်သွားတဲ့ Taxiများကိုသာ ရှားရှားပါးပါး တွေ့ရသည်။

လမ်းရှင်းနေ၍ သူမ အိမ်ကို ဆယ်မိနစ်လောက်နဲ့ ရောက်သွားသည်။

သူမ အိမ်အရောက် သူမ ကားထွက်ရန် အချက်ပြနေတာ တွေ့လိုက်ရသည်။

သူ့ကားကို သူမ ကားရှေ့သို့ တုံ့ခနဲ သွားရပ်လိုက်စဉ် ...

"ဟင် ... ညို"

သူမ ခေါင်းလေး ပြူထွက်လာပြီး ခေါ်လိုက်သံ ကြားလိုက်ရသည်။





"ဘာဖြစ်တာလဲ"

သူ ကားထဲက ထွက်ပြီး မေးလိုက်စဉ် ...

"ငါးကန်ဆေးရင်း ကန်ကွဲပြီး ရှသွားလို့"

သူမ လက်ဖျံမှာ သွေးများရဲဖြာလျက် ...

ဘယ်လောက်နက်သွားသည် မသိ။ ပတ်ထားတဲ့ ပတ်တီးဖြူဖြူပေါ်မှာပင် သွေးစိမ့်ထွက်နေသည်။

"လာ ... ဆေးရုံသွားမယ်"

သူ့ကားကို သူမ ကားနေရာမှာ ရပ်ထားခဲ့ပြီး သူမ ကားနှင့်ပင် ထွက်လာခဲ့လိုက်သည်။

"ညို မလာတော့ဘူးဆိုပြီး ကားမောင်းဖို့ လုပ်နေတာ"

သူမ လက်က လှုပ်ရှားရင် ပိုသွေးထွက်မှာစိုး၍ သူ့ကို ခေါ်တာဖြစ်ပေလိမ့်မည်။

"မလာဘူးလုပ်နေတာ၊ ဒါပေမဲ့ စိတ်မချတာနဲ့"

သူမက နာနေသည့်ကြားက ပြုံးနေသေးသည်။

အနီးဆုံး ဆေးရုံတစ်ခုဆီသို့ လာခဲ့ကြပြီး သူမရဲ့ ဒဏ်ရာကို ထုံဆေးဖြင့် ရှစ်ချက် ချုပ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာရှိန်ဖြင့် သူမကို ဆေးရုံမှာ ခဏအနားယူခိုင်းချိန်တွင် သူမက နားနေလျက်နှင့် သူ့ကို စကားတွေ ပြောနေသည်။

"ထူးဆန်းတယ်သိလား၊ အိုင် အရင်က အဲဒီလို မဟုတ်ပါဘူး၊ ဘာကိစ္စပဲဖြစ်ဖြစ် ကိုယ့်ဘာသာကိုယ် လုပ်ရမယ်၊ ကိုယ့်ဘာသာကိုယ် ရှင်းရမယ်ဆိုတဲ့ အသိနဲ့ ဘယ်သူ့ကိုမှ အားမကိုးဖူးဘူး၊ အခုမှ ..."

သူမက စကားကို ခဏရပ်ပြီး ရှက်သလိုလို ပြုံးသည်။

ရှက်ပြုံးပီပီပြင်ပြင်ကြီးတော့ မဟုတ်။

ဒါပေမဲ့ သူမ မျက်နှာက မြင်ရခဲသော နူးညံ့သည့် အပြုံးမျိုးဖြစ်သည်။

"လက်ကို ရှမိလိုက်လိုက်ချင်း အေးခနဲ ဖြစ်သွားပြီး ငါတော့ တစ်ခုခု ဖြစ်သွားပြီဆိုတာ သိလိုက်တယ်၊ အဲဒီ အချိန် ခေါင်းထဲ ဝင်လာတာက ညီပဲ၊ ညီ့ကို အားကိုးချင်စိတ် ဘယ်တုန်းက ဝင်သွားလဲတောင် မသိတော့ဘူး"

သူမတော့ မသိ ...





သူကတော့ နားထောင်နေရတာကိုပင် မျက်နှာပူလှသည်။

"ညီ့ကို ဖုန်းဆက်ပြီး ညီ ငြင်းလိုက်တော့မှ ပျောက်နေတဲ့ မာနက ပြန်ဝင်လာတယ်၊ ငါ ကိုယ့်ဘာသာကိုယ် ကားမောင်းနိုင်သားပဲလို့ အားတင်းပြီး တွေးလိုက်ရတယ်"

တကယ် ဖြစ်နေတာကို ငြင်းလိုက်မိ၍ အားနာမိလိုက်သည်။

"ဒီအချိန်ကြီး ကြာနတ်နွယ်တို့ ညီအစ်မကရော ငါးကန်ဆေးစရာလား"

လူကြီးတစ်ယောက်လို ဝေါက်ငမ်းဆူပူလိုက်စဉ် ...

"ဟုတ်တယ်၊ ကန်ထဲမှာ ငါးတစ်ကောင် သေနေတာ တွေ့လိုက်လို့ မလှယ်လို့ မရတော့ဘူးလေ၊ ကန်ကလည်း ညီတွေ့တဲ့အတိုင်း အကြီးကြီးဆိုတော့ နှစ်ယောက် မနည်း မရတယ်"

သူမကတော့ ဆေးရှိန်နဲ့ ငိုက်မြည်းစပြုလာသည်။ သူကတော့ ငိုက်လို့ရတဲ့ အနေအထားမျိုး မဟုတ်၍ မငိုက်မိတော့ ...



www.burmeseclassic.com

www.burmeseclassic.com



နာရီ ကြည့်မိစဉ် သုံးနာရီကျော်နေလေပြီ။

ဆရာဝန်က စိတ်ချလက်ချနှင့် ပြန်ခိုင်းချိန်သည် လေးနာရီကျော်နေပြီဖြစ်ပြီး သူမ အိမ်မှ သူ ပြန်ထွက်ခဲ့ချိန်သည် ငါးနာရီ ထိုးနေပြီဖြစ်သည်။

သူ အိမ်ရောက်တော့ မေမေက ဘုရားဆွမ်းတော် ကပ်ရန် အသင့်ဖြစ်နေပြီဖြစ်ပြီး သူ့ကို ပြန်အိပ်ခိုင်းလေသည်။

အိပ်ရေးပျက်ပျက်နှင့် အိပ်ရာပေါ် လှဲလိုက်ချိ လူက မှေးခနဲ ...

အိပ်မက်ထဲမှာ သူမလက်က သွေးများက မတိတ် ဘဲ စိမ့်ထွက်နေသည်။

သူမ မျက်နှာကတော့ အားရပါးရ ရယ်လျက် ...

သူမကို ကြည့်နေရင်းနှင့်ပင် သူမ မျက်နှာက ငိုနေသော အိပ်မက်မျက်နှာ ဖြစ်သွားသည်။

* ✣ *





အလုပ်သွားခါနီးမှ သူ့ဖုန်း သူမ ကားထဲမှာ ကျန်ခဲ့တာ သတိရလိုက်သည်။

အလုပ်သွားရင်းနှင့် သူမဆီ ဝင်လိုက်စဉ် သူမက မနက်စာ စားနေပြီဖြစ်သည်။

"ဟော ... ညို ... ထင်သားပဲ၊ ညို လာလိမ့်မယ်လို့"

သူမက သူ့ကို မြင်သည်နှင့် စားလက်စကို ရပ်လိုက်ပြီး ဧည့်ခန်းထဲ ထွက်လာသည်။

"ကြဲနတ်နွယ်ရော သက်သာလား၊ ကျွန်တော် ဖုန်း ကျန် ခဲ့လို့"

သူမက ခေါင်းညိတ်ပြီး ...

"သက်သာတယ်၊ ဖုန်းကိုတော့ အိပ်မက်က ယူသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ ထိတ်ခနဲ ...

"မနက်စောစော ညို့ဆီ ဖုန်းဆက်တယ်လေ၊ ဖုန်းကျွန်မဆီမှာ ကျန်ခဲ့တယ်ဆိုလို့ လာယူသွားတယ်၊ အိပ်မက်ဖုန်းမဆက်ဘူးလား"

ဒီအချိန်ထိ အိပ်မက်ဆီက ဘာမှ အဆက်အသွယ်မလုပ်၍ ပုံမှန်မဟုတ်တာ သေချာနေသည်။

"ဒါဆို ကျွန်တော် အိပ်မက်ဆီ သွားယူလိုက်မယ်"

သူမက ပြုံးနေပြီး ...

"ဆောရီး ညိုရယ်၊ သူ ညို့ကို စိတ်ဆိုးသွားတာတော့သေချာတယ်၊ အိုင့်ကိုတောင် စကားကောင်းကောင်းမပြောသွားနိုင်ဘူး"

သူမက ဒါကို ပြောကောင်းသော သတင်းထူး[illegible]လို ကျေကျေနပ်နပ် ပြောနေနိုင်သည်။

"ကော်ဖီ သောက်သွားဦးမလား ညို"

သူ ဆက်နားမထောင်တော့၊ ကမန်းကတန်း ထွက်လာခဲ့လိုက်သည်။





အိပ်မက်အတွက် ဖြေရှင်းရမဲ့ စကားလုံးတွေက ဦးနှောက်ထဲမှာ ခုန်ပေါက်ပြေးလွှားလျက် ...

သူ့ရဲ့ နူးညံ့ပျော့ပျောင်းသော သိမ်မွေ့အေးဆေးသော ချစ်သူလေးသည် သူ ရောက်သွားချိန်တွင် အေးစက်မာကျောသော သွေးအေးတည်ငြိမ်သော သူအဖြစ်သို့ ...။

* ✣ *



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းလာပြန်ယူတာလား"

အိပ်မက် သူ့ကို တွေ့သည်နှင့် တည်ငြိမ်စွာ နှုတ်ဆက်သည်။

လှိုင်းထန်ရမဲ့ အချိန်မှာ တည်ငြိမ်နေတာမို့ အခြေအနေက ပုံမှန်မဟုတ်။

"အိပ်မက်ကို မောင် ရှင်းပြစရာ ..."

သူ့စကားပင် မဆုံးလိုက်ရ အိပ်မက်က လက်ကာပြပြီး သူ့ရှေ့သို့ ဖုန်းကို ချပေးလိုက်သည်။

"အိပ်မက် ဖုန်း ယူလာတာ မောင် ... ထားပါတော့၊ နှုတ်ကျိုးနေပြီဆိုတော့ နောက်ဆုံးအချိန် မောင်လို့ပဲ သုံးလိုက်ရအောင်၊ မောင့်ဆီက အကြောင်းပြချက်တွေ၊ ဖြေရှင်းချက်တွေ နားထောင်ချင်လို့ ဖုန်းလာယူခိုင်းတာ မဟုတ်ဘူး"





သူ ဆွံ့အ အံ့သြစွာ ငြိမ်နေမိဆဲ။

"အဖြစ်မှန်တွေကို ကိုယ့်ဘာသာကိုယ် လက်ခံလို့ ရအောင် သက်သေအဖြစ် ယူလာတာ၊ အိပ်မက်တို့ လမ်းခွဲကြရအောင်"

အိပ်မက်က အပြင်းထန်ဆုံး စီရင်ချက်ကို ချပြီးသားဖြစ်နေလေပြီ။

"မဟုတ်ဘူး အိပ်မက်၊ သူ့ကို မောင် ဆေးရုံသွားပို့ပေးရင်း ဖုန်းကျန်ခဲ့တာ၊ အိပ်မက် ထင်သလို မဟုတ်ဘူး"

အိပ်မက်က တည်ငြိမ်အေးစက်စွာ ပြုံးလိုက်ပြီး ...

"ညဥ့်နက်သန်းခေါင် ဆေးရုံသွားပို့ပေးရအောင် မောင်တို့ ရင်းနှီးနေတာ အိပ်မက် မသိခဲ့ဘူး၊ အခု သိချိန်မှာလည်း အိပ်မက်အတွက် နောက်မကျသေးပါဘူး၊ အိပ်မက် မောင့်ကို ချစ်တယ်၊ ဒါပေမဲ့ မယုံကြည်တော့ဘူး၊ ဒါကြောင့် အိပ်မက်တို့ လမ်းခွဲကြမယ်"

အိပ်မက် အသံက တဖြည်းဖြည်း ပိုပြတ်သားမာထန်လာသည်။

"မောင် အိပ်မက် ဆုံးဖြတ်တာကို လက်မခံနိုင်ဘူး၊ မောင် အိပ်မက်ကို ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ အရူးတစ်ယောက်လို အော်ဟစ်တောင်းပန်နေမိသည်။ အိပ်မက်ကတော့ သူ့ကို စူးစူးစိမ်းစိမ်း ကြည့်ရင်း ခေါင်းခါလျက် ...

"မောင် ကြိုက်တဲ့ပုံစံမျိုး ကြာနတ်နွယ်မှာ ရှိနေတယ်၊ အိပ်မက်က မောင် ကြိုက်တဲ့ ပုံစံမျိုး မဟုတ်ဘူး၊ မောင် လွှတ်လွှတ်လပ်လပ် သူ့ဆီ သွားပါတော့"

အိပ်မက်က သူ့ကို ဖြည်းလေးပြတ်သားစွာ ပြောပြီး ကျောခိုင်းထွက်သွားသည်။

ကြိုက်တာနဲ့ ချစ်တာ မတူဘူးဆိုတာ အိပ်မက်ရေ မောင်ပါ သိထားကြတယ်လေ ...

မောင် ခဏလေး တွေဝေသွားခဲ့တာပါ အိပ်မက်ရယ် ...

အပြစ်ရှိခဲ့သူမို့ ခွင့်လွှတ်ဖို့ မတောင်းပန်ရဲ ...

ကျောခိုင်းသွားတဲ့ ချစ်သူနားမှာ သူ့အချစ်တွေနဲ့ ထာဝရ ခိုလှုံခွင့်ရမဲ့ အခွင့်အရေးမျိုး သူ့မှာ ရှိသေးရဲ့လား ...

သူ့ကိုယ်သူ သိပ်မုန်းသည်။

✻ ✣ ✻





"ဘယ်လို ... ညို၊ အိုင်က အိပ်မက်ကို တောင်းပန်ပေးရမယ် ဟုတ်လား"

သူမက သူ့ကို အထူးအဆန်း သတ္တဝါတစ်ကောင်အဖြစ် ကြည့်ပြီး ခပ်ပေါ့ပေါ့ ပြန်မေးနေသည်။

"ဟုတ်တယ် ကြာနတ်နွယ်၊ အိပ်မက် ကျွန်တော်တို့နှစ်ယောက်ကို အထင်လွဲနေတယ်၊ အဲဒါ ကြာနတ်နွယ် ရှင်းပြပေးဖို့ လိုမယ်ထင်တယ်"

သူမက ပခုံးတွန့်ပြီး မျက်ခုံးနှစ်ခုကို ပင့်၍ ထိမထင် အမူအရာမျိုး လုပ်ပြနေသည်။

"ညိုက အိုင့်ဘက်က နည်းနည်းတွေးပေးဦးလေ၊ အိုင် အောက်ကျတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် သေမလောက် အရေးကြီးနေတဲ့ ကိစ္စ
ကို သူမက အလေးထားပုံမရ။

"ကြာနတ်နွယ်ကို တောင်းပန်ခိုင်းနေတာမှ မဟုတ်တာ
အိပ်မက် နားလည်အောင် အခြေအနေမှန်ကို ရှင်းပြပေး
လေးပါ"

"အခြေအနေမှန် ဟုတ်လား"

သူမ မျက်လုံးလှလှများက အခုတော့ အကျည်းတ
စွာ မာယာအရောင်များ ပြိုးပြိုးပြက်ပြက် ...

"အိုင် အခြေအနေမှန်ကို ပြောခဲ့ပြီးပြီလေ"

သူမရဲ့ မထီတရီ အပြုံးများကို ဆွဲခွာဖြုတ်ချ
လိုက်ချင်သည်။

"ညို့ အိပ်မက်ကိုက သဘောထားသေးလွန်းတာပါ၊ ဒီခေ
ကြီးမှာ ဒီလောက်သဝန်တိုလို့မရဘူးလေ၊ ပြီးတော့ ညို
သူ့ခင်ပွန်းမှ မဟုတ်သေးတာ"

သူမ စကားသွားပုံကြီးက အိပ်မက် မပြော
သူပင် ဘဝင်မကျ။





"ဘယ်လိုပဲဖြစ်ဖြစ် ကြာနတ်နွယ် ကြားဝင်ပေးပါလို့
ကျွန်တော် တောင်းပန်ချင်တယ်"

သူမက လက်မှ ပတ်တီးစကို ပျင်းတိပျင်းရွဲ ခွာနေ
ပြီး ...

"အိုင် စဉ်းစားလိုက်ဦးမယ်"

ယောကျ်ားချင်းသာဆိုရင် ပွဲက ကြည့်ကောင်းလာ
နိုင်မည်ထင်။

"ကျွန်တော်တော့ စဉ်းစားမရလောက်အောင် စိတ်ရှုပ်နေ
တယ်ဗျာ"

စိတ်ပျက်ပျက် ညည်းညည်းညူညူ ဖြစ်နေ ကဲ့ သူ့
ပုံစံကို သူမက သနားစရာ သတ္တဝါတစ်ကောင်ကို ကြည့်နေသလို
မျိုး ကြည့်နေသည်။

ဒါပေမဲ့ သူမ အကြည့်ထဲမှာ ကရုဏာရိပ်အစား
တခြားအရိပ်တစ်ခုခု ရှိနေတာတော့ သေချာသည်။

ထိုအရိပ်ကို သူလည်း ပုံမဖော်တတ်။

"ချုပ်ရိုးဖြေရင် အနာရွတ်ကျန်နေမယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ လက်က ဒဏ်ရာလောက် ဘာမှ အရေးကြီးသည့်ကိစ္စ မရှိပုံနှယ်။

ကြိုက်စရာကောင်းတဲ့ သူမဆီမှာ ကြောက်စရာကောင်းတဲ့ အမှုအကျင့်တွေ ရှိနေမှန်း သူ သိလိုက်ရချိန်တွင် ...။

* ⁘ *



၁၅

ဧည့်ခန်းထဲအဝင် မေမေနဲ့ ဧည့်သည်တစ်ယောက် ရှိနေတာတွေ့ပေမဲ့ စိတ်ရှုပ်နေတာမို့ ခေါင်းညွတ်ရုံသာ ညွတ်ခဲ့ ဦး အိမ်ထဲ ဝင်လာစဉ် ...

"သား ... ညိုမင်းသွင်"

မေမေ့အသံကြောင့် ခြေလှမ်းက တုံ့ခနဲ။

ပြန်လှည့်လာစဉ် ဧည့်သည်လူကြီးက သူ့ကို စူးစူး စိုက် ကြည့်နေတာ တွေ့လိုက်ရသည်။

နေရခက်သည့်ကြားက ပြုံးပြလိုက်မိသည်။

မေမေက သူ့ကို ခေါ်ရုံခေါ်သည်။ မိတ်မဆက်ပေး။ လေးကြီးကလည်း သူ့ကို မှင်သက်ငေးမောကြည့်နေသည်။

ဘာတွေ ဖြစ်နေတာလဲ မသိ။

www.burmeseclassic.com

www.burmeseclassic.com



အရင်ကလို စိတ်ကြည်သာနေလျှင် အရွှန်းဖောက်ပြီး ငြိမ်လွန်းနေသည့် အခြေအနေကို ထိုးခွဲလိုက်မည်ထင်၏။

အခုတော့ နားမလည်နိုင်အောင် ငြိမ်လွန်းနေသည့် အခြေအနေကို အားနာစွာပြုံးပြီး ထွက်လာခဲ့လိုက်သည်။

ထွက်လာခဲ့ပေမဲ့ ဦးလေးကြီးရဲ့ ရိဝေဝမ်းနည်းနေတဲ့ အကြည့်က ကပ်ပါလာသည်။

ပြီးတော့ မေမေ ...

မေမေ့ရဲ့ တင်းထန်နေတဲ့ မျက်နှာ၊ ဒါပေမဲ့ ခေါ[illegible] အရိပ်အငွေ့မပါ။

ဘာတွေ ဖြစ်နေပြီလဲ ...

ရင်ထဲက အပူလောက် ကျန်တဲ့အပူက မပူတော့[illegible] ထိုကိစ္စကို သူ့သောကအပူက ဖုံးလွှမ်းသွားသည်။

သူ အပေါ်ထပ်ရောက်ပြီး ဝရန်တာမှာ ထွက်[illegible] စဉ် ညှိုးသည်ဦးလေးကြီးရဲ့ကား ထွက်သွားတာ တွေ့လိုက်[illegible] သည်။

ထူးခြားသည်မှာ ထိုညနေက မေမေ ညစာမစား[illegible] သူလည်း စားမဝင်ပါ။





ခြောက်ကပ်ငြိမ်သက်နေတဲ့ ထမင်းဝိုင်းကို အားနာ[illegible]နှင့်ပင် ...။

ဖုန်းကို ဖွင့်ထားပြီး သူနဲ့ အနီးဆုံး နေရာမှာ ထား[illegible]ကက် အိပ်မက် ခေါ်သံကို မျှော်လင့်တကြီး ...

အိပ်မက်စိတ်ကူးပြောင်းပြီး ငိုမဲ့မဲ့နဲ့ သူ့ရင်ခွင်ထဲ [illegible]န်တိုးဝင်လာနိုးနိုး။

ဗလာကျင်းနေတဲ့ သူ့ရင်ခွင်ထဲကို အိပ်မက်ကလွဲ၍ [illegible]ယ်သူ့ကိုမှ အဝင်မခံနိုင်တာ သေချာနေသည်။

သူ့ရင်ထဲက ကံကောင်တွေ ငိုကြွေးနေသည်။

* ⁘ *



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီကို မျှော်လင့်ထားသလို ဖုန်းခေါ်ခဲ့သည်။

ဒါပေမဲ့ အိပ်မက်ဆီက မဟုတ် ...

သူမဆီက ဖြစ်နေသည်။

"ညို အိပ်နေပြီလား"

မေးခနဲ ရှိုက်သာရှိသေးသည်။ နာရီကို ကြည့်လိုက်တော့ ဆယ့်တစ်နာရီခွဲကျော်ကျော် ...

"ရပါတယ်"

လျှာလေးသံကြီးနဲ့ ဖြေလိုက်သည်။

"အိုင် စဉ်းစားပြီးပြီ ညို"

အိပ်ချင်စိတ်တွေ လွင့်ခနဲ ...





"အိုင် အိပ်မက်နဲ့ သွားတွေ့ပေးမယ် ညို၊ ဒါပေမဲ့ အဆင်ပြေရမယ်လို့တော့ အိုင် အာမ,မခံနိုင်ဘူး၊ သူ့ရဲ့ တုံ့ပြန်ချက်ပေါ် မူတည်ပြီး အိုင် ဆက်ဆံရမှာပဲ"

သူမက လက်နက်ချ ကျေအေးရန် သွားခြင်းမျိုးမဟုတ်။ စစ်မျက်နှာဖွင့်ရန် သွားခြင်းမျိုးနှင့် တူနေသည်။

"ကြာနတ်နွယ် ရှင်းပြပေးရုံပါပဲ၊ အိပ်မက်က မရိုင်းပါဘူး၊ လက်မခံချင်ရင်တောင် ကြာနတ်နွယ်ကို ဆိုးဆိုးဝါးဝါး ဆက်ဆံမှာ မဟုတ်ပါဘူး"

သူချစ်သော အိပ်မက်က ဖြူစင်ရိုးသားလွန်းပါသည်။

"သူ ဆက်ဆံရင်လည်း အိုင်က ငြိမ်ခံမှာ မဟုတ်ပါဘူး"

သူမရဲ့ မခံချင်စိတ်က ရန်လိုသည့်ဘက်သို့ လုလွန်းနေသည်။

"ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

သူမဆီက ရယ်သံခြောက်ကပ်ကပ်ကို ကြားနေရသည်။

"ညို မလိုပါဘူး၊ မိန်းမချင်းက ပိုအဆင်ပြေပါလိမ့်မယ်၊ ညို့အတွက် သတင်းကောင်း စောင့်နေပါလို့တော့ အိုင် မပြောရဲတာ နားလည်နော်၊ ဂွတ်နိုက် ညို"



www.burmeseclassic.com

www.burmeseclassic.com



သူမက ပြောစရာရှိတာ ပြောပြီး ဖုန်းချသွားသည်။

ဘာပဲဖြစ်ဖြစ် မရဲတရဲ ရင်တစ်ခြမ်းတော့ အေးသွားသည်ပင်။

ဒါပေမဲ့ သူမကိုတော့ ကျေးဇူးမတင်ရသေး။

* ·:· *





နံနက်စာ ကော်ဖီဝိုင်းတွင် အရှိန်မသေသေးဘဲ သူရော မေမေပါ နှုတ်ဆိတ်နေသည်။

အမြဲတမ်း တစ်နေ့တာ ပြောစရာ ရှိတာများကို ကော်ဖီဝိုင်းတွင် ပြောနေကျဖြစ်၍ အခုလို တိတ်ဆိတ်နေခြင်းက နေမထိ ထိုင်မသာ။

ကော်ဖီတစ်ငုံ သောက်ပြီး မေမေ့ကို မသိမသာ အကဲခတ်ကြည့်စဉ် သူ့လိုပင် သူ့ကို စောင့်ကြည့်နေတဲ့ မေမေနဲ့ အကြည့်ချင်း သွားဆုံသည်။

ဒီအခြေအနေမှာ ကြာကြာမနေတတ်၍ သူကပင် စပြီး ...

"ညက အိပ်ပျော်ရဲ့လား မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အိပ်ပျော်ပါတယ်၊ ဒါနဲ့ သားရော ခုတ

မျက်နှာ သိပ်မကောင်းဘူး"

မေမေပဲလေ ...

သူ့ကို အရိပ်တကြည့်ကြည့်နဲ့ ပြုစုခဲ့တဲ့ မေမေ

သူ့ရင်ထဲ ဘာတွေ ဖြစ်နေလဲဆိုတာ သေချာမသိတောင်

မှုပျက်နေတာတော့ ရိပ်မိမှာပေါ့။

"မေမေ ထင်လို့ပါ၊ ဒီလိုပါပဲ"

ဖြေလိုက်တဲ့ သူ့အသံကိုက ပုံမှန်မဟုတ်။

မေမေက သက်ပြင်းဖျော့ဖျော့ချပြီး ခေါင်းခါ

သည်။

အပူဆိုတာ ကူးစက်တတ်တဲ့ အရာပဲ ...

သူ့ရင်ထဲက အပူကို မေမေလည်း အာရုံနဲ့ ခံစား

ကူးစက်နေမှာပေါ့။

စကားလမ်းကြောင်း လွှဲလိုက်တာမို့ ...

"မနေ့ညနေက ဧည့်သည်က ဘယ်သူလဲ မေမေ၊ သားလည်း

တစ်ခါမှ မမြင်ဖူးဘူး"

မေမေ့ မျက်နှာက သိသိသာသာ ပျက်သွားသည်။





"သားမသိတဲ့ မေမေ့ မိတ်ဆွေတစ်ယောက်ပါ၊ သားကို မြင်ဖူးချင်တယ်ဆိုလို့ စောင့်နေတာ"

ဘာဖြစ်လို့ မိတ်ဆက်မပေးတာလဲ မေးရင် မေမေ စိတ်ရှုပ်သွားမှာစိုး၍ မမေးဖြစ်တော့။

ဒါပေမဲ့ ရင်ထဲက သံသယတော့ နိုင်မာသွားသည်။

"သူ့နာမည် ဘယ်သူလဲ မေမေ"

မေမေက မျက်မှောင်ကုတ်သွားသည်။

မဖြေချင်သည့်သဘော။

ဒါပေမဲ့ မေမေ ဖြေပါသည်။

"ကိုဝင်းနောင်တဲ့"

မေမေက ဖြည်းလေးစွာ ဖြေပြီး နေရာက ထထွက်သွားသည်။

မမြင်ဖူးရုံတင်မဟုတ်၊ မေမေ နှုတ်က ဒီအမည်ကို ပြောဖူးတာပင် မကြားဖူး။

"ဦးဝင်းနောင်"

သူ့အသံထွက်ပြီး ခေါ်ကြည့်လိုက်သည်။

ခံစားမှုက တစ်မျိုးကြီး။

* ✣ *



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ကို ရှင်းပြပေးမည်ဟု ပြောခဲ့သော သူမဆီက သုံးရက်တိုင် ဘာသတင်းမှမရ။

သူ ဖုန်းဆက်ပြန်တော့လည်း ဖုံးက ပိတ်ထားသည် ချည်းဖြေသည်။

မနေနိုင်တဲ့အဆုံး သူမ ဆိုင်ကို ရောက်သွားတော့ သူမ မလာတာ သုံးရက်ရှိပြီဆိုတဲ့ သတင်းသာရသည်။

"မမက ဖုန်းဆက်ပြီး မှာစရာရှိတာတွေ မှာတယ်၊ လူတော့ မလာဘူး"

မျက်မှန်းတန်းမိနေသည့် ဆိုင်က အမျိုးသမီးလေး တစ်ယောက်က ဖြေသည်။

"အိမ်မှာ ရှိမယ်ထင်တယ်"





"ဟုတ်တယ်၊ မမက ကိစ္စရှိရင် အိမ်လာခဲ့လို့ မှာထားတယ်"

ဒါဆို သူမ အိမ်မှာပဲ ရှိနေလိမ့်မည်။

"ကျွန်တော် အိမ်လိုက်သွားလိုက်ပါမယ်၊ တကယ်လို့ သူ ဖုန်းဆက်ရင် ကျွန်တော့်ကို အိမ်မှာ စောင့်နေပါလို့ ပြောပေးပါ"

မှာပြီး သူမဆီ ထွက်လာခဲ့လိုက်သည်။

သူမ သူ့ဆီ မဆက်သွယ်တာ သွေးရိုးသားရိုးမှ ဟုတ်ပါလေစ။

သူ့ အခုတလော သံသယအမြင်တွေချည်း မြင်မိတွေးမိနေသည်ထင်။

သူမ အိမ်မှာ သူမကို ဆိုက်ဆိုက်မြိုက်မြိုက်ပင် တွေ့ခဲ့ရပါသည်။

သူမက အခန်းလွတ်ကြီးတစ်ခုတွင် ပန်းချီဆွဲလျက်...

သူမ ညီမလေးက သူမရှိရာ အခန်းကို ပြပေးပြီး ပြန်ထွက်သွားသည်။

သူမက အမှောင်ကြိုက်တတ်သူပီပီ အလင်းရောင် ကောင်းကောင်းမရသည့် အခန်းထဲမှာ ပန်းချီဆွဲလျက်...



www.burmeseclassic.com

www.burmeseclassic.com



အရောင်တွေနဲ့ ရှုပ်ယှက်ခတ်နေတဲ့ သူမ ပန်းချီကားကို သူ နားမလည်ပါ။

နားလည်ရန်လည်း မလို။

သူ လာတာ သူမ ပန်းချီကားကို လာအကဲဖြတ်ခြင်းမဟုတ်။

"ညီပါလား"

သူမက အံ့ဩသွားသော်လည်း အေးအေးဆေးဆေးပင် နှုတ်ဆက်သည်။

အရင်ကလို ပျူငှာဖော်ရွေလွန်းတဲ့ သူမ အမူအကျင့်တွေ ဘယ်ရောက်နေပါလိမ့်။

သူမက လွတ်နေတဲ့ ခုံတစ်ခုကို မေးငေါ့ပြပြီး အမူအရာဖြင့် ထိုင်ခိုင်းသည်။

ခုံဆွဲရင်း ဝင်ထိုင်လိုက်ပြီး အနားမှာ ရှိတဲ့ လိုက်ကာကြိုးကို ဆွဲရန် ပြင်လိုက်စဉ် ...

"လိုက်ကာ မဖွင့်နဲ့ ညီ"

သူမက အထိတ်တလန့် လှမ်းတားသည်။

သူမက အမှောင်ထဲ နေသားကျနေပေမဲ့ သူ့အတွက်ကတော့ အလင်းမလုံလောက်၍ ခေါင်းပင် နောက်ကျိလာသည်။





ဒီကြားထဲ Air con လျှော့ထားတာလား၊ Air con နိုင်တာလားမသိ။ အခန်းထဲမှာ လှောင်အိုက်နေသလိုပင်။

"ဘာလဲ အိပ်မက်သတင်း လာမေးတာလား"

သူမက စုတ်တံကို ရေခွက်တစ်ခုထဲ စိမ်လိုက်ပြီး သူမ ထိုင်နေသည့် ဆုံလည်ထိုင်ခုံကို သူ့ဘက်လှည့်ရင်း မေးသည်။

"ဟုတ်တယ်၊ ကြာနတ်နွယ်ဆီက ဘာသတင်းမှ မကြားလို့"

သူမ လက်တွင် ပလာစတာလေး အုပ်ထားခြင်းသာ ရှိတော့သည်။

သူမက ထိုပလာစတာလေးအပေါ် ဖွဖွကုပ်နေပြီး ...

"အိုင် ... အိပ်မက်ဆီ မသွားဖြစ်ဘူး ညီ၊ သွားလည်း သွားတော့မှာ မဟုတ်ဘူး"

သူမက သွေးအေးအေးနဲ့ လေသံကို မြှင့်ပြီး ပြောသည်။

ဒေါသက ထောင်းခနဲ ...

ဒါပေမဲ့ သူ့ဘက်က လျှော့ရမည့် အနေအထားဖြစ်၍ ဒေါသကို အတင်းဖုံးဖိမျိုသိပ်ထားရသည်။

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက မကျေမနပ်နဲ့ မာသွားသည်။

"ဘာဖြစ်လို့လဲဆိုတဲ့ အဖြေကို အိုင် ပုံပြင်တစ်ပုဒ် ပြော ပြရင်း ဖြေမယ်၊ အိုင့်ဘဝမှာ မေ့မရတဲ့ ပုံပြင်ပေါ့၊ ယုံတာ မယုံတာကတော့ ညို့အပိုင်းပဲလေ"

သူမက ထိုင်ခုံနောက်မှီပေါ် ခေါင်းတင်ပြီး ကိုယ် ကို သက်သောင့်သက်သာ လျှောချလိုက်သည်။

သူမ ပုံပြင်က ဘယ်လိုပုံပြင်လဲတော့ မသိ။

သူမ မျက်နှာက ကြေကွဲနာကြည်းမှုတွေနဲ့ ဆွေးဆွေး မြည့်မြည့် ...

သူမ ဆွဲထားတဲ့ ပန်းချီကားထဲက အရောင်ရင့်ရင့် မှိုင်းမှိုင်းတွေ ငိုကြွေးနေသလိုပင်။

* ✣ *





"တစ်ခါတုန်းက မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ် ယောက်ကို သိပ်ချစ်ခဲ့ပြီး သူတို့ လက်ထပ်ခဲ့ကြတယ်၊ သူတို့မှာ သမီးလေးတစ်ယောက် ရလာတော့ သူ့ယောကျ်ား က ဝင်ငွေပိုကောင်းတဲ့ အလုပ်တစ်ခု ရတယ်၊ အဲဒီ အလုပ်က နယ်မှာ လုပ်ရမဲ့အလုပ် ဖြစ်တဲ့အပြင် လူလွတ် ဖြစ်ရမယ်ဆိုတဲ့ ကန့်သတ်ချက်ကြောင့် လူလွတ်အဖြစ်နဲ့ အဲဒီအလုပ်ကို သွားလုပ်ခဲ့တယ်"

သူမက မှေးတင်ထားတဲ့ ခေါင်းကို ထောင်မတ် လိုက်ပြီး သူ့ စိတ်ဝင်စားစွာ နားထောင်မထောင် လှမ်းကြည့်သည်။

သူ သိချင်တဲ့ အဖြေကို သူမ ပြောပြတဲ့ ပုံပြင်ထဲက ရမှာမို့လို့ စိတ်ဝင်တစား နားထောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အဆုံးကိုသာ မြန်မြန်သိလိုလှသည်။

“အဲဒီအမျိုးသား နယ်မှာ အလုပ်သွားလုပ်ပြီး နှစ်နှစ်အကြာမှာ မိန်းမ ထပ်ယူလိုက်တယ်၊ အချိန်တန်ရင် သူ့သမီးလေးနဲ့ မိန်းမဆီကို ပြန်လာပါမယ်ဆိုတဲ့ ကတိစကားတစ်ခွန်းနဲ့ပဲ ကျန်ခဲ့တဲ့ သားအမိက ဖြေသိမ့်ခဲ့ရတယ်”

စကားအဆုံး သူမက ဘာစိတ်ကူးပေါက်သည်မသိ။ ရတ်တရက် စုတ်တံကို ဆေးအနက် ပျစ်ပျစ်ကြီးထဲနှစ်ပြီး ပန်းချီကားပေါ်မှာ ကန့်လန့်ဖြတ် ဆွဲခြစ်ချလိုက်သည်။

နဂိုကတည်းက အရောင်ရင့်ရင့်မှိုင်းမှိုင်းတွေနဲ့ အကျည်းတန်နေတဲ့ သူမ ပန်းချီကားက ပိုပြီး အရုပ်ဆိုးသွားသည်။

သူမ မျက်နှာကလည်း ပန်းချီကားနဲ့ အပြိုင် ကြမ်းတမ်းအကျည်းတန်နေသည်။

သူမက ပုံပြင်ကို တကယ်ခံစားပြီး ပြောနေတာကိုး။

“ဒါပေမဲ့ သူ ဘယ်တော့မှ ပြန်မလာခဲ့ပါဘူး”

သူမက မောဟိုက်နွမ်းလျစွာ ကြိုးစားပြောနေသည်။





သူမကို ကြည့်ရတာ အမောဖောက်နေသည့် လူမမာလို မျက်လုံးများ ကျယ်လာပြီး အသက်ကို လုယက်ရှူနေသည့်ပုံမျိုး။

သူမက ဆက်မပြောဘဲ ရပ်သွားသည်။

အဖြေကို မျှော်လင့်နေတဲ့ သူ့အတွက် ဆိုင်းငံ့သွားခြင်းကို လက်မခံနိုင်။

“အဲဒီ သားအမိကရော”

သူ ထောက်မေးလိုက်စဉ် သူမက သူ့ကို ပြုံးပြသည်။

ကြက်သီးထသွားရလောက်အောင်ပင် ကြောက်စရာကောင်းသော အပြုံးမျိုးဖြစ်သည်။

သူမ မျက်နှာလှလှလေးကို အလှမပျက်စေဘဲ အစိမ်းပွာယ်ပေါင်းများစွာပါတဲ့ အဆိပ်ပြင်းပြင်း အပြုံးမျိုးဖြစ်သည်။

“သူ့အမေက သူ့အဖေဆီ သွားတဲ့ လမ်းမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားတယ်၊ အဲဒီလို မဆုံးလည်း သူ့အမေက လွမ်းနေတဲ့ ရောဂါကြောင့် ဆုံးတော့မှာလေ၊ ကျန်ခဲ့တဲ့ သမီးလေးကို စောင့်ရှောက်ဖို့ စာရေးခေါ်တာ၊ မလာတဲ့အတွက် လူကိုယ်တိုင် လိုက်သွားရင်း ဆုံးတာ”



www.burmeseclassic.com

www.burmeseclassic.com



သူမ ရိုက်နေတာလား ...

အသံက မသဲကွဲ၊ သက်ပြင်းကို ဆွဲဆွဲငင်ငင် ချလိုက်တာထင်။

"ဒါနဲ့ သူ့အဖေ သမီးဆီ လုံးဝ မရောက်လာခဲ့တာ ဒီနေ့အထိပဲ"

"ဪ ..."

အခုထိ ပုံပြင်က သူ သိချင်တဲ့ အဖြေနဲ့ မဆက်စပ်မိသေး ...

"မိဘမဲ့ ဖြစ်သွားတဲ့ သမီးလေးကို သူ့အမေ အလုပ်လုပ်တဲ့ အိမ်က မွေးစားလိုက်တယ်၊ သမီးလေး ဘဝ အဆင်ပြေသွားပေမဲ့ သူ တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေအတွက် သူ့မှာ ဒဏ်ရာကြီး ကျန်ခဲ့တယ်၊ ပြောပါဦး အဲဒီ ဒဏ်ရာကို ကုသင့်လား မကုသင့်ဘူးလား"

သူမက သူ့ကို ဝင်ရောက်ဆွေးနွေးခိုင်းနေပြန်သည်။ စိတ်ပျက်စရာ ...

"ဘယ်လိုနည်းနဲ့ ကုမှာလဲ"





သူမက နက်နက်ရှိုင်းရှိုင်း ပြုံးလိုက်သည်။ မဟုတ်ဘူး၊ အပြုံး မဟုတ်ဘူး။ အားယူပြီး အသက်ရှူလိုက်တာပါ။ နှုတ်ခမ်းနှစ်လွှာ သိပ်စေ့လွန်းသွားလို့ အပြုံးနဲ့ တူသွားတာ။

"သူ့လိုမျိုး တစ်ဖက်မိသားစု ခံစားရအောင် လုပ်လိုက်မယ် ဆိုတဲ့ လက်စားချေနည်းနဲ့ ကုသမှာလေ"

ဟာ ... ဒါ ဗုဒ္ဓဘာသာတရား နည်းလမ်းကျကျ ကုသတဲ့ နည်းမှ မဟုတ်တာ။

"အဲဒီလို လုပ်လိုက်ရင် ဒဏ်ရာက တကယ်ပျောက်မှာလား၊ လောကကြီးမှာ အတိတ်မေ့ရောဂါကလွဲရင် ဘယ်အရာမှ မေ့သွားတယ်ဆိုတာ မရှိဘူးလေ၊ မမေ့နိုင်ရင် ဒဏ်ရာဆိုတာ ရှိနေမှာပဲလေ"

သူမက သူမကိုယ်သူမ ယုံကြည်နေကျ မျက်နှာပေးဖြင့် ခပ်မော့မော့ သက်ပြင်းချပြီး ...

"နာနာကြည်းကြည်းနဲ့ သတိရနေတာထက် သူတို့ကို ငါလည်း ဒီလို ခံစားရအောင် လုပ်နိုင်ခဲ့တယ်ဆိုတဲ့ ကျေကျေနပ်နပ် သတိရနေတာမျိုးက ပိုမကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ ပုံပြင်ဆိုတာက သံသယဖြစ်စရာကောင်းလာသည်။ ပုံပြင်လေလား၊ သူမ ပါဝင်ပတ်သက်ခဲ့သော အဖြစ်အပျက်တစ်ခုလေလား ...

စိုးရိမ်တကြီးနဲ့ သိချင်စိတ် ပိုစောလာသည်။

"ကြာနတ်နွယ် ပုံပြင်က မပြီးသေးဘူးလား"

သူ ဖြတ်ချထားလိုက်ချင်ပြီ။

"ဟင့်အင်း ... အခုမှ Climax ရောက်တာ"

သူမက ပန်းချီကားပေါ်မှာ ဖြတ်ချဆွဲထားတဲ့ ကန့်လန့် စုတ်ချက်ကြီးကို အရောင်များနဲ့ ထပ်ဖြည့်ပြီး ဖြတ်မျဉ်းပုံပျက်အောင် ပြန်ဖြည့်နေပြန်သည်။

သူမ မှုမမှန်တာလား၊ နားထောင်နေသူ မှုမမှန်တာလား၊ စိတ်အိုက်အိုက်နဲ့ ရှုးချင်လာသည်။

"အခု သူ့မိသားစုကို တစ်စစီ ဖြစ်အောင် လုပ်ခဲ့တဲ့ သူ့အဖေရဲ့ ဒုတိယမိသားစုကို တွေ့နေရပြီလေ"

"အဲဒီတော့ ..."

သူမက သူ့ကို စူးစူးစိမ်းစိမ်း ကြည့်သည်။





အရင်ကလို ခံမင်တွယ်တာသော မျက်ဝန်းများ မဟုတ်တော့။

ကျောထဲတင်မကဲ ရင်ထဲ အသည်းထဲအထိပါ စိမ့်ဝင်သွားသော စူးရှရှ အကြည့်မျိုး။

"သူ့အဖေရဲ့ ဒုတိယမိသားစုဆိုတော့ အဲဒီ မိသားစုက မွေးတာတွေက သူနဲ့ အမျိုးတော်နေမှာလေ"

သူမက အားလုံးကို တွက်ဆသိထားပြီးသား၊ ပိုင်နိုင်တိကျသည့် မျက်နှာပေးဖြင့် သူ့ကို ကြည့်ပြီး ...

"ဘာမှ မတော်ဘူး၊ ဒုတိယမိန်းမမှာ မယားပါသားတစ်ယောက် ပါတယ်၊ သူ့အဖေနဲ့ ကလေးမရခဲ့ဘူး၊ ဒါကြောင့် သူ့အတွက် အနှောင်အဖွဲ့ ရှင်းသွားပြီလေ"

ပုံပြင်ကို စိတ်ဝင်စားလာတာလား၊ သူမကို ကြည့်ပြီး စိုးရိမ်ထိတ်လန့်လာတာလား ...

သူ့ အသက်ရှူသံတွေ မြန်လာသည်။

"ဟုတ်တယ်၊ သူ အဲဒီမိသားစုကို ပြန်လက်စားချေရမယ် နော် ညို"

သူမက ခြောက်ကပ်ကပ် ရယ်ရင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ သူ့ကို ကြည့်ပြီး ...

"အဲဒါ အဖြေပဲ၊ ပြန်တော့ ညို"

ဘာအဖြေလဲ၊ သူ နားမလည်တဲ့ အဖြေ။

"အိပ်မက်နဲ့ အဲဒါ ဘာဆိုင်လို့လဲ"

သူမက ထိုင်ခုံပေါ်မှာ ကိုယ်ကို ကိုင်းပြီး သူနဲ့ နီးအောင် ရှေ့တိုး၍ ...

"အိပ်မက်ချစ်သူ ညိုနဲ့ ဆိုင်တယ်လေ၊ ညိုက ပုံပြင်ထဲက ကလေးမလေး လက်စားချေချင်တဲ့ မိသားစုဝင် ဖြစ်နေလို့ပဲ"

သူ အံ့သြတကြီး နှုတ်ဆိတ် ...

သူ့အသက်ရှူသံတွေ ခဏလေး ငြိမ်သက် ...

သူ့တစ်ကိုယ်လုံးရှိ သွေးများ အေးခဲရပ်တန့် ...

သူ့အသိစိတ်တွေ မှုန်ဝါးသေးသိမ်သွားသည်။

* •:• *





## အခန်း(၂)

မှန်ထဲမှာ မြင်နေရတဲ့ မိန်းကလေးက သူမမှ ဟုတ်ပါလေစ။

မျက်တွင်းဟောက်ပက်နဲ့ မဖြီးမသင်ထား၍ ရှုပ်ပွနေသော ဆံပင်လိမ်ကောက်ကောက်တွေ ...

အမြဲတမ်း ခပ်ရဲရဲ အရောင်တင်နေကျ နှုတ်ခမ်းများကလည်း ခြောက်သွေ့ပြီး အရောင်ဖျော့လျက် ...

သူမ အိပ်မပျော်တာ ဘယ်နှရက်ရှိပြီလဲ ...

အစားအသောက်မြင်တာနဲ့ ပန်းကန်ကို ပစ်ပေါက်ခွဲချင်လာအောင် သူမကိုယ်သူမ ဒေါသထွက်တတ်နေမှတော့ ဒီရုပ် ထွက်လာတာ မဆန်း။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး ...

သူမ အနိုင်ရနေတာပဲ ...

ကျေကျေနပ်နပ် ကြွားကြွားဝင့်ဝင့်နဲ့ကို သူမ လှ နေရမှာ။

ချက်ချင်းပင် အားအင်တွေ ပြည့်သလို ခံစားလိုက်ရသည်။

ဟုတ်တယ်၊ သူမကို အမြဲတမ်း အားမငယ်ရ မသိမ်ငယ်စေရလို့ မေမေ မှာခဲ့ဖူးတာပဲ။

ချက်ချင်းပင် မီးဖိုဘက် ထွက်လာလိုက်ပြီး သူ စားချင်ဘာကို ချက်ကျွေးဖို့ အသင့်စောင့်နေတဲ့ ညီမလေးကို –

"ကြက်ဥ Half fried သုံးလုံးနဲ့ ပေါင်မုန့်ထောပတ်ပါးပါး သုတ်ပေး၊ မြားမြားလုပ်နော်၊ ပြီးတော့ နွားနို့ပျစ်ပျစ်တစ်ခွက်"

သူမ ထမင်းစားပွဲမှာပင် ထိုင်စောင့်နေလိုက်သည်။

ဒီနေ့ ဘာလုပ်ရင် ကောင်းမလဲ ...

ဆိုင်မရောက်တာလည်း ကြာပြီ ...





အဲဒါက ကိစ္စမရှိ။ တာဝန်ခံက သူမ စိတ်ချယုံကြည်ရလောက်အောင် အလုပ်ကို ကျွမ်းကျင်နိုင်နင်းသူ ...

ဆိုင်ကိုလည်း မသွားချင်သေး ...

ဘယ်သွားရင် ကောင်းမလဲ ...

ကော်ဖီဆိုင် ...

အဲဒါဆို ညို့ကို သူမ သတိရနေမှာပေါ့။ မဖြစ်။ သူမ ညို့ကို သတိရလို့မဖြစ်။

ခုချိန်မှာ ညို အသည်းကွဲနေတယ်ဆိုတဲ့ အသိနဲ့ သူမ ကျေကျေနပ်နပ် နေပြရမှာ။

ညိုရယ် ...

ဘာဖြစ်လို့ သူမ အဖေကို ဆွဲထုတ်ခေါ်ယူသွားသူရဲ့ သား ဖြစ်နေရတာလဲ ...

တကယ်လို့ ညို့ကို ဒေါ်မေမေကြည်ရဲ့ သားမှန်း အလျှူမှာ မသိခဲ့ရင် ...

သူမ ကြည်နူးစွာ ဆက်ရင်ခုန်နေဦးမှာပေါ့။

သွားစမ်း ညို ...



www.burmeseclassic.com

www.burmeseclassic.com



ကြာနတ်နွယ် စိုက်ပြည့်အောင် စားပြီးရင် အထူ
ပြင်၊ ညည်းကြိုက်တဲ့ ကော်ဖီ သွားသောက်၊ ညို့ကို သတိရနေရင်
လည်း ဘာတတ်နိုင်မလဲ ...

နှလုံးသားဆိုတာ လူနိုင်းသလို လုပ်နိုင်တဲ့အရာ
မဟုတ်တာ ...။

* ჻ *





အမျိုးသမီးတစ်ယောက်တည်း ဆိုင်ထဲ ဝင်လာတာ
ကို လူတွေက အထူးအဆန်းလုပ်ပြီး ကြည့်နေသည်။

ပြီးရင် ပုရိသတို့ အချင်းချင်း လက်တို့ပြီး သူမ
ကို တီးတိုးဝေဖန်ကြဦးမည်။

မုန်းလိုက်တာ ...

ဒါပေမဲ့ ညို အဲဒီလို သူမကို မသိမသာ စိုက်ကြည့်
တာကျတော့ ချစ်ဖို့ကောင်းသား ...

အိပ်မက် ဖုန်းလာယူတုန်းက ညိုနဲ့ သူမကို ဘာလိုလို
င်အောင် သူမ ပြောခဲ့စဉ်က တကယ် ဖြစ်လိုက်ပါတော့လို့
ထဲက ကယောင်ကတမ်း ဆုတောင်းလိုက်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ရမဲ့ အရာကို သူမ ရှုးရှုးသွပ်သွပ် တွယ်တာချင်သေးသည်။

ထိုင်နေကျနေရာမှာ ထိုင်ပြီး ကော်ဖီမှာလိုက်သည်။ လာချပေးတဲ့ ပစ္စည်းတွေနဲ့ ကိုယ့်ဘာသာကိုယ် ကော်ဖီ ဖျော်စဉ် အရင်ကလို တက်ကြွအားရခြင်း မရှိတာကို သိလာသည်။

သူမ အားမရှိလို့ ရင်ထဲကပါ နုံးချည့်နေလို့ထင်ရဲ့။

"ကြာနတ်နွယ် ဖျော်ပေးတဲ့ ကော်ဖီလောက်ကောင်းတဲ့ ကော်ဖီမျိုး ကျွန်တော် မသောက်ဖူးဘူး"

ဘုရား ... ဘုရား ...

သူမ ညို့အသံကို အစိမ်းလတ်လတ် ကြားနေဆဲပါပဲလား ...

ဒါပေမဲ့ တည်တည်ငြိမ်ငြိမ်နဲ့ သူမ သောက်နေကျ ကော်ဖီအရသာကို ဖန်တီးဖျော်စပ်နိုင်ခဲ့သည်။

ကော်ဖီ မြို့ရင်း ဆိုင်အပြင်ဘက် ကားလမ်းမပေါ်ကို ငေးရင်း အာရုံတွေ လွှဲထားလိုက်သည်။

ကြည့်စမ်း ... အပြင်က ပူစပ်လို့ ဒီဆိုင်လေးက ကော်ဖီ ဈေးကြီးပေမဲ့ ငြိမ်းချမ်းတဲ့ အိုအေစစ်လို ပတ်ဝန်းကျင်မျိုး ခံစားနိုင်၍ နာမည် ရှိလှသည်။





ကော်ဖီနဲ့သာ နာမည်ကြီးသည်မဟုတ်၊ လတ်ဆတ်ဆန်းပြားတဲ့ မုန့်တွေကြောင့်လည်း၊ နာမည်ကြီးခြင်းပင်။

မုန့်ဆိုမှ တစ်ခုခု စားရရင် ကောင်းမည်။

အချိန်ဆွဲရင်း စားရတာပေါ့ ...

ပီဇာ မှာလိုက်ပြီး လမ်းမဘက် ပြန်ကြည့်နေစဉ် အနီရောင် ကားလေးတစ်စီး လျှောခနဲ ဆိုင်ရှေ့မှာ ရပ်သွားသည်။

အရောင်ရှူးရှူး နှစ်သက်နေကျ ဖြစ်၍ သူမ မျက်ဝန်းထဲ အနီရောင်က တန်းတန်းမတ်မတ် ...

ကြည့်နေစဉ်ပင် ကားထဲက ဖြူနွဲ့သေးကွေးသော အမျိုးသမီးတစ်ယောက် ဆင်းလာသည်။

အိပ်မက် ...

သေချာသည်။ အရောင်ဖျော့ဖျော့နဲ့ အမြဲတမ်း အားမရှိသလို နွဲ့ယိမ်းနေကျ ခန္ဓာကိုယ်လေးက အိပ်မက်ပဲပေါ့။

ညိုနဲ့များ ချိန်ထားလေသလား ...

ဟင့်အင်း ... ညိုနဲ့ အိပ်မက် မပေါင်းစေရ။

ညို့ အသည်းနှလုံးတွေ တစ်သက်လုံး ကွဲကြေနေပါစေ။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက် ဆိုင်ထဲသို့ ဣန္ဒြေရရ ဝင်လာသည်။

ဒါပေမဲ့ ဆိုင်ထဲက လူတွေရဲ့ စိတ်ဝင်စားခြင်းကို သူမလောက် မခံရ။

ဘယ်ခံရပါ့မလဲ။ အိပ်မက်အလှက သာမန်ပဲကိုး။ သာမန်အပြင်အဆင်နဲ့ ခပ်ရိုးရိုးလှတဲ့ အိပ်မက်ကို နှင်းဆီခိုင်လို အစွမ်းကုန်လှတဲ့ သူမ အလှက အသာလေးပေါ့။

အိပ်မက်က မုန့်လာဝယ်ဟန်တူသည်။ မုန့်ဗောင်တာကို တန်းသွားပြီး မုန့်မှာနေသည်။

စောင့်ရမည့် မုန့်ဖြစ်၍ ဝိုင်းလွတ်တစ်ခုမှာ ထိုင်လိုက်တာ မြင်ရသည်။

သူမ စကားပြောဖော်ရရင် မဆိုး ...

သူမ အိပ်မက်ဆီ လျှောက်သွားလိုက်ပြီး ...

"အိပ်မက်"

အိပ်မက်က ဆတ်ခနဲ မော့ကြည့်နေသည်။

ပြီးတော့ ထူးဆန်းတစ်ကောင်ကို တွေ့ရသလို မျက်နှာက ဖြူဖွေးသွေးဆုတ်သွားသည်။





သနားစရာကောင်းလိုက်ပါဘိတော့။

"သြော် ... မကြာနတ်နွယ်"

သူမ အနူးညွှံဆုံး ပြုံးပြလိုက်ပြီး ...

"လာလေ ... အိုင်နဲ့ အတူထိုင်ရအောင် မုန့်မရသေးဘူး မဟုတ်လား"

ငြင်းလေ ... ငြင်းရင် သူမကို သိပ်ကြောက်တယ်ဆိုတာ ဝန်ခံသလို ဖြစ်သွားမှာပေါ့။

အိပ်မက် မငြင်းရှာပါ။

မကြောက်ဘူးဆိုတာ သက်သေပြချင်၍ မဟုတ်။ အားနာတတ်သော စိတ်အခံကြောင့်ပင်။

အိပ်မက်အတွက် ကော်ဖီတစ်ခွက် ထပ်မှာ ပေးလိုက်ပြီး သူမပင် ကော်ဖီ စပ်ပေးလိုက်သည်။

"သိပ် ပူတာပဲနော်"

ကော်ဖီ လှမ်းပေးရင်း စကားစလိုက်သည်။ အိပ်မက်က ကော်ဖီကို မြန်မြန်အေးအောင် မွှေနေခြင်းလား၊ စိတ်လှုပ်ရှား၍ မွှေနေခြင်းလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



ဖွန်းနဲ့ ပန်းကန်နှုတ်ခမ်းထိသံက မှန်းစရာကောင်း အောင် ရှည်လျားနေသည်။

"ညိုနဲ့ တွေ့ဖြစ်သေးလား"

သိချင်လွန်း၍မဟုတ်။

စကားဦးတည်လိုခြင်းသာ။

"ကျွန်မ သူနဲ့ လမ်းခွဲလိုက်ပြီ"

"ဩော် ..."

ကရုဏာသက်သလို အာမေဍိတ်သံကို ရှည်ရှည်လေး ဆွဲလိုက်သည်။

"ကောင်းပါတယ်လေ၊ ညိုကမှ မပြတ်သားတာ"

ဒဏ်ရာကို ခပ်နာနာလေး ဆွလိုက်သည်။

ဆောရီး အိပ်မက်၊ အိပ်မက်ကို နာစေချင်လို့ မဟုတ်ပါဘူးကွယ် ...

"လူကြီးတွေရော သိပြီးပြီလား"

အထူးသဖြင့် ဒေါ်မေမေကြည် ...

သားကို ချစ်တဲ့ အတွက်နဲ့ သား ဝေဒနာတွေကို အားလုံးကို လိုက်ပါခံစားပေးမဲ့ မိခင် ...





"ကျွန်မ အသိပေးပြီးသွားပြီ၊ ဘာမှ ဆိုးဆိုးဝါးဝါး မလှုပ်ရှားလိုက်ဘဲ ပြီးဆုံးသွားတာ၊ မကြာနတ်နွယ်ကို ကျေးဇူးတင်ပါတယ်၊ မောင် ... အဲ ... ညိုမင်းသွင်ရဲ့ ဖောက်ပြန်မှုကို အသိပေးခဲ့တဲ့ အတွက်ပေါ့"

သေလိုက် အိပ်မက် ...

အဲဒီ မောင်ဆိုတဲ့ နာမ်စားကို မင်း ရင်ထဲက မထုတ်နိုင်သေးသရွေ့ မင်း သူ့ကို လက်ခံနေတုန်းပဲဆိုတာ ပေါ် နေဦးမှာ ...

မင်းရဲ့ မောင် ...

အဲ ... ငါ့ရဲ့ ညို ...

သူ့ကို တို့နှစ်ယောက်လုံး လှည့်မကြည့်စတမ်း ထားရစ်ခဲ့ရမှာနော် ...

"မုန့်ရပြီ"

Waiterလေးတစ်ယောက်က မုန့်ဘူးပါသော အိတ် တအိတ်ကို လာချပေးသည်။

"သွားမယ်နော်"

အိပ်မက်က မပြေးရုံတမယ် ထထွက်သွားသည်။ ဘာလဲ ... ကြာရင် ဟန်မဆောင်နိုင်မှာစိုးလို့လား ...



www.burmeseclassic.com

www.burmeseclassic.com



အေးစပြုနေတဲ့ ကော်ဖီတောင် မသောက်သွား ...

သိတာပေါ့၊ ဒီမိန်းကလေး သူမရှေ့မှာ ချောင်ပိတ်ခံရမဲ့ မေးခွန်းတွေကို ဖြေရဲမှာ မဟုတ်ဘူးလေ ...။

* + *





အရင်ကလည်း ဒီလို အိပ်မက်မျိုး မက်ဖူးပေမဲ့ အခုလို ကြောက်စရာမကောင်း ...

စွဲလမ်းခဲ့သည့် အဖြစ်အပျက်ကို ပြန်မက်ရသက်သက်မျှသာ ...

ဒီတစ်ခါတော့ မသိ ...

အပြင်ပန်းကြည့်ရင် မာထန်တယ်လို့ ထင်ရပေမဲ့ တကယ်တမ်းကျရင် အားငယ်ဝမ်းနည်းတတ်တဲ့ မေမေက အိပ်မက်ထဲမှာ သနားစရာကောင်းအောင် ငိုကြွေးနေသည်။

ဖေဖေ့ဆီက ပို့လိုက်တဲ့ ကွာရှင်းစာချုပ်ကို သူမရှေ့မှာ ထုတ်ပြစဉ်က မေမေ မငိုခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



လုပပါးလွှာတဲ့ နှုတ်ခမ်းနှစ်ခုကို တင်းတင်းစေ့ပြီး ဖခင်ကို တမ်းတနေသည့် သမီးအား အထိရောက်ဆုံးနည်းနဲ့ အငိုတိတ်စေခဲ့သည်။

"ဘယ်တော့မှ သမီး အဖေအကြောင်း မမေးနဲ့တော့၊ ဒီစာချုပ်ကို မေမေ သမီးကို ထုတ်မပြဘဲ သိမ်းထားတော့ မလို့၊ ဒါပေမဲ့ အခု သမီးနားလည်တဲ့ အရွယ်ကို ရောက်ပြီ ဆိုတော့ သိသင့်တယ်ထင်လို့ ထုတ်ပြတာ၊ ဒီစာချုပ်ကို လွှန်ခဲ့တဲ့ ငါးနှစ်က သမီး အဖေ ပို့လိုက်တာပဲ၊ ပိုက်ဆံ တွေလည်း ပါတယ်၊ ပိုက်ဆံတွေကို မေမေ ပြန်ပို့လိုက် တယ်"

စာချုပ်စရုရချင်းတုန်းက မေမေ ငိုခဲ့သလား သူမ သိချင်သည်။ အခု လုံး၀ မေမေ မငို။ တစ်စက်ကလေးမှပင် မျက်နှာမပျက်။ သူမကို အသိပေးလိုက်ရတဲ့အတွက် သူ့မ ခံစား ရမှာကိုသာ စိုးရိမ်ပုံရသည်။

"အခု ဖေဖေ ဘယ်မှာလဲ မေမေ"

သူမ အမေက သူမ ခေါင်းက ဆံပင်များကို ဖွဖွ ပွတ်လိုက်ပြီး ...





"အရင်က သူ့မိန်းမ ဇာတိမြေမှာ နေကြတယ်၊ နောက် တော့ မယားပါသားလေးရဲ့ ပထွေးမှန်း ကြာရင် ကလေး သိသွားမှာစိုးလို့တဲ့၊ အဲဒီနေရာက ပြောင်းသွားကြတယ်၊ ဘယ်ရောက်နေမှန်းတော့ မေမေလည်း မသိဘူး"

ငယ်ငယ်ကတော့ ဖေဖေ ပြောင်းသွားရခြင်းကို သာမန်သာ သဘောထားခဲ့သည်။

စဉ်းစားတတ်လာတော့ သမီးအရင်းကို မေ့ပြီး သားအရင်း မဟုတ်သူရဲ့ ဝမ်းနည်းမှု မခံစားစေရအောင် ပြောင်း သွားသည့် ဖေဖေ့ကို စိတ်နာလာသည်။

နောက်တော့ မေမေက နိုင်ငံခြားသားလင်မယား နှစ်ယောက်အိမ်မှာ အိမ်အကူ သွားလုပ်သည်။ မနက်သွား ညနေ ပြန် အလုပ်မျိုးဖြစ်၍ ကျောင်းပိတ်ရက်တွေမှာ သူမကိုပါ ခေါ်သွား လေ့ရှိသည်။

သနပ်ခါးဖွေးဖွေးနဲ့ ချစ်စရာကောင်းတဲ့ သူမကို ကလေးမရှိတဲ့ ပြင်သစ်လင်မယားက အလွန်ချစ်ကြသည်။ သူတို့ ပြန်ရင် သူမကို ခေါ်သွားမယ်လို့ မေမေ့ ပြောရင် မေမေက နောက်မှန်းသိရက်နဲ့ပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှာ တွယ်တာစရာ သမီးလေးပဲ ရှိတာ၊ သူ မရှိရင် ကျွန်မ အသက်ရှင်လို့ရမှာ မဟုတ်ဘူး"

လို့ ဝမ်းနည်းသံနဲ့ ပြောမိ။

သူမ မရှိရင် အသက်မရှင်လိုတဲ့ မေမေက သူမ ရှိရက်နဲ့ သူမကို ခွဲခွာဖို့အကြောင်း ဖန်လာသည်။

မြန်မာစကားကို ကောင်းကောင်း နားလည်တဲ့ ပြင်သစ်လင်မယားနှစ်ယောက်က မေမေရဲ့ မိတ်ဆွေကောင်းအဖြစ် အစစအရာရာ ကူညီခဲ့သည်။

မေမေ့မှာ သားအိမ်ကင်ဆာ ဖြစ်နေပြီဆိုတာ သိသိချင်း မေမေ သွေးပျက်သွားသည်။

ငွေ ဘယ်လောက်ကုန်ကုန် သွားရမဲ့ ခရီးက တစ်ခုသာ။

ဒီတော့ မေမေက ဖေဖေ့ရဲ့ လိပ်စာကို မရ ရအောင် စုံစမ်းပြီး ဖေဖေ့ဆီမှာ သူမကို လွှဲထားဖို့ ကြံတော့သည်။

သူစိမ်း ဘယ်လောက်ကောင်းကောင်း မိဘအရင်းကို မီမှာ မဟုတ်ဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ မေမေက သူမကို ပြင်သစ်လင်မယားလက်ထဲ မထည့်။





စာလည်းရေး၊ သံကြိုးလည်းရိုက်သော်လည်း ဖေဖေ ရောက်မလာ။

မေမေ လူကိုယ်တိုင် လိုက်သွားစဉ် ကားအက်ဆီး ဒင့်ဖြစ်ပြီး မေမေ သူမကို ထင်ထားတာထက် စောစီးစွာ ထားခဲ့တော့သည်။

မေမေ့ အသုဘမှာ အသုဘရှင် သူမ တစ်ယောက်တည်း ...

သူမ ငိုခဲ့သည်။

အဲဒီကတည်းက မျက်ရည်တွေ ကုန်သွားခဲ့သလား မသိ။

သူမ ဘယ်လို ခက်ခဲဝမ်းနည်းစရာကိစ္စကြုံကြုံ ငို၍မရတော့။

တစ်ခါတလေ သူများတွေရဲ့ မျက်နှာကို မြင်ရင်တောင် အထူးအဆန်း ဖြစ်နေတတ်သည်။

ပြတင်းမှ တိုးဝင်လာသည့် လေက လည်တိုင်ကို ရစ်ပွေ့သွားသဖြင့် ရင်ညွန့်နေရာက အေးခနဲ ...

သူမ အိပ်မက်က လန့်နိုးပြီး အတိတ်ထဲ ရောက်နေတာ သတိပေးလိုက်သည်ထင်။



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းခါးနီးဖြစ်၍ ကောင်းကင်က လင်းရှင်းလို့။

ဒါပေမဲ့ တိမ်ညိုတချို့က ရွှေ့လျားဖြတ်သန်းဖို့ ကြိုးစားနေတာ တွေ့ရသည်။

သူမ မကြည့်ချင်တော့ ...

တိမ်ညိုတွေ အုပ်မိုး ဖြတ်သန်းသွားတာ မကြည့်ရက် ...။

* ✣ *





သူမ မိတ်ဆွေတစ်ယောက်က ပြင်သစ်ယဉ်ကျေးမှုဌာနမှာ ပန်းချီကားပြပွဲ လုပ်မည်လို့ ပြောထားတာ ကြာပြီဖြစ်သည်။

အခုမှ ပြမဲ့ ပန်းချီကား နည်းနေ၍ သူမ ဆွဲပြီးသားရှိရင် လာတင်နိုင်ကြောင်း ပြောရာ စိတ်ပြေလက်ပျောက်အနေနဲ့ ဆွဲပြီးသား ကားတချို့ ပေးလိုက်သည်။

"နင် နည်းနည်းလာကူဦး၊ ငါက နင့်လောက် ပြင်သစ်လို မကျွမ်းဘူး၊ နင် ရှင်းပြနိုင်ရင် ပိုကောင်းတာပေါ့"

ဒါက အစ သူငယ်ချင်းမှ မဟုတ်။ ပြင်သစ်ဘာသာနဲ့ ပတ်သက်ရင် သူမနဲ့ ရင်းနှီးသူများက သူမဆီ ရောက်လာကြစမြဲပင်။

www.burmeseclassic.com

www.burmeseclassic.com



"ခုတလော ငါ ခေါင်းသိပ်မကြည်ဘူးဟာ၊ စိတ်ထဲ ရှုပ်တဲ့နေ့ လာခဲ့မယ်"

လွှယ်လွှယ်ပြောလိုက်ခြင်းသာဖြစ်သည်။

သူမ ရောက်မည် မဟုတ်ဟု ထင်ထားသည်။

ဒါပေမဲ့ သူ့သူငယ်ချင်းဆီက ဖုန်းဆက်ပြီး အတင်းလာခိုင်းသဖြင့် မရောက်မဖြစ် သူမ ရောက်သွားသည်။

သူမ ရောက်သွားချိန်တွင် လူရှင်းနေပြီး နိုင်ငံခြားသားနှစ်ယောက်နှင့် အခြားဧည့်သည်တစ်ယောက်သာ ရှိနေသည်။

"ဘာဖြစ်လို့ အတင်းခေါ်ရတာလဲ"

သူမ သူငယ်ချင်း နှင်းက ဧည့်သည် ဦးလေးကြီးဆီသို့ မေးဆတ်ပြပြီး ...

"နင့်ကားကို ဝယ်မလို့တဲ့"

ဦးလေးကြီးက သူ့ကို ခေါင်းညိတ်ပြီး ပြုံးပြသည်။

"ဘယ်ကားကိုလဲ"

"ကုံကော်ရွာကို"

သူမ အနှစ်သက်ဆုံး ကားကိုမှ ဝယ်လိုသည်တဲ့။

"ရောင်းဖို့ မဟုတ်ဘူးလို့ နင် မပြောဘူးလား"





နှင်းက သူမနား ခပ်တိုးတိုး ကပ်ပြီး ...

"ဘယ်လောက်ဖြစ်ဖြစ် သူ ဝယ်ပါမယ်တဲ့၊ နင်ကလည်း ရောင်းလိုက်စမ်းပါ၊ မြန်မာပြည်မှာ ကုံကော်ပေါလွန်းလို့ ကြိုက်တဲ့အပင်အောက် သွားရေးလို့ရတယ်"

သူမ ရင်ထဲက နာနာကြင်ကြင် ပြုံးလိုက်မိသည်။

ဒီကားထဲက အပင်အောက်ကိုတော့ သူမ ထပ်ဝင်လို့မရတာ သေချာနေသည်။

"နှင်းရယ် ... နင်ကလည်း အနုပညာသမားဖြစ်ပြီး နားဝေးလိုက်တာ"

သူမ စိတ်ပျက်စွာ ညည်းညူနေဆဲမှာပင် ထိုဦးလေးက အနားရောက်လာသည်။

"သမီးက ဦး လိုချင်တဲ့ ပန်းချီကားဆွဲတဲ့ ဆရာမလေးလား"

သူမ အားနာစွာနဲ့ ပြုံးပြခေါင်းညိတ်လိုက်သည်။

"စိတ်မကောင်းပါဘူး ဦးရယ်၊ ကျွန်မ အဲဒီကားကို မရောင်းပါဘူးရှင်"

ဦးလေးကြီး မျက်နှာထား သိသိသာသာ ညှိုးချုံးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အစကတည်းက ဒီကားကို ပြပွဲမတင်မိရင် ကောင်းသား ...

"ဦးလည်း အဲဒီကားလေးကို သိပ်ကြိုက်လို့ပါ၊ ဦး မြင်ခဲ့ရတဲ့ မြင်ကွင်းတစ်ခုနဲ့ တူနေလို့ပါ၊ ဦးလေး နိုင်ငံခြားမှာ ဒီကားကို ကြည့်ရင်း အမှတ်ရနေအောင်လို့ပါကွယ်"

သူ့မှာလည်း သူ့အကြောင်းပြချက်နဲ့သူ ...

သူမမှာလည်း သူမအကြောင်းနဲ့သူမ ...

"ကျွန်မအတွက်လည်း အမှတ်တရတစ်ခု ဖြစ်နေလို့ပါ"

ဦးလေးကြီးက ခေါင်းတညိတ်ညိတ်နဲ့ သူမကို နားလည်စွာ ကြည့်သည်။

"သမီး ပြန်ဆွဲလို့ မရဘူးလားဟင်"

အင်း ... သူကတော့ ဘယ်နားလည်ပါ့မလဲ ...

အနုပညာဆိုတာ ဆန္ဒရှိတိုင်း ဖန်တီးလို့ရတဲ့ အရာမှ မဟုတ်တာ ...

"ကျွန်မ အဲဒီနေရာမှာ ကံ့ကော်တွေ နောက်ထပ် ပွင့်လည်း သွားခွင့်ကြုံတော့မှာ မဟုတ်တော့လို့ပါ"

ဦးလေးကြီးက မျက်ခုံးနှစ်ဖက်မြင့်ပြီး အံ့သြဟန်။





ပြီးမှ ရီဝေဆွေးမြည့်သော မျက်လုံးများဖြင့် ပန်းချီကားကို ကြည့်ပြီး ...

"လောကမှာ လုပ်ချင်တာကို လုပ်လိုက်လို့ရတဲ့ နောင်တနဲ့ မလုပ်ချင်တာကို လုပ်လိုက်ရလို့ရတဲ့ နောင်တ ... နောင်တချင်းအတူတူ ရတာချင်းတူပေမဲ့ ခံစားရတဲ့ ခံစားချက်ချင်းကျတော့ မတူဘူးနော်"

သူ့ဘဝကို သူ ရည်ရွယ်ပြီး ပြောခြင်းလား ...

သူမ အနေအထားကို မှန်းဆရည်ရွယ်ပြီး ပြောခြင်းလား။ သူမ မသေချာ။

"ပန်းချီကား မရောင်းပေးလိုက်နိုင်တဲ့အတွက် စိတ်မကောင်းပါဘူး ဦးလေးရယ်"

ခေါင်းညိတ်၍ နှုတ်ဆက်ပြီး ထွက်သွားသည်။

နှင်းက သူမကကို ခပ်တိုးတိုး ...

'အရူးမ' ... တဲ့။

* ✣ *



www.burmeseclassic.com

www.burmeseclassic.com



သူမ အခုတလော အိမ်မကပ်ချင်။ အိမ်ကပ်ပြန်တော့လည်း အလုပ်ထဲ စိတ်မဝင်စား။

အရင်က ဝယ်လာတဲ့ ပန်းတွေထဲမှာ အနာပါလာရင် မကျေမနပ် အပြစ်တင်နေကျက အခုတော့ ဝယ်လာတဲ့ ပန်းတွေကိုပင် မသိချင်တော့ ...

ခုတလော အရေးကြီးတဲ့ မင်္ဂလာဆောင်တွေ မရှိ၍တော်သေးသည်။

ဆိုင်ကိစ္စကိုလည်း ယုံကြည်ရသူ ရှိနေ၍ သူမ လစ်လပ်နေသည်။

အာရုံတွေကို စုစည်း၍မရတိုင်း ထိုင်နေကျ ကော်ဖီဆိုင်လေးမှာပင် သွားထိုင်ဖြစ်နေသည်။





ကော်ဖီတစ်ခွက်ပြီးတစ်ခွက် သောက်ရင်း လွတ်လွတ်လပ်လပ် တွေးနေငေးနေလိုက်သည်။

လွှင့်စမ်း ...

သူမ စိတ်တွေ ဘယ်လောက် အဝေးကြီး ...

အမြင့်ကြီး လွှင့်နိုင်မှာလဲ ...

ညို့နားမှာပဲ ရစ်ဝဲလွှင့်ပျံနေမှာပေါ့။

နားစမ်းတော့ကွယ် ...

အဲဒီညိုဟာ သူမရဲ့ ညို ဘယ်တော့မှ မဖြစ်လာနိုင်တော့။

အိပ်မက်ရဲ့ မောင်လည်း မဖြစ်စေရ ...

ကော်ဖီ တစ်ငုံ မြို့လိုက်သည်။

ဒီတစ်ခါ ကော်ဖီက အစိမ့်ပိုသွားသည်။

သူမ နို့ထည့်တာ များသွားလို့ဖြစ်မည်။

အမှန်းအဆ မမှန်တော့တဲ့ သူမကိုယ်သူမ စိတ်ပျက်စွာ သတိထားမိရင်း ဘေးစားပွဲကို ကြည့်လိုက်သည်။

နားထင်ကို လက်ထောက်ပြီး ခေါင်းငုံ့နေသော လူတစ်ယောက် ...



www.burmeseclassic.com

www.burmeseclassic.com



နဖူးကြောတွေ ရှုံ့ထားပြီး တစ်ခုခုကို စဉ်းစားနေပုံ။

မဟုတ်ဘူး ... စဉ်းစားနေတာ မဟုတ်ဘူး၊ ခေါင်းကိုက်၍ စိတ်ပျက်စွာ ငြိမ်သက်နေတဲ့ပုံ။

ကြည့်ရင်းနဲ့ သူမ မြင်ဖူးသလို ရှိလာသည်။

အာရုံများကို စုစည်းစဉ်းစားလိုက်စဉ် ခဏလေးနဲ့ အဖြေပေါ်လာသည်။

ကုံကော်ရှာ ဝယ်ချင်တဲ့ ဦးလေးကြီး ...

သူမကို မြင်ရင် နှုတ်ဆက်လိုက်မယ်ဟု စိတ်ကူးထားသော်လည်း သူမကို မြင်ဟန်မတူ။

မမြင်သည့်အပြင် နေရာမှ ထလိုက်စဉ် ယိမ်းထိုးသွားတဲ့ ခန္ဓာကိုယ်ကြောင့် သူမ စားပွဲကို အားပြုလက်ထောက်လိုက်တာ တွေ့ရသည်။

"ဦးလေး ဘာဖြစ်လို့လဲ၊ မူးလို့လား"

မေးစင်းနေတဲ့ မျက်လုံးများကို မဖွင့်ဘဲ ခေါင်းညိတ်ပြသည်။

နေရာမှ ထပြီး ကမန်းကတန်း တွဲထိုင်စေ၍ ...

"ရရဲ့လား ဦးလေး၊ ကျွန်မမှာ ဆေးပါတယ်၊ ရှူလိုက်နော်"





အိတ်ထဲက ရှူဆေးဘူးကို ပေးရှူလိုက်သည်။

အခုထိ သူမကို မှတ်မိသေးဟန်မတူ။

သေသေချာချာ မကြည့်သေးတာလည်းပါသည်။

ခဏကြာမှ မျက်လုံးများကို ဖြည်းလေးစွာ ဖွင့်ပြီး ...

"ကျေးဇူးပဲကွယ်၊ သွေးတိုးတာထင်တယ်၊ ရာသီဥတုကလည်းပူ၊ စိတ်ထဲကလည်း နှောက်နေတော့"

ဒီလို အသက်အရွယ်တွေမှာ အဖြစ်များတဲ့ ရောဂါပဲ။

"ဩော် ... ပန်းချီဆရာမလေးပဲ"

သူမကို သေသေချာချာ ကြည့်ပြီး မှတ်မိသွားသည်။

သူမလည်း နှစ်လိုစွာ ပြုံးပြလိုက်သည်။

အင်း ... သူမ အဖေသာ ရှိရင် ဒီအရွယ်ထင်ရဲ့။

ဟာ ... ဒီအကြောင်းတွေးရင် ညို့ကို ဆက်သတိရနေဦးမယ် ...

ချက်ချင်း ခေါင်းထဲက ထုတ်ပစ်လိုက်ရသည်။

ကော်ဖီတစ်ခွက်နှင့် သံပရာသီးတစ်လုံး မှာလိုက်ပြီး ...

ကော်ဖီထဲကို နို့မထည့်ဘဲ သံပရာရည် ညှစ်ထည့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါလေး သောက်လိုက်ဦးလေ၊ သွေးကျမကျ မသိပေမဲ့ ခေါင်းတော့ ကြည်သွားမှာပဲ"

ဦးလေးကြီးက ကလေးတစ်ယောက်လို နားထောင်ပြီး သောက်လိုက်သည်။

"ကျေးဇူးပဲကွယ်"

သူမ Lemon coffee က ခေါင်းကြည်ကောင်း ကြည်သွားနိုင်ပေမဲ့ ဦးလေးကြီးရဲ့ မျက်နှာမှာ မကြည်လင်လာခဲ့။

မကြာခင် ကံကြမ္မာဆိုးနဲ့ တွေ့တော့မဲ့ လူတစ်ယောက်လို စိတ်ပျက်အားပျော့စိုးထိတ်နေပုံ။

"ကဲ ... ဦးလေး ဘယ်ပြန်မလဲ၊ ကျွန်မ ပို့ပေးမယ်"

အကောင်းဆုံးက အနားယူသင့်သည်မို့ ပြန်ပို့ပေးရန် ပြောလိုက်သည်။

"အားနာစရာကောင်းနေပြီကွယ်၊ ဒါပေမဲ့ ဦးလေး တစ်ယောက်တည်း ပြန်ဖို့ စိတ်မချလို့ သမီးရဲ့ အကူအညီကို ယူပါရစေနော်"

ဦးလေးကြီး ပြောပြသော လိပ်စာအတိုင်း လိုက်ပို့ပေးစဉ် အိမ်သားဟူ၍ အဒေါ်ကြီးတစ်ယောက်သာ အိမ်မှာ တွေ့ရသည်။





အဒေါ်ကြီးက စိတ်ပူစွာ ကားပေါ်မှာ ကူညီတွဲပြီး အိပ်ခန်းထဲ ပို့ပေးသည်။

"ဒါကြောင့် ပြောတာ၊ အပြင်မထွက်ပါနဲ့လို့၊ ဒီလာတဲ့ ခဏလေးမှာ စိတ်ချမ်းသာအောင် နေပါလားကွယ်၊ ဖြစ်ခဲ့ပြီးတဲ့ ကိစ္စတွေကို ဘာဖြစ်လို့ ပြန်စချင်ရတာလဲ"

ဆွေမျိုးတော်ဟန်တူသည်။

လင်မယားတော့ မဟုတ်။ အစ်မ ဖြစ်နိုင်သည်။

"ကျေးဇူးတင်ပါတယ် သမီးရယ်၊ နောက်တစ်ပတ်ဆို ဩစတေးလျ ပြန်ရတော့မယ်၊ အဲဒါ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်မနေဘူး"

သူမကို ပြောရင်း တစ်လက်စတည်း ဦးလေးကြီးကို လှမ်းဆူသည်။

လှဲနေသည့် ဦးလေးကြီးက ရီးနေပြီထင်။

ဘာမှ ပြန်မပြော ...

သူမကတော့ နွေးထွေးတဲ့ ဆူပူမှုကို ခံယူချင်သူမို့ ကြည်နူးစွာ ပြုံးကြည့်နေမိသည်။

"ဆရာဝန် ပြပေးလိုက်ပါဦးနော်၊ သမီး သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး ... အေးအေးဆေးဆေး လာလည်နိုင်ပါတယ် ကွယ်၊ အခု ဘာမှ ညှော်မခံလိုက်ရဘူး"

ရပါတယ် ... သူမ ပီတိ စားခဲ့ရတာပဲ ...

မွှန်းကျပ်နေတဲ့ သူမကို ခဏလေး ကြည်နူးစေခဲ့တာပဲ။

✻ ✢ ✻





စားစရာအချို့ ဝယ်ပြီး နောက်တစ်နေ့ ဦးလေးကြီး အိမ် ရောက်သွားမိပြန်သည်။

"လာခဲ့ သမီး၊ သမီး ဦးလေး နေကောင်းနေပါပြီ၊ ဆရာဝန်က နားခိုင်းထားလို့ အပြင်တော့ မထွက်ရဲသေးဘူး"

အဒေါ်ကြီးက သူမကိုရင်းနှီးရွှေးဆွေးစွာ ကြိုဆိုသည်။

ဦးလေးကြီးကိုလည်း ဒရင်းဘက်ပေါ်တွင် စာဖတ်လျက် လန်းလန်းဆန်းဆန်း တွေ့ရသည်။

"အားနာစရာ သမီးရယ်၊ မုန့်တွေ မလိုပါဘူး"

"မဟုတ်တာ ဦးလေးရယ်၊ သမီး မိဘအရွယ်တွေပဲ၊ သမီးမှာလည်း မိဘတွေ မရှိတော့ ကိုယ်စား ကန်တော့တယ်လို့ သဘောထားပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



မိဘဆိုတဲ့ စကားလုံးကို လွှမ်းလွှမ်းဆွေးဆွေး ပြောလိုက်ရခြင်းဖြစ်သလို နားထောင်နေတဲ့ ဦးလေးကြီး မျက်နှာကလည်း ကြေကွဲဝမ်းနည်းသွားသည်။

"မိဘ ... ဦးလေးမှာ ဖခင်ဇာစ်ယောက်ဖြစ်ဖို့ ကံမပါလာပါဘူးကွယ်"

နာနာကြည်းကြည်း ညည်းညူလိုက်သံကို ပီပီသသကြားလိုက်ရသည်။

အဒေါ်ကြီးက လှမ်းတားသည်။

ဦးလေးကြီးက ဖတ်လက်စ စာအုပ်ကို ရင်ဘတ်ပေါ် တင်ထားပြီး ဆွေးဆွေးငေးငေး ပြောနေခြင်းဖြစ်သည်။

ခုချိန်မှာ သူမမှမဟုတ် ကလေးတစ်ယောက်ကို- တောင် ပြောလို့ရရင် ပြောပြီး စိတ်သက်သာရာရအောင် လမ်းစ ရှာနေသူနှယ် ...

အဒေါ်ကြီးက စိတ်ပျက်စွာ ခေါင်းကို ခါယမ်းပြီး သူမအတွက် တစ်ခုခု စီစဉ်ပေးရန် အထဲဝင်သွားသည်။

သူမကတော့ လှဲနေတဲ့ ဦးလေးကြီး ဘေးမှာ ခုံတစ်ခုဆွဲ၍ ထိုင်လိုက်သည်။





မျက်မှန်တပ်ထားရင် ပိုကြီးတယ်လို့ ထင်ရပေမဲ့ မျက်မှန်တပ်ထားရင် ပိုခန့်ပြီး ကြည့်ကောင်းသယောင်။

မျက်မှန် မတပ်ထားသော ငယ်ငယ်က ဓာတ်ပုံကြည့်စင်ခဲ့ဟန်တူသော မျက်လုံးများက အရောင်ဖျော့ပြီး ဆွေးရိပ်သမ်းလျက်ရှိရာ အဘိုးအိုကြီးနဲ့ ပိုတူနေသည်။

"ဦးလေး"

အတိတ်ထဲ စီးမျောနေပုံရ၍ အသံမြှင့်ပြီး ခေါ်လိုက်သည်။

သူမကို ကရုဏာမျက်လုံးများနှင့် လှည့်ကြည့်သည်။

ဒီမျက်ဝန်း ...

ဘုရားရေ ... ညို့ မျက်ဝန်းတွေနဲ့ တူလိုက်တာ။

ဒီလို အညိုရောင် အရိပ်တွေ ရှိနေတတ်တဲ့ မျက်ဝန်း မျော့မျော့မျိုး ညို့မှာလည်း ရှိသည်။

ယော ... ကော်ပါရဲ့ ...

ကြည့်သမျှ မြင်သမျှ ညို့ကိုချည်း သူမ မြင်ယောင်နေတာကိုး ...

"ဦးလေးမှာ သားသမီး မရှိဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဒီအရွယ် လူပျိုကြီးမဟုတ်လျှင် သားသမီး ရှိနိုင်တဲ့ အရွယ်မျိုးဖြစ်၍ မေးလိုက်ခြင်းပင်။

ဦးလေးကြီးက ရီဝေနွမ်းလျစွာ ပြုံးပြီး …

"ရှိတယ်၊ သားတစ်ယောက် ရှိတယ်၊ ဒါပေမဲ့ …"

မဆက်သေးဘဲ ခက်ခဲပင်ပန်းစွာ သက်ပြင်းချပြန်သည်။

အတော်သက်ပြင်းချသန်သော ဦးလေးကြီးပင်။

"ဒါပေမဲ့ သားက ဦးကို အဖေလို့ အသိအမှတ် မပြုသေးဘူး"

အလိုလေး ဒီလို ဆန်းကြယ်တဲ့ ကိစ္စတွေလည်း ရှိသေးတာကိုး …

စူးစမ်းစမ်းစုစွာ ဆက်နားထောင်နေလိုက်သည်။

"သူ မမွေးခင်မှာ ဦးက နိုင်ငံခြားထွက်ပြီး အလုပ်လုပ်ခဲ့တယ်၊ ဟိုရောက်ပြီး တစ်နှစ်လောက်အကြာ သားလသား အရွယ်လောက်မှာ သူ့အဘိုး ဦးယောက္ခမဆီက ဖောက်ပြန်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့အတူ ကွာရှင်းစာ လှမ်းတောင်းတယ်၊ ဦးလည်း မဖောက်ပြန်ခဲ့ပါဘူး၊ ဒါပေမဲ့ ဟိုမှာက မိန်းမ ယောကျ်ား ခွဲခြားတာမျိုး သိပ်မရှိတော့ မိတ်ဆွေအမျိုးသမီး





တွေနဲ့ တွဲသွားတွဲလာတာမျိုးတော့ ရှိတာပေါ့၊ အဲဒီ တစ်နှစ်လောက်မှာ အလုပ်က မကောင်းကော့ စားစရိတ်၊ နေစရိတ်လောက်ပဲ ရတယ်၊ အိမ်ကို ပိုက်ဆံမပို့နိုင်ဘူး"

ရိုးအီနေတဲ့ ကိစ္စမျိုးတွေပဲ …

"အဆင်မပြေတဲ့ကြားထဲ ယောက္ခမအပြင် မိန်းမကပါ စွပ်စွဲလာတယ်၊ ဖောက်ပြန်နေလို့ ပိုက်ဆံမပို့တာပါဆိုပြီး တော့လေ၊ ပြီးတော့ သူကပါ ကွာရှင်းခွင့်တောင်းတယ်၊ ငယ်သေးတော့ ဒေါသရော မာနနဲ့ပါ ထူပူပြီး ကွာပေး လိုက်တယ်"

အနေဝေးရင် ဒါမျိုး ဖြစ်တတ်တာပဲလေ။ နားလည် ခွင့်လျှော့ကျက်တဲ့ လူမျိုးတွေပဲ တောင့်ခံနိုင်မှာပေါ့။

"ဦးဘက်က ပိုခံပြင်းတာက ကွာပေးပြီး တစ်နှစ်တောင် မပြည့်သေးဘူး သူ နောက်အိမ်ထောင် ပြုလိုက်တယ်၊ သားကို တွေ့ချင်ပေမဲ့ သူတို့ အသိုင်းအဝိုင်းကို မတွေ့ချင် တော့ဘူး၊ ဒီယုန်မြင်လို့ ဒီချုံထွင်တာပဲဆိုပြီး စိတ်နာခဲ့ တယ်၊ ဟိုမှာပဲ ဆက်နေပြီး ဟိုနိုင်ငံသား မြန်မာအမျိုးသမီး တစ်ယောက်နဲ့ အိမ်ထောင်ပြုခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကြီးနဲ့ သူမအတွက် အဒေါ်ကြီးက အအေးနှစ်ခွက် လာချပေးသည်။

ပြီးတော့ ခပ်လှမ်းလှမ်းမှာ သိုးမွေးသွားထိုးနေသည်။ သူ့မောင်ရဲ့ ခတ်ပြားယောင်းကို ရှောင်တာဖြစ်မည်။ သူမအတွက်ကတော့ ခတ်ပြားသစ်ဆိုတော့ စိတ်ဝင်စားစရာ။

"အဲဒါ အမှားတွေချည်းပဲ သိလား သမီး၊ ကိစ္စတစ်ခုကို စုံစမ်းစစ်ဆေးခွင့်လည်းမရ။ ရေခြားမြေခြားမှာ ဘဝအဖော်တွေနဲ့ ဒေါသနဲ့ ဆုံးဖြတ်ခဲ့တာတွေက အမှားချည်းပဲ"

သူ့အဖြစ်ကို သူ သုံးသပ်ဆင်ခြင်ပြဟန်နဲ့ လေသံကို မြှင့်ပြီး ခပ်တင်းတင်းနဲ့ လေးလေးနက်နက် ပြောနေသည်။

"ဘာဖြစ်လို့ အမှားတွေလို့ ပုံသေပြောရတာလဲ၊ အဲဒီအချိန်မှာ လူတိုင်း ဒီလို ဆုံးဖြတ်မိမှာပဲလေ၊ အဲဒါ အမှားဟုတ်ပါ့မလား"

အလွယ်တကူ လက်ခံလေ့မရှိသည့် သူမအကျင့်အတိုင်း နှစ်သိမ့်ပေးရ၍ ရောက်သည့်စကားနှင့် ဆန့်ကျင်နှစ်သိမ့်ပေးလိုက်သည်။





"အမှားတွေပေါ့၊ အမှားတွေဆိုတာ နှစ်ပေါင်းဆယ်နှစ်ကျော်မှ ရောက်လာတဲ့ စာတစ်စောင်ကြောင့် သိခဲ့ရတယ်လေ"

"အဲဒီစာက ဘယ်သူ ပို့တာမို့လို့လဲ၊ ဘယ်လောက်ကော မှန်နိုင်မှာလဲ"

ဦးလေးကြီဘက်က ပြောပြရန် ဝန်မလေးသလို သူမကလည်း စပ်စုစိတ် ပြင်းထန်စွာ ...

"အဲဒီစာက သားရဲ့ နောက်ဖခင်ဆီကဗျာ၊ မေ့ရဲ့ ဒုတိယ ခင်ပွန်းဆီကပေါ့"

ဘာတွေ မှားနေတာလဲ ...

ဘာကြောင့်လဲ ဆိုတာကတော့ Personal သိပ်ဆန်လွန်း၍ ဆက်မမေးတော့။

နာကျင်ကြေကွဲစရာ အတိတ်ကို ပြန်တူးဆွနေရတဲ့ ဦးလေးကြီးကိုလည်း အားနာကရုဏာသက်၍ ဆက်မမေးဖြစ်။

"သမီးရဲ့ ပန်းချီကားထဲက ကုံကော်ပင်လေးက သားအိမ်က အပင်လေးနဲ့ သိပ်တူတာပဲ၊ ဦးလေး အဲဒီခြံကို မဝင်ခင် ချီတုံချတုံနဲ့ စဉ်းစားပြီး ခြံရှေ့မှာ ရှိနေတုန်း အဲဒီကုံကောင်ပင်ကို ခဏခဏ လှမ်းကြည့်ရင်း မှတ်မိနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပင်လုံးကျွတ် ဖွေးနေတဲ့ ကံ့ကော်ပင် နိမိတ်ကို ယူပြီး သားကို ဝင်တွေ့ခဲ့တာ"

သူမ ရင်တွေ ခုန်လာသည်။

ဒါ ... ဒါ ... တိုက်ဆိုင်တာပါ။

"ဦးလေးသားက ..."

"ညိုမင်းသွင်တဲ့"

သူမ သောက်နေတဲ့ အအေးခွက်လေး လွတ်ကျကွဲကြေသွားသည်။

ညို ... ညို ... တဲ့။

သူမ ပြေးထွက်နေပေမဲ့ ညို့ စက်ကွင်းက မလွတ်နိုင်ပါလား ...။

* ✣ *





"ကိုဝင်းနောင် ...

ကျွန်တော် စာရေးဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်။ အကြိမ်တိုင်း မေမေကြည်ကြောင့် မရေးဖြစ်ခဲ့ဘူး။

ဒီတစ်ခါတော့ ရေးမှဖြစ်မဲ့ အခြေအနေမို့ ရေးလိုက်ရပါတယ်။

ကျွန်တော်တို့ လက်ထပ်ဖြစ်တာက မေမေကြည် အမေကြောင့်ပါ။ ကိုဝင်းနောင်တို့ အိမ်ထောင်ပြိုကွဲရတာလည်း သူ့ကြောင့်ပါပဲ။ အခုမှ ဘာဖြစ်လို့ ပြောရတာလဲလို့ ခင်ဗျား ထင်ချင်ထင်လိမ့်မယ်၊ အခုမှ သူ ဆုံးသွားလို့ပါ။ သေသွားတဲ့သူ တစ်ယောက်ရဲ့ အတင်းကို အခုမှ ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောရတာလဲလို့ ခင်ဗျား ထင်ချင်ထင်လိမ့်မယ်၊ ဒါပေမဲ့ အဲဒီအတိုင်းပါပဲ၊ ခင်ဗျား သိတဲ့အတိုင်း သူ့စက်ရုံထဲမှာ လူလွှတ်ပဲ ခန့်မယ်ဆိုလို့ ကျွန်တော် အိမ်ထောင်ရှိတာကို ဖုံးထားပြီး လူလွှတ်တစ်ယောက်လို့ ပြောပြီး အလုပ်ဝင်ခဲ့တယ် ...

ကျွန်တော့်ကို သူ အရမ်းသဘောကျတယ်၊ ဂရုလည်းစိုက်တယ်၊ အဲဒီ အချက်ကြောင့် ကျွန်တော်တို့ အားလုံး မဖြစ်သင့်တာတွေ ဖြစ်ခဲ့ကြတာပဲ ...

ခင်ဗျားနဲ့ မေမေကြည်ကို ကွဲအောင် သူ လုပ်နိုင်ခဲ့တယ်၊ ကျွန်တော့်ကို ကြိုထုတ်ပေးထားတဲ့ လခတွေအတွက်တော့ မေမေကြည်နဲ့ ကျွန်တော့်ကို ပေးစားခဲ့တယ်၊ အဲဒီအချိန်မှာ သူ့မှာ အသည်းကင်ဆာဖြစ်နေလို့ ရောဂါသည် တစ်ယောက်ရဲ့ တောင်းဆိုမှုကို ကျွန်တော်တို့ မငြင်းနိုင်ခဲ့ဘူး၊ ကျွန်တော့် မိန်းမကို နားလည်အောင် ရှင်းပြပေမဲ့ မိန်းမလေ၊ ဘယ်သည်းခံနိုင်ပါ့မလဲ၊ ကျွန်တော့်ဆီက ကွာရှင်းခွင့်တောင်းခဲ့တယ်၊ သူဆုံးသွားရင် ကျွန်တော့်ကို





သင့်တော်တဲ့ အရင်းအနှီးထုတ်ပေးပြီး ကွာပေးပါ့မယ်လို့ မေမေကြည်က ပြောတယ် ...

သူ့စေတနာလည်း သိပ်သနားဖို့ ကောင်းပါတယ်၊ ကျွန်တော့်အပေါ် မိတ်ဆွေကောင်းတစ်ယောက်လို ဆက်ဆံခဲ့သလို ကျွန်တော်ကလည်း ခင်ဗျား သားကို သားအရင်းလို သဘောထားခဲ့ပါတယ်၊ ပြီးတော့ သားလေးက ကျွန်တော့်သမီးနဲ့ ရွယ်တူဆိုတော့ သမီးကို သတိရတိုင်း အတိုးချချစ်ရတာပေါ့ ...

ကျွန်တော်တို့ ဘယ်နှနှစ် အလိမ်ခံခဲ့ရသလဲ သိလား၊ သူ့ရဲ့ အသည်းကင်ဆာ ရောဂါဆိုးကြီးက သူ့ကို အကြာကြီး အသက်ရှင်ခိုင်းခဲ့တယ်၊ အခု သူ ဆုံးသွားတော့ ဦးနှောက်သွေးကြောပြတ်တာတဲ့ ...

အခု ကျွန်တော် ကျွန်တော့် မူလမိသားစုဆီကို ပြန်တော့မယ်၊ မေမေကြည်ကလည်း ကျေကျေနပ်နပ် ခွင့်ပြုပါတယ်၊ ကျွန်တော် သူတို့ဆီက ဘာမှ မယူခဲ့ပါဘူး၊ ကျွန်တော့်ကို ဂရုစိုက်ပေးတဲ့ မေမေကြည်နဲ့ သားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နွေးထွေးခဲ့ပါတယ်၊ သူတို့အတွက်လည်း နွေးထွေးတဲ့မိသားစုလေး လိုအပ်ပါလိမ့်မယ် ...

ကိုဝင်းနောင် သူတို့ဆီ ပြန်လိုက်ပါ ...

သူတို့ မျှော်နေကြလိမ့်မယ် ...

ဦးမြမင်း"

* ✣ *





တစ္ဆက်လေးက ဝါကျင်ကျင်နဲ့ မင်ရောင်တချို့လည်း ပြန့်လျက် ...

ဒါပေမဲ့ ဒါ ... သူမ အဖေရဲ့ တစ်ခုတည်းသော လက်ရေးနဲ့ ပုံရိပ်တွေပဲ ...

"ဦးလေး ချက်ချင်း ပြန်မလာနိုင်လို့ ဒီမှာရှိတဲ့ ဦးလေး အစ်မကို စုံစမ်းခိုင်းခဲ့တယ်၊ ဒါပေမဲ့ ကိုမြမင်း ဆုံးသွားပြီး သူတို့လည်း ချက်ချင်း ပြောင်းသွားကြတယ်လို့ ပြောတယ်၊ ဘယ်ပြောင်းမှန်းမသိတော့ဘူး၊ လွန်ကုန်ပြီလေ၊ ဦးလေးမှာ မိန်းမရှိနေပြီဖြစ်လို့ သူတို့ဆီကို လုံးဝ ပြန်လာလို့မရတော့ဘူး၊ အခု အသက်ကြီးမှ သားကို တွေ့ချင်လာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သားရဲ့ အဖေလို့ ခေါ်သံကို ကြားချင်လာတယ်၊ သားက အခုချိန်ထိ ကိုမြမင်းကိုပဲ သူ့အဖေလို့ ထင်ထားတာ”

ညို ဘာမှ မသိဘူးပေါ့ ...

“ဒါပေမဲ့ မနေ့က သားနဲ့ တွေ့တယ်၊ သားက ဦးကို တွေ့ချင်လို့တဲ့”

မနေ့က ဦးလေးကြီး သွေးတိုးရတဲ့အကြောင်းရင်းက ဒါကိုး ...

“ညို လက်ခံလား ဦးလေး”

ဦးလေးကြီးက ခွင့်လွှတ်နားလည်သော အပြုံးမျိုးဖြင့် ...

“ချက်ချင်းကြီး သူ လက်ခံလို့ မရသေးဘူးတဲ့၊ ဦးလေးနားလည်ပါတယ်၊ သားအတွက် အပြောင်းအလဲကို ရုတ်တရက် ဘယ်လက်ခံနိုင်ပါ့မလဲ၊ မေမေကြည်ကတော့ ဦးကို ခုထိ ခွင့်မလွှတ်သေးဘူး”

ဒီလိုပဲ ဦးမြမင်းရဲ့ သမီးကလည်း ဒေါ်မေမေကြည်တို့သားအမိကို ခွင့်မလွှတ်ခဲ့ပါဘူး။

ဒါပေမဲ့ ...





အဲဒါတွေက အမှားတွေတဲ့ ...

အဖေ့စာက အမှန်တွေတဲ့ ...

အဖေက သူမတို့ဆီ ပြန်အလာမှာ မေမေ စီးလာတဲ့ကားနဲ့ ကားချင်းတိုက်ပြီး ဆုံးသွားခဲ့တာတဲ့။

ဒါကြောင့် မေမေ ဆုံးတဲ့ရက်နဲ့ ဖေဖေဆုံးတဲ့ရက် တူနေတာကိုး ...

ခုလောက်ဆို မေမေ သူ့ဆီ ပြန်လာတဲ့ ဖေဖေ့ကို ခွင့်လွှတ်ပြီး ဘုံတစ်ခုမှာ ဆုံနေကြပြီပေါ့။

သူမတစ်ယောက်တည်း အမှန်းတရားတွေနဲ့ ရစ်ပတ်နှောင်ဖွဲ့လျက် ရှိနေခဲ့တာပါလား ...

“သမီးနဲ့သား သိပ်ရင်းနှီးကြလား”

ရင်းနှီးတာပေါ့။

သိပ်ရင်းနှီးတာပေါ့။ သူမ ဖန်တီး အကွက်ဆင်ခဲ့တာပေါ့။

သူမ ရင်ထဲ အရင်ကထက် အဆပေါင်းများစွာ ပူလောင်ကျွမ်းမြည့်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



ဦးလေး ပြောသလို လုပ်ချင်တာကို လုပ်လိုက်လို့ ရတဲ့ နောင်တက မလုပ်ချင်တာကို လုပ်လိုက်ရလို့ ရတဲ့နောင်တ ထက် ပိုကျေနပ်စရာကောင်းတယ် ဆိုပေမဲ့ ...

အဲဒီနောင်တက ပိုပြီး တာဝန်ကြီးပြီး ပိုပြီး ယူကျုံးမရဖြစ်တယ်ဆိုတာ ...။

* ⁘ *



"သွားလိုက်ပါ အိပ်မက်၊ အဲဒီမှာ ညို ရှိနေတယ်၊ အိပ်မက် ရဲ့ မောင် အိပ်မက်ကို စောင့်နေပါတယ်"

အိပ်မက်က သူမကို မယုံကြည်နိုင်တဲ့ မျက်ဝန်းဝိုင်းလေးနဲ့ ကြည့်ပြီး ...

"ခုလို ရှင်းပြပေးတာ ကျေးဇူးတင်ပါတယ် မကြာခင်တွေ့မယ်"

လှုပ်လီလှုပ်လဲ့ ကောင်မလေး ကားပေါ်မှ ဆင်းသွားသည်။

အဲဒီဆိုင်လေးမှာ ညို့အတွက်ရော အိပ်မက်အတွက်ပါ သူမ ကော်ဖီ စပ်ပေးထားသည်။

ကဲ့ကော်ရှာကို ညို့အတွက် လက်ဆောင်ပေးထား သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကြီးအတွက် ညို့ရဲ့ အဖေခေါ်သံကို လက်ဆောင်ပေးဖို့ တောင်းဆိုထားသည်။

သူမအတွက်တော့ ...

ရင်နာစရာတွေ၊ နာကြည်းစရာတွေ၊ မုန်းတီးစရာတွေ အားလုံး မရှိတော့ ...

လွမ်းဆွတ် တမ်းတစရာကိုတော့ တိတ်တိတ်လေး သိမ်းဆည်းထားမည်။

အဲဒါလေးနဲ့ သူမ ဆက်ရှင်နေမည်။

အားလုံးနဲ့ ဝေးတဲ့ တစ်နေရာမှာ သူမ ပုန်းခို အသက်ရှင်နေဦးမည်။

ညို ... လို့ သူမ စပ်တိုးတိုး ခေါ်တိုင်း နွေးထွေးသွားတဲ့ ခံစားမှုကို သူမအဖော် ပြုရင်းပေါ့ ...။

ဒိုမာဆန်

20-3-06



www.burmeseclassic.com